ကြေးမုံ
The Mirror Daily
မှန်ကန်ကြောင်းအမှန်တရားအတွက် အမြဲတမ်းထုတ်ဝေသော သတင်းစာ  Established in 1957

## လောကကို ထွန်းလင်းတောက်ပ

မိမိပြုခဲ့သော မကောင်းမှုအကုသိုလ်ကံကို ကုသိုလ်ကံဖြင့် ဖုံးအုပ်ဖြေဖျောက်နိုင်၏။ ထိုသို့ပြုနိုင်သူသည် တိမ်တိုက်မှ လွတ်မြောက်လာသော လကဲ့သို့ ဤလောကကို ထွန်းလင်းတောက်ပစေ၏။ (ကောင်းမှုကုသိုလ်ပြုနိုင်ရန် မိတ်ကောင်းဆွေကောင်းရှိရန် လိုအပ်ပေရာ မိတ်ကောင်းဆွေကောင်းများနှင့် ပေါင်းသင်းဆက်ဆံနိုင်အောင် ကြိုးစားအားထုတ်သင့်၏)

လောကဝဂ်(ဓမ္မပဒ-၁၇၃)

၁၃၈၁ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၈ ရက်၊ တနင်္လာနေ့။  Monday 21 October 2019  ၉၈၀၉

### ကြေးမုံ ယနေ့ ဖတ်စရာ

နီပေါနိုင်ငံ၊ သမ္မတ မစ္စစ် ဘီဒီယာ ဒေဗီ ဘန်ဒါရီ မြန်မာနိုင်ငံသို့ ချစ်ကြည်ရေး ခရီးစဉ် လာရောက်ခဲ့ခြင်းနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ချက်
စာမျက်နှာ » ၄

ခေါင်လန်ဖူး ပညာရေးနှင့် ခယောင်းလမ်းမှာ ပွင့်သောပန်း(၃)
စာမျက်နှာ » ၆

ကမ္ဘာ့ပိုလီယိုနေ့ အထိမ်းအမှတ် မန္တလေးကျုံးတစ်ပတ် လူထုစုပေါင်း စက်ဘီးနင်းပွဲကျင်းပ
စာမျက်နှာ » ၉

ခြေလျင်တောင်တက်ခြင်း အကျိုးများ
စာမျက်နှာ » ၁၀

နိုင်ငံခြားရင်းနှီး မြှုပ်နှံမှုလုပ်ငန်းကြီးများ ဝင်ရောက်ရန် အလားအလာရှိ
စာမျက်နှာ » ၁၆

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဂျပန်ဧကရာဇ် နာရူဟီတို၏ ထီးနန်းတက်ပွဲအခမ်းအနား တက်ရောက်ရန် ဂျပန်နိုင်ငံသို့ ရောက်ရှိ



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့်အဖွဲ့အား ဂျပန်နိုင်ငံဝန်ကြီးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ် Mr. Hiroto Izumi နှင့် တာဝန်ရှိသူများက ဟာနီဒါအပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြစဉ်။

**တိုကျို အောက်တိုဘာ ၂၀**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ဂျပန်အစိုးရ၏ ဖိတ်ကြားချက်အရ ဂျပန်ဧကရာဇ် နာရူဟီတို၏ ထီးနန်းတက်ပွဲအခမ်းအနားသို့ တက်ရောက်ရန် ယနေ့နံနက် ၈ နာရီခွဲတွင် အထူးလေယာဉ်ဖြင့် နေပြည်တော်မှ ထွက်ခွာရာ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသူ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်နှင့် ဇနီး၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး Mr. Ichiro Maruyama နှင့် တာဝန်ရှိသူများက နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

**တာဝန်ရှိသူများ လိုက်ပါ**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အတူ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆက်အောင်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ လိုက်ပါသွားကြသည်။

**ရောက်ရှိ**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ဒေသစံတော်ချိန် နံနက် ၁၀ နာရီ မိနစ် ၂၀ တွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့သို့ ရောက်ရှိကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❂



ကြေးမုံ

## ထိခိုက်ဆုံးရှုံးမှုနည်းအောင် ခိုင်ခံ့စွာတည်

ရာသီဥတုဆိုင်ရာ သဘာဝဘေးများကြောင့် ပြီးခဲ့သည့်နှစ်က ကမ္ဘာ့ပြည်သူ ၁၇ ဒသမ ၂ သန်းခန့်သည် မိမိတို့၏ နေရပ်ဒေသများကို စွန့်ခွာခဲ့ကြရသည်။ ဖွံ့ဖြိုးမှုနှေးကွေးသောနိုင်ငံများတွင် သဘာဝဘေးကြောင့် ထိခိုက်ဒဏ်ရာရရှိမှုများ၊ နေအိမ်ဆုံးရှုံးမှုများ၊ နေရပ်စွန့်ခွာရမှုများ၊ အရေးပေါ်အကူအညီလိုအပ်မှုများမှာ ဖွံ့ဖြိုးပြီးနိုင်ငံများထက် ခြောက်ဆခန့်ပိုမိုများပြားကြောင်း သိရသည်။ သဘာဝဘေးအန္တရာယ်များကြောင့် ဆင်းရဲနွမ်းပါးသူများ၏ ဘဝများမှာ နာလန်မထူနိုင်အောင် ဖြစ်ကြရသည်။

ထိုအရေးကိုကြိုတင်မျှော်တွေး၍ ၂၀၀၉ ခုနှစ်ကပြုလုပ်ခဲ့သည့် ကမ္ဘာ့ကုလသမဂ္ဂအထွေထွေညီလာခံ၏ ဆုံးဖြတ်ချက်အရ နှစ်စဉ် အောက်တိုဘာ ၁၃ ရက်တွင် အပြည်ပြည်ဆိုင်ရာသဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့ချရေးနေ့ အထိမ်းအမှတ်အခမ်းအနားများကို နိုင်ငံအလိုက်ကျင်းပပြီး ထိခိုက်ဆုံးရှုံးမှုလျှော့ကျရေးအတွက် ဆော်ဩပေးလျက်ရှိသည်။ အောက်တိုဘာ ၁၈ ရက်က နေပြည်တော်တွင် ကျင်းပသော ထိုအခမ်းအနားသို့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် တက်ရောက်ပြီး "ဘာပဲဆောက်ဆောက် ခိုင်အောင်ဆောက်ပေးကြပါ။ ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးမှုလျှော့ချပေးနိုင်အောင်ဆိုတဲ့ အသိအမြင်လေးနဲ့ တည်ဆောက်ပေးကြပါ"ဟု တိုက်တွန်းပြောကြားခဲ့သည်။

ကမ္ဘာပေါ်တွင် ဖြစ်ပေါ်လေ့ရှိသော သဘာဝဘေးအန္တရာယ်အမျိုးမျိုးအနက် မြန်မာနိုင်ငံအနေဖြင့် နှစ်စဉ်နှစ်တိုင်း လေပြင်းမုန်တိုင်းနှင့် ရေကြီးရေလျှံ၊ မြေပြိုမှုဖြစ်စဉ်များ အများဆုံးကြုံတွေ့နေရသည်။ မြန်မာနိုင်ငံတွင် မြို့ပြဒေသများနှင့် အဆောက်အဦအခြေအနေများအရ ထိခိုက်ဆုံးရှုံးမှုအများဆုံးဖြစ်နိုင်ခြေရှိသည့် သဘာဝဘေးအန္တရာယ်များ၌ ငလျင်ဘေးပါဝင်သည်ကို နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ပြောကြားချက်များတွင် မီးမောင်းထိုး အသိပေးထားသည်။

မြန်မာနိုင်ငံတွင် လူဦးရေထူထပ်ပြီး မြို့ပြဖွံ့ဖြိုးမှု မြန်ဆန်နေသည့် ရန်ကုန်၊ မန္တလေး၊ နေပြည်တော်၊ ပဲခူး စသည့်မြို့ကြီးများသည် ငလျင်ကြောပေါ်တွင် တည်ရှိနေပြီး အားလတ်ဇုန်နှင့် အားပြင်းဇုန်များပေါ်တွင် ကျရောက်လျက်ရှိသည်။ ထိုမြို့ကြီးများတွင် တည်ဆောက်ထားသော အဆောက်အဦများတွင် အချို့အဆောက်အဦများမှာ ဟောင်းနွမ်းနေပြီး အချို့မှာ ကြံ့ခိုင်မှုအားနည်းနေသည်ကို လေ့လာကြည့်လျှင် တွေ့မြင်နိုင်မည်ဖြစ်သည်။ ထို့ကြောင့် အသစ်တည်ဆောက်သည့် အဆောက်အဦများကို ဘေးဒဏ်ခံနိုင်ရည်ရှိအောင် တည်ဆောက်ကြဖို့၊ လက်ရှိအဆောက်အဦများကိုလည်း ဘေးအန္တရာယ်ကနေ ထိခိုက်ဆုံးရှုံးမှုလျော့နည်းအောင် ကာကွယ်ကြဖို့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က တိုက်တွန်းထားသည်။

ငလျင်ဘေးအန္တရာယ်အတွက် အသိပညာပေးလုပ်ငန်းများ၊ ဇာတ်တိုက်လေ့ကျင့်မှုများကို ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်ထားရန်လိုအပ်သည်။ ငလျင်နှင့်ပတ်သက်၍ ထိခိုက်ဆုံးရှုံးမှု ကြီးကြီးမားမားမဖြစ်သေး၍ ပေါ့ပေါ့ဆဆမနေသင့်ပေ။ မည်သည့်အတိုင်းအတာဖြင့် မည်သည့်နေရာတွင် မည်သည့်အချိန်အခါ၌ ကျရောက်လာမည်ကို ခန့်မှန်း၍မရနိုင်သော ငလျင်ဘေးကို ကြိုတင်ပြင်ဆင်ဆောင်ရွက်ခြင်းဖြင့် ထိခိုက်ဆုံးရှုံးမှုနည်းပါးအောင် ပြုလုပ်ထားရမည်ဖြစ်သည်။

လူအများ နိစ္စဓူဝသွားလာနေထိုင်ကြသည့် စာသင်ကျောင်းများ၊ ဆေးရုံနှင့် အခြေခံအဆောက်အဦများသာမက မြို့ပြလူနေအဆောက်အဦများအား ဘေးဒဏ်ကြံ့ကြံ့ခံနိုင်အောင် တည်ဆောက်ထားဖို့ လိုအပ်သည်။ ဘေးဒဏ်ခံနိုင်သော အဆောက်အဦဖြစ်မှသာ လူအများ၏အသက်ကို ကယ်တင်နိုင်မည့်အပြင် ဘေးဖြစ်ပြီးချိန်၌လည်း လုပ်ငန်းများကို ဆက်လက်လုပ်ကိုင်နိုင်မည်ဖြစ်သည့်အတွက် ထိခိုက်မှုများနှင့်ဝန်ဆောင်မှုများကို ထိထိရောက်ရောက်လုပ်ကိုင်ပေးနိုင်မည်ဖြစ်သည်။

သို့ဖြစ်ရာ သဘာဝဘေးအန္တရာယ်အမျိုးမျိုးတွင် ထိခိုက်ဆုံးရှုံးမှုအများဆုံးဖြစ်နိုင်သည့် ငလျင်ဘေးနှင့် ကြုံတွေ့ရပါက ထိခိုက်ဆုံးရှုံးနိုင်ခြေလျော့နည်းစေရေးအတွက် အရေးကြီးဆုံးအချက်ဖြစ်သည့် အဆောက်အဦများ ခိုင်ခံ့ရေးကို ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားနိုင်ရန် အသိပေးနှိုးဆော်တိုက်တွန်းပါသည်။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

## ရွှေတိဂုံစေတီတော်မြတ်ကြီးအား ရွှေသင်္ကန်းတော်ကပ်လှူခြင်းဆိုင်ရာ နည်းပညာအလုပ်ရုံဆွေးနွေးပွဲ ဒုတိယနေ့ဆက်လက်ကျင်းပ



**နေပြည်တော် အောက်တိုဘာ ၂၀**

ရွှေတိဂုံစေတီတော် ရွှေသင်္ကန်းတော်ကပ်လှူပူဇော်ခြင်းဆိုင်ရာ နည်းပညာအလုပ်ရုံဆွေးနွေးပွဲ ဒုတိယနေ့ကို ယနေ့နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့ရှိ ရန်ကုန်တက္ကသိုလ် ဝိဇ္ဇာခန်းမ၌ ဆက်လက်ကျင်းပသည်။

အခမ်းအနားတွင် ရွှေလွှာတင်ခြင်းနည်းပညာ၊ လျှပ်စစ်သုံးရွှေလွှာနည်းပညာ၊ ရွှေစင်ပြားနှင့် မျက်ပါးရွှေကပ်ခြင်းနည်းပညာ၊ ရွှေစင်ပြားနှင့် မျက်ပါးရွှေထုတ်လုပ်ခြင်းနည်းပညာ၊ ရွှေပြားကပ်သည့်နေရာ၌ အသုံးပြုသော ပစ္စည်းများအပေါ်တွင် ရာသီဥတုနှင့် သဘာဝပတ်ဝန်းကျင်သက်ရောက်မှု ခေါင်းစဉ်များဖြင့် စာတမ်းရှင်များက ဖတ်ကြားခြင်းနှင့် တက်ရောက်လာကြသူများက မေးမြန်းဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ကြသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးကြည်မင်းက ရွှေသင်္ကန်းဆက်ကပ်လှူဒါန်းခြင်း နည်းလမ်းများသည် အလွန်သိမ်မွေ့ပြီး ယခုအချိန်မှာ ရွှေသင်္ကန်း ဆက်ကပ်လှူဒါန်းခြင်းနည်းစနစ်များကို အဆင့်မြှင့်တင်ရန်အတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ယခုအလုပ်ရုံဆွေးနွေးပွဲတွင် ပြည်ပနိုင်ငံခြားသား စာတမ်းရှင် လေးဦး အပါအဝင် စာတမ်းရှင် ၂၅ ဦးတို့က စေတီတော်၏ အောက်ခံကြေးပြားနှင့် ရွှေပြားကြားတွဲစပ်ကပ်ရာတွင် အသုံးပြုသည့်ကော်၏ တွဲစပ်စွဲမြဲမှုနည်းပါးခြင်းနှင့် နှစ်ကာလ အနည်းငယ်အတွင်း ကွာကျမှုများကြောင့် အဆင့်မြင့်ကော်များနှင့် နည်းပညာမြင့်ကော်ကပ်ခြင်းများကို လုပ်ဆောင်သင့်သည်ဟု ဆွေးနွေးခဲ့ကြပါကြောင်း၊ ထို့အပြင် သတ္တုများကို ကော်ကပ်ခြင်း၊ စွဲမြဲခြင်း၊ ရွှေနှင့်ပတ်သက်သည့် ပေါ်လီမာများကို အသုံးပြုခြင်း၊ ရွှေရည်၊ သတ္တုရည်စိမ်ခြင်းများနှင့် ပတ်သက်၍ နည်းပညာပိုင်းဆိုင်ရာများ၊ ကြေးနီများနှင့် ပတ်သက်၍ လျှပ်စစ်စီးဝင်နိုင်သော ရွှေရည်စိမ်ခြင်းပညာစသည့်တို့ကို စာတမ်းရှင်များက ဖတ်ကြားဆွေးနွေးခဲ့ကြသော အကြောင်းအရာများသည် တန်ဖိုးရှိပြီး အသိအမှတ်ပြုမှတ်တမ်းတင်ပါကြောင်း ပြောကြားသည်။

သတင်း - ဥမ္မာသန့်
ဓာတ်ပုံ - ရဲထွဋ်

## စီးပွားရေးလုပ်ငန်းများအတွက် စီမံခန့်ခွဲမှုဆိုင်ရာ အတတ်ပညာများလိုအပ်လာ



**ရန်ကုန် အောက်တိုဘာ ၂၀**

ပြောင်းလဲတိုးတက်လာသောဈေးကွက်စီးပွားရေးစနစ်များအပေါ် စီးပွားရေးလောကသို့ ဝင်ရောက်ကြမည့် မြန်မာလူငယ်များအတွက် နိုင်ငံတကာအဆင့်မီ စီးပွားရေးစီမံခန့်ခွဲမှုဆိုင်ရာ MBA သင်တန်းများတက်ရောက်အောင်မြင်ရန် အထူးလိုအပ်လာပြီဖြစ်ကြောင်း အောက်တိုဘာ ၁၉ ရက် ညနေပိုင်းတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ Novotel Hotel ၌ Nanyeng International ကောလိပ်မှ ကျင်းပသော လူငယ်ပညာရေးဆွေးနွေးပွဲမှ သိရသည်။

"အရေးအကြီးဆုံးကတော့ အရည်အသွေးရှိတဲ့ လူငယ် လူရွယ်တွေ ပေါ်ပေါက်လာဖို့ အရေးကြီးတယ်။ ဒီလို အရည်အသွေးတွေမြင့်တက်လာဖို့က အရည်အသွေးရှိတဲ့ကျောင်းတွေမှာ တက်ရောက် အောင်မြင်နိုင်ဖို့က အရေးကြီးပါတယ်။ ယနေ့မှာအတုတွေ အများကြီး ပေါ်ထွက်နေပါတယ်။ ဘွဲ့/ဒီဂရီတွေသာရတယ်၊ စက္ကူသာသာဘွဲ့တွေဖြစ်နေပြီး အရည်အသွေးမဲ့နေတာတွေရှိတယ်။ ကျောင်းသား လူငယ်တွေ အနေနဲ့ကလည်း ဒါကို အသေအချာလေ့လာဖို့လိုတယ်။ အခုလို MBA ကို ပြင်သစ်နိုင်ငံလို နိုင်ငံကြီးတစ်ခုက အသိအမှတ်ပြုပြီး ဘွဲ့ပေးမယ်ဆိုတော့ နိုင်ငံတကာအဆင့်မီ ကောင်းမွန်တဲ့ ဘွဲ့ရလူငယ်တွေ ပေါ်ထွက်လာတော့မှာပေါ့။ အဓိကကတော့ ကျောင်းသားကျောင်းသူကို ဗဟိုပြုတဲ့ ပညာရေးစနစ်ဖြစ်ဖို့ လိုပါတယ်"ဟု ထိုနေ့ လူငယ်ပညာရေး ဆွေးနွေးပွဲတွင် ဆရာကြီးဒေါက်တာအောင်ထွန်းသက်က ပြောသည်။

**ပေးအပ်မည်**

ထိုစီးပွားရေးဆိုင်ရာ စီမံခန့်ခွဲမှု MBA သည် ဘွဲ့လွန်မာစတာဘွဲ့ပေးအပ်ခြင်းဖြစ်သောကြောင့် အစိုးရအသိအမှတ်ပြုဘွဲ့တစ်ခုခု (သို့မဟုတ်) ဒီပလိုမာလက်မှတ်ရရှိထားရန် လိုကြောင်း သိရသည်။ ထိုသင်တန်းကို ယခုနှစ် ဒီဇင်ဘာတွင် စတင်ဖွင့်လှစ်ပြီး Marketing Management / Project Management/ Human Resources Management သင်တန်းများ အပြင် စီးပွားရေးစီမံခန့်ခွဲမှု သင်တန်းများ ပါဝင်ကာ သင်တန်း ရှစ်ခုကို ၁၂ လမှ ၁၅ လ ဝန်းကျင်အထိ သင်ကြားပေးမည်ဖြစ်သည်။ ကျောင်းဆင်းလူငယ်များသည် ပြင်သစ်နိုင်ငံ ပဲရစ်မြို့ရှိ EGS European Business School မှ MBA ဒီပလိုမာ ပေးအပ်မည်ဖြစ်ကြောင်း သိရသည်။

" MBA က စီးပွားရေး ဘာသာရပ်နဲ့ ပတ်သက်ပြီး ဘာသာပေါင်းချုပ်ကြီးဖြစ်သလို စီးပွားရေးစီမံခန့်ခွဲမှုတွေကို စုစည်းထားတဲ့ မဟာဘွဲ့တစ်ခုပါ။ အစိုးရဝန်ထမ်း/ ပြင်ပကုမ္ပဏီဝန်ထမ်းတွေအပြင် ကိုယ်ပိုင်လုပ်ငန်းတွေပါ ထူထောင်ချင်တဲ့ သူတွေအတွက် စီမံခန့်ခွဲမှုအပိုင်းတွေက MBA နဲ့ သက်ဆိုင်နေပါတယ်။ လုပ်ငန်းတစ်ခုအတွက် သက်ဆိုင်တဲ့ဘာသာရပ်တွေ၊ အသိပညာဗဟုသုတတွေ ပေးတဲ့အတွက် စီးပွားရေးလောကအတွက်တော့ မဖြစ်မနေကို တတ်မြောက်ထားဖို့လိုပါတယ်။ လုပ်ငန်းတစ်ခုကို အုပ်ချုပ်ရမယ်သူတွေရဲ့ စီမံခန့်ခွဲမှုပညာရပ်ကောင်းတွေကို အဆင့်မြင့်မြင့်နဲ့ ရရှိစေမှာပါ"ဟု Nanyeng International ကောလိပ်မှ ဒါရိုက်တာ ဒေါက်တာဝင်းမင်းသိန်းက ပြောသည်။ ထိုနေ့ လူငယ်စကားဝိုင်းတွင် ရန်ကုန်စီးပွားရေး တက္ကသိုလ်ပါမောက္ခ ဆရာမကြီး ဒေါ်လှမြင့်(ငြိမ်း)၊ ဒေါ်ခိုင်ခင်ဖြူ၊ အကယ်ဒမီ ဒေါ်ဆွေဇင်ထိုက်တို့က စီးပွားရေးခေတ်တိုးတက်လာမှုနှင့်အတူ လူငယ်များအကြား စီးပွားရေးဆိုင်ရာ စီမံခန့်ခွဲမှုပညာရပ်များ သင်ကြားတတ်မြောက်ရန် အထူးလိုအပ်ကြောင်းကို တက်ရောက်လာသူ လူငယ်လေးများကို ရှင်းလင်းဟောပြောဆွေးနွေးသည်။

မြင့်မောင်

ကြေးမုံ

စာတည်းမှူးချုပ် - ဦးဝင်းရွှေ
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း
သတင်းထောက်မှူး - ဦးမြင့်စိုး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဦးကိုမင်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဒေါ်စန်းယဉ်ဦး၊ ဒေါ်ခင်စုစုလှိုင်၊ ဒေါ်နေဇာဇာထွန်း၊ ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၈၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

❂ ရှေ့ဖုံးမှ

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အဖွဲ့အား ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမျိုးမြင့်သန်းနှင့်ဇနီး၊ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာစစ်သံမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်မှူးချုပ်ခင်ဇော်နှင့် မြန်မာသံရုံးနှင့် စစ်သံရုံးတို့မှ တာဝန်ရှိသူများက သုဝဏ္ဏဘူမိအပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

**ရောက်ရှိ**

ထိုမှတစ်ဆင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အဖွဲ့သည် ထိုင်းလေကြောင်းလိုင်းဖြင့် ဆက်လက်ထွက်ခွာရာ ဒေသစံတော်ချိန် ည ၉ နာရီ မိနစ် ၅၀ တွင် ဂျပန်နိုင်ငံ တိုကျိုမြို့သို့ ရောက်ရှိကြသည်။

**ကြိုဆိုနှုတ်ဆက်**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အဖွဲ့အား ဂျပန်နိုင်ငံဝန်ကြီးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ် Mr. Hiroto Izumi၊ ဂျပန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမြင့်သူ၊ ဂျပန်နိုင်ငံဆိုင်ရာ မြန်မာစစ်သံမှူး ဗိုလ်မှူးကြီးတင်စိုး၊ ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာသံရုံးနှင့် စစ်သံရုံးတို့မှ တာဝန်ရှိသူများနှင့် သံရုံးမိသားစုများက ဟာနီဒါ အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အဖွဲ့သည် ခေတ္တတည်းခိုမည့် တိုကျိုမြို့ရှိ The Imperial Hotel သို့ ရောက်ရှိကြသည်။

သတင်းစဉ်



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့်အဖွဲ့အား ပြည်ထောင်စုဝန်ကြီး ဦးမင်းသူ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်နှင့်ဇနီး၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး Mr . Ichiro Maruyama နှင့် တာဝန်ရှိသူများက နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြစဉ်။

# ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင် ကမ္ဘာလုံးဆိုင်ရာခရီးသွားလုပ်ငန်းစီးပွားရေးဖိုရမ်နှင့် တရုတ်-အာဆီယံ ခရီးသွားလုပ်ငန်းပြပွဲတို့သို့ တက်ရောက်

နေပြည်တော် အောက်တိုဘာ ၂၀

**ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် မကာအိုအထူးကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအစိုးရ၏ ဖိတ်ကြားချက်အရ ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နှင့် မကာအိုအစိုးရ လူမှုရေးနှင့် ယဉ်ကျေးမှုဌာနတို့မှကြီးမှူး၍ မကာအိုအထူးအုပ်ချုပ်ရေးဒေသ၌ အောက်တိုဘာ ၁၃ ရက်မှ ၁၅ ရက်အထိ ကျင်းပသည့် ကမ္ဘာလုံးဆိုင်ရာ ခရီးသွားလုပ်ငန်းစီးပွားရေးဖိုရမ် (Global Tourism Economy Forum-2019GTEF) သို့ တက်ရောက်ခဲ့သည်။**




အောက်တိုဘာ ၁၄ ရက် နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့နိုင်ငံရေးအတိုင်ပင်ခံကွန်ဖရင့် (CPPCC) ဒုတိယဥက္ကဋ္ဌ မကာအိုအထူးအုပ်ချုပ်ရေးဒေသအစိုးရ အုပ်ချုပ်ရေးမှူးချုပ်ဟောင်း Mr. Edmund Ho HauWah အား တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

**အပြန်အလှန်ဆွေးနွေး**

ယင်းနောက် မကာအိုအထူးအုပ်ချုပ်ရေးဒေသအစိုးရ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ အတွင်းဝန် (ဝန်ကြီး) Dr. Alexis TAM Chon Weng အား တွေ့ဆုံစဉ် မြန်မာနိုင်ငံသို့ တရုတ်ခရီးသွားဧည့်သည်များ ဝင်ရောက်လာနေပြီး ၎င်းတို့အနေဖြင့် ငွေကြေးသုံးစွဲရေးဆိုင်ရာကိစ္စရပ်များတွင် စနစ်တကျဖြစ်စေရေးအတွက် နှစ်နိုင်ငံအစိုးရနှင့် နှစ်နိုင်ငံ ခရီးသွားအေဂျင်စီများ ပူးပေါင်းဖြေရှင်းသွားရန် ကိစ္စ၊ ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နှင့် ပူးပေါင်းပြီး ခရီးသွားအကယ်ဒမီ ထူထောင်သွားရန်ရှိကာ မြန်မာနိုင်ငံမှ သင်တန်းသားများ ခေါ်ယူသွားမည့်ကိစ္စ၊ ဟိုတယ်စံချိန်စံညွှန်းကိစ္စရပ်များ ပူးပေါင်းဆောင်ရွက်သွားရေး၊ မြန်မာနိုင်ငံတွင် ရေမြေတောတောင်သဘာဝများ ပေါကြွယ်ဝပြီး များစွာသော အလားအလာများရှိနေ၍ တရုတ်ခရီးသွားများသာမက ဥရောပနိုင်ငံသားများကိုပါ လာရောက်လည်ပတ်ရန် စွဲဆောင်သွားနိုင်မည့်ကိစ္စ၊ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း၊ ယဉ်ကျေးမှုကဏ္ဍ၊ ရင်းနှီးမြှုပ်နှံမှုနှင့် အခြားစီးပွားရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်သွားရန် ကိစ္စများကို အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် Grand Hyatt Macau တွင် ကျင်းပသည့် ဂုဏ်ပြုကြိုဆိုသည့် နေ့လယ်စာစားပွဲ အခမ်းအနားသို့ အာဂျင်တီးနားနိုင်ငံ ခရီးသွားလာရေးဆိုင်ရာဝန်ကြီး၊ ဘရာဇီးနိုင်ငံခရီးသွားလာရေးဝန်ကြီး၊ ကမ္ဘောဒီးယားနိုင်ငံ ယဉ်ကျေးမှုနှင့် ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးတို့နှင့်အတူ တက်ရောက်ခဲ့ပြီး MGM Cotai ဟိုတယ်၌ ကျင်းပသည့် ကမ္ဘာလုံးဆိုင်ရာ ခရီးသွားလုပ်ငန်းစီးပွားရေးဖိုရမ် ဖွင့်ပွဲအခမ်းအနားနှင့် Face to Face-Ministers and Private Sector CEOs: How Tourism, Leisure and Sports lead to a Beautiful Life- Panel Discussion သို့ တက်ရောက်ဆွေးနွေးသည်။ ညပိုင်းတွင် မကာအိုအထူးအုပ်ချုပ်ရေးဒေသ အစိုးရမှ ဖိုရမ်သို့တက်ရောက်လာသည့် ကိုယ်စားလှယ်များအား ဂုဏ်ပြုဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်သည်။

**ပိတ်ပွဲအခမ်းအနားသို့ တက်ရောက်**

အောက်တိုဘာ ၁၅ ရက် မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် Macau- Myanmar Overseas Chinese Association အဖွဲ့ဝင်များနှင့်လည်းကောင်း၊ Macau- Myanmar Chamber of Commerce အဖွဲ့ဝင်များနှင့်လည်းကောင်း တွေ့ဆုံခဲ့ပြီး ညနေပိုင်းတွင် ကမ္ဘာလုံးဆိုင်ရာ ခရီးသွားလုပ်ငန်းစီးပွားရေးဖိုရမ် ပိတ်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

အောက်တိုဘာ ၁၆ ရက် နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးချွမ်းကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ၊ ကွေ့လင်မြို့တွင် အောက်တိုဘာ ၁၈ ရက်မှ ၂၀ ရက်အထိ ကျင်းပသည့် တရုတ်-အာဆီယံ ခရီးသွားလုပ်ငန်းပြပွဲ-၂၀၁၉ သို့ တက်ရောက်ရန် ကွေ့လင်းမြို့သို့ ဆက်လက်ထွက်ခွာသည်။

အောက်တိုဘာ ၁၇ ရက် ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် Mr. Zhao Leqin (Vice Chairman of Guangxi Regional People's Congress; Secretary of the CPC Guilin Committee; Chairman of Guilin People's Congress နှင့် Mr. BaiSongtao (Deputy Secretary) တို့နှင့်လည်းကောင်း၊ ကွမ်ရှီးချွမ်းကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ ဒုတိယပြည်နယ်အုပ်ချုပ်ရေးမှူး Mr. Li Bin တို့အားလည်းကောင်း တွေ့ဆုံ၍ နှစ်နိုင်ငံခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်မှုအခြေအနေ၊ တရုတ်ခရီးသွားများ မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ရာတွင် စနစ်တကျဖြစ်စေရေးအတွက် နှစ်နိုင်ငံအစိုးရနှင့် ခရီးသွားအေဂျင်စီများအကြား ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာများကို ဆွေးနွေးသည်။

**လာရောက်ရင်းနှီးမြှုပ်နှံစေလို**

အောက်တိုဘာ ၁၈ ရက် နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တရုတ်-အာဆီယံခရီးသွားလုပ်ငန်းပြပွဲ-၂၀၁၉ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကာ ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်က မြန်မာနိုင်ငံသည် ယခုနှစ်တွင် အာဆီယံနိုင်ငံများအကြား Guest of Honor Country အဖြစ် တက်ရောက်ခြင်းဖြစ်ကြောင်း၊ ယခုပြပွဲသည် ခရီးသွားလုပ်ငန်းမှတစ်ဆင့် စီးပွားရေးအခွင့်အလမ်းများ ဖန်တီးပေးနိုင်သော အကျိုးကျေးဇူးများနှင့် နိုင်ငံများအကြား ချစ်ကြည်ရင်းနှီးမှုများ ပိုမိုတည်ဆောက်သွားနိုင်ရေးအတွက် အကျိုးကျေးဇူးများရရှိနိုင်မည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့်လည်း ခရီးသွားလုပ်ငန်း ဥပဒေအသစ်ရေးဆွဲပြဋ္ဌာန်းခဲ့ပြီး ခရီးသွားဧည့်သည်များ မြန်မာနိုင်ငံသို့ ပိုမိုလွယ်ကူစွာဝင်ရောက်လည်ပတ်နိုင်ရေးအတွက် ဗီဇာဖြေလျှော့မှုများကို ဆောင်ရွက်နေပါကြောင်း၊ မြန်မာနိုင်ငံ၏ ခရီးသွားမြှင့်တင်ရေးကိစ္စရပ်များကို မြှင့်တင်ဆောင်ရွက်နေပါကြောင်း၊ နိုင်ငံခြားသားခရီးသွားဧည့်သည်များ စနစ်တကျ အဆင်ပြေချောမွေ့စွာ သွားလာလည်ပတ်နိုင်ရေးအတွက် Foreign Visitor's Observation Teams ကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံသို့ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများသာမက အခြားစီးပွားရေးလုပ်ငန်းများပါ လာရောက်ရင်းနှီးမြှုပ်နှံစေလိုပါကြောင်း ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မြန်မာနိုင်ငံအပါအဝင် နိုင်ငံပေါင်းစုံမှ ခင်းကျင်းပြသထားသော ပြခန်းများသို့ လှည့်လည်ကြည့်ရှုခဲ့ပြီး မြန်မာကိုယ်စားလှယ်အဖွဲ့မှ မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများနှင့် ခရီးသွားစွဲဆောင်မှုနေရာဒေသများအကြောင်းကို ရှင်းလင်းတင်ပြခဲ့ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မွန်းလွဲပိုင်းတွင် ကွေ့လင်းမြို့ရှိ ခရီးသွားစွဲဆောင်မှုနေရာများနှင့် ဟိုတယ်များသို့ သွားရောက်ကာ ခရီးသွားစွဲဆောင်နေမှုပုံစံများကို လှည့်လည်ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# နီပေါနိုင်ငံ၊ သမ္မတ မစ္စစ် ဘီဒီယာ ဒေဗီ ဘန်ဒါရီ မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီးစဉ် လာရောက်ခဲ့ခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၏ ဖိတ်ကြားချက်အရ နီပေါနိုင်ငံ၊ သမ္မတ မစ္စစ် ဘီဒီယာ ဒေဗီ ဘန်ဒါရီသည် ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၁၆ ရက်နေ့မှ ၂၀ ရက်နေ့အထိ မြန်မာနိုင်ငံသို့ တရားဝင်ချစ်ကြည်ရေးခရီးလာရောက်ခဲ့သည်။

နီပေါနိုင်ငံ သမ္မတ မစ္စစ် ဘီဒီယာ ဒေဗီ ဘန်ဒါရီ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ၁၆-၁၀-၂၀၁၉ ရက်နေ့ ညနေပိုင်းတွင် နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အထူးလေယာဉ်ဖြင့် ရောက်ရှိခဲ့ကြသည်။ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်က ဧည့်သည်တော် နီပေါနိုင်ငံ၊ သမ္မတ မစ္စစ် ဘန်ဒါရီအား ၁၇-၁၀-၂၀၁၉ ရက်နေ့ (၁၀ ၀၀) နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော်၌ ဂုဏ်ပြုတပ်ဖွဲ့အခမ်းအနားဖြင့် ကြိုဆိုခဲ့သည်။

အဆိုပါအခမ်းအနားအပြီးတွင် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် နီပေါနိုင်ငံ၊ သမ္မတ မစ္စစ် ဘန်ဒါရီတို့သည် သမ္မတအိမ်တော်၊ သံတမန်ဆောင် ဧည့်ခန်းမ၌ နှစ်နိုင်ငံတွေ့ဆုံဆွေးနွေးမှုပြုလုပ်ခဲ့သည်။ ယင်းသို့တွေ့ဆုံစဉ် နှစ်နိုင်ငံခေါင်းဆောင်များက နှစ်နိုင်ငံ ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု ခိုင်မာစေရေး၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေး၊ ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာတို့တွင် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရေး ကိစ္စရပ်များအပေါ် ရင်းနှီးစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။ နှစ်နိုင်ငံ သမ္မတများသည် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၏ ၂၀၁၈ ခုနှစ်၊ ဩဂုတ်လတွင် နီပေါနိုင်ငံသို့ သွားရောက်ခဲ့သည့် ချစ်ကြည်ရေးခရီးစဉ်နှင့် ယင်းခရီးစဉ်အပြီး (၄)ကြိမ်မြောက် ဘင်းမ်စတက် ထိပ်သီးအစည်းအဝေး တက်ရောက်ခဲ့မှုတို့ အပေါ် ဝမ်းမြောက်စွာ ပြန်ပြောင်းဆွေးနွေးခဲ့ကြသည်။ မြန်မာနှင့်နီပေါ နှစ်နိုင်ငံ ပြည်သူများအကြား ထိတွေ့ဆက်ဆံမှုကို တိုးမြှင့်နိုင်ရေး ရည်ရွယ်လျက် ခရီးသွားကဏ္ဍ၌ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်သွားကြရန် နှစ်နိုင်ငံခေါင်းဆောင်များအကြား သဘောတူညီခဲ့ကြသည်။

ယင်းနေ့တွင် နီပေါနိုင်ငံသမ္မတသည် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့်လည်း နိုင်ငံတော်သမ္မတအိမ်တော်၌ တွေ့ဆုံခဲ့ပြီး နှစ်နိုင်ငံဆက်ဆံရေး၊ ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာများတွင် အကျိုးတူကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံဆွေးနွေးပွဲများတွင် နှစ်နိုင်ငံခေါင်းဆောင်များသည် နှစ်နိုင်ငံနှင့် ပြည်သူများအကြား ပိုမိုနီးစပ်မှုကိုဖြစ်စေသော ဘုံတူညီသည့်အချက်များ၊ ယဉ်ကျေးမှုနှင့် ဓလေ့ထုံးတမ်းအစဉ်အလာများကို ချီးမွမ်းပြောကြားခဲ့ကြသည်။ ထို့ပြင် ခရီးသွားလာရေး၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု၊ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ ကဏ္ဍများတွင် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်သွားရေး၊ နှစ်နိုင်ငံအကြား ဒေသတွင်းနှင့် နိုင်ငံတကာ မျက်နှာစာတို့တွင် အပြန်အလှန် ပူးပေါင်းဆောင်ရွက်ရေး၊ ၂၀၂၀ ပြည့်နှစ်၊ ဧပြီလတွင် နီပေါနိုင်ငံ၌ ကျင်းပမည့် အပြည်ပြည်ဆိုင်ရာ ရာသီဥတု ပြောင်းလဲမှုဆိုင်ရာဆွေးနွေးပွဲ (Sagarmatha Dialogue)သို့ မြန်မာနိုင်ငံမှ အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ ပါဝင်တက်ရောက်ရေး ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။ နှစ်နိုင်ငံအကြား လက်တွေ့ကျသည့် ရင်းနှီးမြှုပ်နှံနိုင်မည့် အလားအလာကောင်းများရှိသည့်အလျောက် နှစ်နိုင်ငံကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် နှစ်ဖက် အတူတကွလက်တွဲဆောင်ရွက်သွားကြရန် သဘောတူညီခဲ့ကြသည်။

နှစ်နိုင်ငံ တွေ့ဆုံဆွေးနွေးပွဲများတွင် မြန်မာနိုင်ငံအနေဖြင့် နီပေါအစိုးရ၏ "နီပေါနိုင်ငံ ခရီးသွားနှစ် (၂၀၂၀)" နှင့် အမျိုးသားရေးရည်မှန်းချက်ဖြစ်သည့် "သာယာဝပြောသော နီပေါနိုင်ငံ၊ ပျော်ရွှင်မှုများခံစားရသော နီပေါပြည်သူများ" အောင်မြင်စေရေးအတွက် ပံ့ပိုးကူညီသွားရန် အသင့်ရှိကြောင်း ထပ်လောင်း အတည်ပြုခဲ့သည်။

ထို့ပြင် ၂၀၂၀ ပြည့်နှစ်တွင် နှစ်နိုင်ငံအကြား သံတမန်ဆက်ဆံရေး တည်ထောင်သည့် နှစ်(၆၀)ပြည့်မြောက်မည်ဖြစ်ကြောင်းကို ဝမ်းမြောက်စွာ မှတ်သားလျက် မြန်မာ-နီပေါ နှစ်နိုင်ငံ သံတမန်အဆက်အသွယ် တည်ထောင်မှု နှစ်(၆၀)ပြည့် အထိမ်းအမှတ်အခမ်းအနားများကို နှစ်နိုင်ငံစလုံး၌ စီစဉ်ကျင်းပသွားရန် သဘောတူခဲ့ကြသည်။

မြန်မာနိုင်ငံရှိ နီပေါနွယ်ဖွားများသည် အေးချမ်းပျော်ရွှင်၍ သဟဇာတရှိစွာဖြင့် မြန်မာ့လူ့ဘောင်အဖွဲ့အစည်းအတွင်း ကောင်းမွန်စွာ ပေါင်းစည်းနေထိုင်လျက်ရှိခြင်းကြောင့် ၎င်းတို့၏ အခန်းကဏ္ဍသည် နှစ်နိုင်ငံအကြား ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှုကို ပိုမိုခိုင်မြဲစေလျက်ရှိကြောင်းကို နှစ်နိုင်ငံ ခေါင်းဆောင်များက အသိအမှတ်ပြုခဲ့ကြသည်။

နှစ်ဖက်စလုံးက ဘုံအကျိုးစီးပွားနှင့်သက်ဆိုင်သော ကိစ္စရပ်များတွင် တူညီသောအမြင်များရှိကြရာ နှစ်နိုင်ငံကိစ္စရပ်များတွင်သာမက ကုလသမဂ္ဂနှင့် ဘင်းမ်စတက်အပါအဝင် ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာတို့တွင် ဆက်လက်၍ နီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားကြရန် သန္နိဋ္ဌာန်ချထားမှုများကို ထပ်လောင်းအတည်ပြုခဲ့သည်။

တွေ့ဆုံပွဲများပြီးနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် သမ္မတ မစ္စစ် ဘန်ဒါရီတို့သည် နှစ်နိုင်ငံ နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုးပွဲသို့ တက်ရောက်ခဲ့ကြသည်။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရနှင့် နီပေါအစိုးရတို့အကြား ယဉ်ကျေးမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုနှင့် နီပေါနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဝန်ကြီး မစ္စတာ ပရာဒီ ကူမာ ဂျန်ဝါလီတို့က လက်မှတ်ရေးထိုးခဲ့ကြသည်။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရနှင့် နီပေါအစိုးရတို့အကြား ခရီးသွားလာရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာကို အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်နှင့် နီပေါနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဝန်ကြီး မစ္စတာ ပရာဒီ ကူမာ ဂျန်ဝါလီတို့က လက်မှတ်ရေးထိုးခဲ့ကြသည်။

ယင်းနေ့ မွန်းလွဲပိုင်းတွင် M-Gallery by Sofitel Hotel ၌ ဧည့်သည်တော် နီပေါနိုင်ငံ၊ သမ္မတသည် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား တွေ့ဆုံခဲ့သည်။

ယင်းနေ့ ညနေပိုင်းတွင် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် နီပေါသမ္မတနှင့် ကိုယ်စားလှယ်အဖွဲ့ကို ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

နီပေါနိုင်ငံ၊ သမ္မတ မစ္စစ် ဘီဒီယာ ဒေဗီ ဘန်ဒါရီသည် ၁၈-၁၀-၂၀၁၉ ရက်နေ့တွင် နေပြည်တော်မှ ပြင်ဦးလွင်မြို့သို့ အထူးလေယာဉ်ဖြင့် သွားရောက်ခဲ့ကြသည်။ ပြင်ဦးလွင်မြို့သို့ ရောက်ရှိစဉ် သမ္မတ မစ္စစ် ဘန်ဒါရီသည် Sree Durga Devi ဟိန္ဒူဘုရားကျောင်းသို့ သွားရောက်ခဲ့ပြီး ပြင်ဦးလွင်မြို့၊ မြို့တော်ခန်းမ၌ နီပေါနွယ်ဖွား မြန်မာနိုင်ငံသားများနှင့် တွေ့ဆုံခဲ့သည်။ ယင်းနေ့တွင် နီပေါနိုင်ငံ၊ သမ္မတ ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့သည် ပြင်ဦးလွင်မြို့မှ ညောင်ဦးမြို့သို့ အထူးလေယာဉ်ဖြင့် သွားရောက်ခဲ့ကြသည်။ ပုဂံမြို့သို့ ရောက်ရှိနေစဉ်အတွင်း အာနန္ဒာဘုရား၊ သဗ္ဗညုဘုရား၊ အလိုတော်ပြည့်ဘုရားနှင့် ရွှေစည်းခုံဘုရားတို့သို့ သွားရောက်ဖူးမြော်ခဲ့ကြသည်။ ယင်းနေ့ ညနေပိုင်းတွင် နီပေါနိုင်ငံ၊ သမ္မတ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ညောင်ဦးမြို့မှ ရန်ကုန်မြို့သို့ အထူးလေယာဉ်ဖြင့် ဆက်လက်ထွက်ခွာခဲ့သည်။

ရန်ကုန်မြို့သို့ ရောက်ရှိစဉ် ၁၉-၁၀-၂၀၁၉ ရက်နေ့တွင် နီပေါနိုင်ငံ၊ သမ္မတ မစ္စစ် ဘန်ဒါရီသည် ရွှေတိဂုံစေတီတော်မြတ်သို့ သွားရောက်ဖူးမြော်ကြည်ညိုခဲ့ပြီး နီပေါ-မြန်မာချစ်ကြည်ရေး လုမ္ဗိနီဓာတ်ပုံပြပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့သည်။ နီပေါနိုင်ငံ သမ္မတသည် သီတဂူ အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓသာသနာပြုတက္ကသိုလ်နှင့် ဗိုလ်ချုပ်အောင်ဆန်းပြတိုက်တို့သို့ သွားရောက်လေ့လာခဲ့သည်။ ယင်းနေ့ မွန်းလွဲပိုင်းတွင် မြန်မာ-နီပေါ ကုန်သည်ကြီးများအသင်းနှင့် မြန်မာ-နီပေါ ချစ်ကြည်ရေးအသင်းတို့က ပူးတွဲကြီးမှူးကျင်းပသည့် မြန်မာ-နီပေါနှစ်နိုင်ငံ ကုန်သွယ်ရေး ပူးပေါင်းဆောင်ရွက်ရေး အခွင့်အလမ်းများဆိုင်ရာ ဆွေးနွေးပွဲသို့ တက်ရောက်ခဲ့သည်။ ညနေပိုင်းတွင် ရန်ကုန်မြို့ Wyndham Grand Hotel ၌ မြန်မာနိုင်ငံဆိုင်ရာ နီပေါသံအမတ်ကြီးက တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်ခဲ့သည်။

နီပေါနိုင်ငံ၊ သမ္မတ ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ၂၀-၁၀-၂၀၁၉ ရက်နေ့၊ နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာခဲ့သည်။

နီပေါနိုင်ငံ၊ သမ္မတ မစ္စစ် ဘီဒီယာ ဒေဗီ ဘန်ဒါရီ၏ မြန်မာနိုင်ငံသို့ လာရောက်ခဲ့သည့် ချစ်ကြည်ရေးခရီးစဉ်အပြီးတွင် နှစ်နိုင်ငံ ပူးတွဲကြေညာချက်ကို ထုတ်ပြန်ခဲ့သည်။

နီပေါနိုင်ငံသမ္မတ၏ မြန်မာနိုင်ငံခရီးစဉ်သည် နှစ်ပေါင်း (၃၉)နှစ်ကျော် ကာလအတွင်း နီပေါနိုင်ငံ၏ အကြီးအကဲတစ်ဦးအနေဖြင့် မြန်မာနိုင်ငံသို့ ပထမဆုံး လာရောက်သည့် ခရီးစဉ်ဖြစ်ရာ နှစ်နိုင်ငံအကြီးအကဲများအကြား အစဉ်အလာအရ တည်ရှိသည့် ချစ်ကြည်ရင်းနှီးမှုနှင့် ထိတွေ့ဆက်ဆံမှု ပိုမိုတိုးတက်ကောင်းမွန်စေရန် အားသစ်လောင်းပေးခဲ့သည်။ နီပေါနိုင်ငံ သမ္မတ၏ ချစ်ကြည်ရေးခရီးစဉ်သည် နှစ်နိုင်ငံဆက်ဆံရေးတွင် အရေးပါသော သမိုင်းဝင်မှတ်တိုင်တစ်ခုဖြစ်ခဲ့ပြီး နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် နီးကပ်စွာ ဆက်ဆံမှု၏ ဝိသေသကို ထင်ဟပ်ဖော်ပြနိုင်ခဲ့သည်။ ခရီးစဉ်အတွင်း နှစ်နိုင်ငံအကြား လက်မှတ်ရေးထိုးခဲ့သည့် ယဉ်ကျေးမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာနှင့် ခရီးသွားလာရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာတို့သည် အဆိုပါ ကဏ္ဍများတွင် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုနက်ရှိုင်းစေခဲ့ရုံသာမက နှစ်နိုင်ငံ ပြည်သူများအကြား တည်ရှိဆဲ ချစ်ကြည်ရင်းနှီးမှုနှင့် မိတ်ဖက်ဆက်ဆံရေးတို့ကို ပိုမိုခိုင်မာစေခဲ့သည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**

**နေပြည်တော်**

**၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၂၀ ရက်**

# ၁၉၆၅ ခုနှစ်မှ ၁၉၈၅ ခုနှစ်အထိ (စင်ထရယ်) အထက(၁)လသာ ကျောင်းသားဟောင်းများ၏ (၂၇) ကြိမ်မြောက် အာစရိယပူဇော်ပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၂၀**

၁၉၆၅ ခုနှစ်မှ ၁၉၈၅ ခုနှစ်အထိ (စင်ထရယ်) အထက(၁) လသာ ကျောင်းသားဟောင်းများ၏ (၂၇)ကြိမ်မြောက် အာစရိယပူဇော်ပွဲ အခမ်းအနားကို ယနေ့တွင် ရန်ကုန်မြို့ လသာမြို့နယ်ရှိ အဆိုပါကျောင်း ဗဟိုစံပြခန်းမ၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားသို့ ဆရာကြီး ဆရာမကြီး ၅၀ တက်ရောက်ကန်တော့ခံကြပြီး အလယ်တန်းမှ အထက်တန်းအထိ ပညာသင်ကြားခဲ့သည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်အတူ ၁၉၆၅ ခုနှစ်မှ ၁၉၈၅ ခုနှစ်အထိ ကျောင်းသားဟောင်းများ တက်ရောက်၍ ဆရာကြီး ဆရာမကြီးများအား ကန်တော့ကြသည်။

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အခမ်းအနားသို့တက်ရောက်လာသည့် ဆရာကြီး ဆရာမကြီးများအား ရင်းရင်းနှီးနှီး လိုက်လံဂါရဝပြုနှုတ်ဆက်ကာ ကန်တော့ပစ္စည်းများ ပေးအပ်၍ ဂါရဝပြုကန်တော့ရာ ဆရာကြီး ဆရာမကြီးများက ဩဝါဒစကား ပြန်လည်ချီးမြှင့်သည်။ ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် တက်ရောက်လာကြသည့် ကျောင်းသားဟောင်းများကို ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများအား ချီးမြှင့်ငွေ ပေးအပ်ခဲ့သည်။

ထို့နောက် အခမ်းအနားကို အစီအစဉ်အတိုင်း ဆက်လက်ကျင်းပရာ ကျောင်းခေါင်းလောင်း ၂၇ ချက်တီး၍ ဟိုက်စကူးကျောင်းတော်ကြီး သီချင်းအား သီဆိုဂုဏ်ပြုပြီး အခမ်းအနားကို စတင်ဖွင့်လှစ်သည်။

ယင်းနောက် အခမ်းအနား တက်ရောက်လာကြသည့် ကျောင်းသားဟောင်းများက ကျေးဇူးရှင် ဆရာကြီး ဆရာမကြီးများအား မြန်မာ့ရိုးရာ ထုံးတမ်းစဉ်လာနှင့်အညီ ရိုသေစွာ ဂါရဝပြုကန်တော့ကြရာ စာမျက်နှာ ၅ သို့ ✻





အင်ဒိုနီးရှားသမ္မတနိုင်ငံ အစိုးရသစ်ကျမ်းသစ္စာကျိန်ဆိုပွဲ အခမ်းအနား ကျင်းပစဉ်။

❂ **အင်ဒိုနီးရှားသမ္မတနိုင်ငံမှ** နိုင်ငံအကြီးအကဲများ၊ အစိုးရအဖွဲ့ အကြီးအကဲများ၊ အာဆီယံနှင့် မိတ်ဖက်နိုင်ငံများမှ အစိုးရအဖွဲ့အကြီးအကဲများနှင့် တာဝန်ရှိသူများက တစ်ဦးချင်းအလှည့်ကျ နှုတ်ဆက်ကြရာ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူကလည်း အင်ဒိုနီးရှားနိုင်ငံသမ္မတနှင့် ဒုတိယသမ္မတတို့အား ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး ဂုဏ်ယူဝမ်းမြောက်စကားပြောကြားသည်။

**တက်ရောက်**

ကျမ်းသစ္စာကျိန်ဆိုပွဲ အခမ်းအနားသို့ ဘရူနိုင်းဒါရုဆလမ်နိုင်ငံ ဘုရင်မင်းမြတ် ဆူလ်တန်ဟာဂျီဟာဆာနယ်လ်ဘိုလ်ကီးယားမူအစ်ဇာဒင်ဝါဒူလာ၊ စင်ကာပူနိုင်ငံဝန်ကြီးချုပ် မစ္စတာ လီရှန်လုံး၊ မလေးရှားနိုင်ငံဝန်ကြီးချုပ် မစ္စတာမဟာသီယာမိုဟာမက်၊ ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် မစ္စတာ ဆမ်ဒက်ဟွန်ဆန်၊ ဩစတြေးလျနိုင်ငံဝန်ကြီးချုပ် မစ္စတာ စကော့မောရစ်ဆင်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယသမ္မတ Mr. Wang Qishan၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဒုတိယသမ္မတ Mrs. Dang Thi Ngoc Thinh၊ ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ် Mr. WissanuKrea-ngam၊ အာဆီယံနှင့် မိတ်ဖက်နိုင်ငံများမှ အစိုးရအဖွဲ့အကြီးအကဲများ၊ ကိုယ်စားလှယ်များ၊ အာဆီယံနိုင်ငံများမှ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများ၊ နိုင်ငံတကာသံတမန်များ၊ အင်ဒိုနီးရှားနိုင်ငံ လွှတ်တော်ကိုယ်စားလှယ်များ၊ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**လိုက်လံကြည့်ရှု**

ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ဂျကာတာမြို့ရှိ တမန်းမီနီယဉ်ကျေးမှုဥယျာဉ်သို့ ရောက်ရှိကြပြီး တမန်းမီနီယဉ်ကျေးမှု ဥယျာဉ်ဝင်းအတွင်းရှိ အင်ဒိုနီးရှားယဉ်ကျေးမှုပြတိုက်အတွင်း ပြသထားသည့် အင်ဒိုနီးရှားတိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှုပြခန်းများအား လိုက်လံကြည့်ရှုကာ ပြတိုက်၏ ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးပြီး ပြတိုက်တာဝန်ရှိသူနှင့် အမှတ်တရလက်ဆောင်ပစ္စည်း အပြန်အလှန်ပေးအပ်သည်။

ဆက်လက်၍ ဒုတိယသမ္မတသည် စူမားတြား(အနောက်) ပြတိုက်သို့ ရောက်ရှိပြီး ပြတိုက်အတွင်း စူမားတြားပြည်နယ်၏ တိုင်းရင်းသားရိုးရာ အသုံးအဆောင်ပစ္စည်းများအား လိုက်လံကြည့်ရှုကာ တိုင်းရင်းသား၊ တိုင်းရင်းသူများ၏ ရိုးရာယဉ်ကျေးမှုအကများကို ကြည့်ရှုအားပေးသည်။

ယင်းနောက် ဒုတိယသမ္မတသည် အားချေးပြတိုက်သို့ရောက်ရှိပြီး အင်ဒိုနီးရှားနိုင်ငံ လွတ်လပ်ရေးကြိုးပမ်းမှုကာလတွင် အသုံးပြုခဲ့သည့် Dakota RI-001 Seulawah လေယာဉ်နှင့် ပြတိုက်အတွင်း ပြသထားရှိမှုများကို လိုက်လံကြည့်ရှုပြီး တာဝန်ရှိသူများနှင့် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်သည်။

**ပြသထား**

တမန်းမီနီယဉ်ကျေးမှုဥယျာဉ်ကို ၁၉၇၅ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး ဥယျာဉ်အတွင်း အင်ဒိုနီးရှားနိုင်ငံရှိ ပြည်နယ်ဒေသများ၏ ရိုးရာယဉ်ကျေးမှုပြခန်းများကို တည်ဆောက်ထားကာ ပြခန်းများတွင်သက်ဆိုင်ရာ ဒေသခံများ၏ လူနေမှုဘဝများကို ထင်ဟပ်စေသည့် အသုံးအဆောင်ပစ္စည်းများ၊ လက်ထပ်ဝတ်စုံများ၊ အဆို၊ အကသုံး တူရိယာများနှင့် ရိုးရာယဉ်ကျေးမှုဝတ်စုံများကို ပြသထားသည်။

ထို့နောက် ဒုတိယသမ္မတသည် အာဆီယံဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ် ဦးမင်းလွင်က တည်ခင်းဧည့်ခံသည့် နေ့လယ်စာစားပွဲသို့ တက်ရောက်သည်။ **သတင်းစဉ်**



**ကြည့်ရှုလေ့လာ**

ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့်အဖွဲ့ အင်ဒိုနီးရှားယဉ်ကျေးမှုပြတိုက်အတွင်း ပြသထားသည့် အင်ဒိုနီးရှားတိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှုပြခန်းများအား ကြည့်ရှုလေ့လာစဉ်။



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့် တာဝန်ရှိသူများ စူမားတြား(အနောက်)ပြတိုက်တွင် တိုင်းရင်းသားရိုးရာယဉ်ကျေးမှု အကအဖွဲ့များနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

✳ **စာမျက်နှာ ၄ မှ**

ကန်တော့ခံ ဆရာကြီး ဆရာမကြီးများကိုယ်စား ဆရာကြီး ဦးကောင်းနှင့် ဆရာမကြီး ဒေါ်ဖြူဖြူတို့က ဩဝါဒစကား ချီးမြှင့်ပြောကြားသည်။

**လက်ဆောင်ပစ္စည်းများပေးအပ်**

ထို့နောက် ကျောင်းအုပ်ကြီး ဦးတင်မောင်အေး၊ အာစရိယပူဇော်ပွဲကျင်းပရေး ကော်မတီဥက္ကဋ္ဌ ဦးတင်မောင်မြင့်နှင့် ကျန်းမာရေးနှင့် ကူညီစောင့်ရှောက်မှုအဖွဲ့ နာယက ဦးခင်မောင်စိန်တို့က နှုတ်ခွန်းဆက်စကား ပြောကြားကြသည်။

ယင်းနောက် ဆရာကြီး ဆရာမကြီးများအား ကျန်းမာရေးစောင့်ရှောက်ပေးခဲ့ကြသော ဆရာဝန်များ၊ သူနာပြုများနှင့် အာစရိယပူဇော်ပွဲတွင် ကူညီဆောင်ရွက်ပေးခဲ့ကြသည့် ဆရာမများအား လက်ဆောင်ပစ္စည်းများ ပေးအပ်ကြသည်။

ထို့နောက် တက်ရောက်လာကြသည့် ကျောင်းသားဟောင်းများကိုယ်စား ကျောင်းသားဟောင်း ဦးဇော်လွင်က ကျေးဇူးတင်စကားပြောကြားခဲ့ပြီး ဆရာကြီး ဆရာမကြီးများအား ကန်တော့ပစ္စည်းများဖြင့် ကန်တော့ကြသည်။ ယင်းနောက် ဟိုက်စကူးကျောင်းတော်ကြီး သီချင်းဖြင့် သီဆိုဂုဏ်ပြုကြပြီး အမှတ်တရ စုပေါင်းဓာတ်ပုံများရိုက်ခဲ့ကြကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**

# ခေါင်လန်ဖူးပညာရေးနှင့် ခယောင်းလမ်းမှာ ပွင့်သောပန်း(၃)

■ မြင့်မောင်စိုး

နဝမ်ဂေါင်ဗိုလ်တဲစခန်းမှ မထွက်မီ နံနက်စာကို ငါးသေတ္တာဟင်းနှင့်စားကြ၏။ ခရီးကကြမ်း၊ လမ်းကကြမ်းဖြင့် ပင်ပန်းမှုကို တွန်းလှန်နိုင်ရန် နံနက်စာကို နေ့လယ်စာနှင့်ပါပေါင်းပြီး အားဖြည့်စားသောက်ကြ၏။ လမ်းခရီးတွင် နေ့လယ်စာစားရဖို့ မသေချာ။ သို့အတွက် ဗိုက်ဆာသည်၊ မဆာသည် အပထား၊ ဝမ်းဝရေးသည် အဓိကဖြစ်သည်။ ဝမ်းဝမှ အားအင်ဖြစ်မည်။ အားအင်ဖြစ်မှ ခရီးဆက်နိုင်မည်။ ခရီးကြမ်းအတွက် အားမွေးရမည်။ ခရီးကြမ်းနှင်ဖို့ရာအတွက် အားမွေးစားသောက်ကြ၏။

ထိုအားမွေးစားသောက်ပြီးသည်နှင့် နဝမ်ဂေါင်စခန်းမှ စတင်ထွက်ခွာရန် အထုပ်အပိုးများကို ပြင်ဆင်ကြရသည်။ စားရေရိက္ခာနှင့် လေးလံသောအထုပ်များကို လားနှင့်တင်ကြရသည်။ ထီး၊ မိုးကာ၊ ရေဘူး၊ စောင်တစ်ထည်နှင့် တစ်ကိုယ်ရေအသုံးအဆောင်များသာ ကိုယ်နှင့်တစ်ပါတည်းသယ်ဆောင်ကြရသည်။ လားအဖွဲ့က ခရီးပိုမိုဝေးသော ထလားလော်အထိ သွားမည်ဖြစ်သည်။ ဆရာ ဆရာမများနှင့် ကျွန်တော်တို့မီဒီယာအဖွဲ့က လော်ဒဲကျေးရွာ၌ ညအိပ်ရပ်နားရန် စီစဉ်ထားသည်။ သို့အတွက် စောင်တစ်ထည်နှင့် အရန်အဝတ်တစ်စုံကို ကိုယ်နှင့်တစ်ပါတည်း မဖြစ်မနေ သယ်ဆောင်ကြရသည်။

နဝမ်ဂေါင်စခန်းမှ မထွက်ခွာမီ လမ်းခရီး၌ ဘေးအန္တရာယ်ကင်းရှင်းစေရန်အတွက် ဆရာဒိုင်ဇောင်းက ခရစ်ယာန်ဘာသာဖြင့် ဆုတောင်းပေးသည်။ ဆရာဒိုင်ဇောင်းသည် မြစ်ကြီးနားမြို့ခံတစ်ဦးဖြစ်သည်။ ခေါင်လန်ဖူးမြို့မှတစ်ဆင့် ဝေးလံခေါင်ဖျားသော လဂျာဆိုသောအရပ်သို့ မူလတန်းဆရာအဖြစ် သွားရောက်တာဝန်ထမ်းဆောင်မည့်သူဖြစ်သည်။ သူသည် ကျွန်တော်တို့အားလုံး ဝိုင်းဖွဲ့ထမင်းစားသောက်သည့်အခါတိုင်း၊ ခရီးစဉ်တစ်ခုစတင်သည့်အခါတိုင်း ခရစ်ယာန်ဘာသာဖြင့် ရွတ်ဆိုဆုတောင်းပေးလေ့ရှိသည်။ ထို့အပြင် ခရီးသွားဖော်များ၏ အလေးအပင်အထုပ်အပိုးများကို ဝိုင်းကူထမ်းပေးလေ့ရှိသည်။ လမ်းတစ်လျှောက် ရယ်စရာ မောစရာများလည်း အလွန်ပြောတတ်ပြီး အားလုံးက ချစ်ခင်လေးစားရသော ဆရာတစ်ဦးပင်ဖြစ်သည်။ သူသည် ဆရာအလုပ်ကို မလုပ်မီက ဆံပင်ညှပ်အလုပ်ကိုလည်း လုပ်ခဲ့သူဖြစ်၍ လမ်းခရီးတစ်ထောက် အနားယူသော ကျေးရွာများမှ ကလေးများကိုပင် ဆံပင်ညှပ်ပေးလိုက်သေးသည်။

**ခရီးတွေက အတော်ကြမ်း**

ဆရာဒိုင်ဇောင်းက ပြောပြသည်မှာ " ခရီးတွေက အတော်ကြမ်းတမ်းပါတယ်။ အသက်အန္တရာယ်အထိတောင် စိုးရိမ်ရပါတယ်။ ဒါပေမယ့်လည်း ကျွန်တော်တို့ မရောက်ဖူးတဲ့ဒေသတွေကို ရောက်တယ်။ တစ်ခါမှ မရောက်ဖူးတဲ့ ကချင်ပြည်နယ်ရဲ့ တောတောင်အလှတွေကို မြင်တွေ့ရလို့ ဒီဒေသကို ချစ်မြတ်နိုးမိပါတယ်။ ဒါကြောင့်လည်း ဒီဒေသကကလေးတွေကို ပညာတတ်တွေ ဖြစ်စေချင်ပါတယ်။ ဖြစ်အောင်လည်း စနစ်သစ်ရဲ့ သင်ယူမှု၊ သင်ကြားမှုနဲ့အတူ ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ သင်ကြားပေးသွားမှာ ဖြစ်ပါတယ်။ ဘယ်လိုပဲကြမ်းတမ်းတဲ့ခရီးဖြစ်ပါစေ ခေါင်လန်ဖူးဒေသက ကလေးတွေ ပညာတတ်စေချင်တဲ့ စေတနာကတော့ ဘယ်အရာနဲ့မှ လဲလို့ရတော့မှာ မဟုတ်တော့ပါဘူး။ ဘာလို့လဲဆိုတော့ ဒီခရီးဟာ အလွန်ခက်ခဲကြမ်းတမ်းလှကာ အသက်နဲ့ရင်းနှီးပေးဆပ်ပြီး လာခဲ့ရတဲ့ခရီးဖြစ်နေလို့ပါ"ဟု ပြောသည်။



ခေါင်လန်ဖူးမြို့နယ် ရီဒမ်းရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)ကို တွေ့ရစဉ်။

ကျွန်တော်တို့ နဝမ်ဂေါင်စခန်းကစထွက်တော့ နံနက် ၈ နာရီပင်ထိုးပြီ။ ချောင်းရေစီးဆင်းသံများ တဝေါဝေါ၊ တဖြောဖြော။ လေးဖက်လေးတန်မြင့်မားသော တောင်တန်းကြီးများက ရှုမျှော်မဆုံး။ ရွှံ့ညွန်အထပ်ထပ်၊ ကျောက်တုံးကျောက်ဆောင်အထပ်ထပ်ပြည့်နေသော တောင်တက်ခရီးကြမ်းကို စတင်လေပြီ။ လူတိုင်းကိုယ်စီ တောင်ဝှေးတစ်ချောင်းစီကိုင်ထားသည်။ တောင်ဝှေးသည် ထိုတောင်တက်ခရီးအတွက် အတော်လေးအားကိုးရသည်။ ခြေထောက်နှစ်ချောင်းဖြင့်ထိန်း၍ လျှောက်မရသောနေရာတွင် တောင်ဝှေးနှင့် လှမ်းထောက်လိုက်သဖြင့် ရှေ့ကို ခြေလှမ်းအဆင်ပြေစွာ လှမ်းနိုင်သည်။ ရုတ်တရက် လဲမကျအောင်လည်း တောင်ဝှေးက ထိန်းထားနိုင်သည်။ တောင်ဝှေးသည် ကျွန်တော်တို့အတွက်တော့ ခြေထောက်တစ်ချောင်းပင်ဖြစ်သည်။ ထို့ကြောင့် တောင်တက်လာကြသူအပေါင်းတို့သည် ခြေထောက်သုံးချောင်းနှင့် လူသားများဟုဆိုနိုင်သည်။

တောင်တက်ခရီးကြမ်းနှင်ခဲ့သည်မှာ အချိန်အတန်ကြာခဲ့ပြီ။ ခါးကုန်းသူကုန်း၊ ဒူးနှိပ်သူနှိပ်၊ လျှာထွက်သူထွက် အားလုံးက မောဟိုက်နေကြသည်။ ချွေးများပင် တစ်ကိုယ်လုံးစို့ရွှဲလာသည်။ အလွန်မြင့်မားသော တောင်ထိပ်တစ်နေရာအရောက်တွင် ခဏတာရပ်နားကြသည်။ ဧရာဝတီမြစ်၏ မိဘတစ်ဦးဖြစ်သည့် ` မေခကို လှပစွာ တွေ့လိုက်ရသည်။ မေခမြစ်သည် တောင်တန်းကြီးနှစ်သွယ်ကြားမှ ကွေ့ကာဝိုက်ကာ လှပစွာစီးဆင်းနေသည်ကို တောင်ထိပ်အပေါ်စီးမှ မြင်ရသည်။ ကျွန်တော်တို့အားလုံး မေခမြစ်ကြီးကို ကျောထောက်နောက်ခံထား၍ အမှတ်တရဓာတ်ပုံရိုက်ကြသည်။ အမောဖြေကြသည်။

မေခနှင့် မလိခသည် ဧရာဝတီကို မွေးဖွားရာ ဧရာဝတီ၏ မိဘများဟု ဆိုရပေလိမ့်မည်။ ထိုမေခနှင့် မလိခကို မွေးဖွားပေးရာဒေသသည်ကား ပူတာအို၊ ခေါင်လန်ဖူး၊ မချမ်းဘော၊ နောင်မွန်၊ ပန်နန်းဒင်၊ ဆွမ်ပရာဘွမ်ဒေသမှ မြင့်မားသော တောင်တန်းကြီးများ၊ ရေခဲတောင်များ၏ကျေးဇူးကြောင့်ပေတည်း။ တစ်နည်းအားဖြင့် ကချင်ပြည်နယ် ပူတာအိုဒေသသည် ဧရာဝတီမြစ်၏ ရေဝေရေလဲဒေသပင်ဖြစ်၏။ ဤရေဝေရေလဲဒေသရှိ တောတောင်ရေမြေ သဘာဝအလှတရားများကို မပျက်မယွင်းအောင် ထိန်းသိမ်းထားနိုင်မှ ဧရာဝတီ၏အသက်သည်လည်း ဆက်လက်ရှင်သန်နိုင်ပေလိမ့်မည်ဟု အောက်မေ့မိသည်။

**ဒီဒေသက ကလေးတွေကို ပညာတတ်တွေ ဖြစ်စေချင်ပါတယ်။ ဖြစ်အောင်လည်း စနစ်သစ်ရဲ့သင်ယူမှု၊ သင်ကြားမှုနဲ့အတူ ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ သင်ကြားပေးသွားမှာ ဖြစ်ပါတယ်။ ဘယ်လိုပဲကြမ်းတမ်းတဲ့ ခရီးဖြစ်ပါစေ ခေါင်လန်ဖူးဒေသက ကလေးတွေ ပညာတတ်စေချင်တဲ့ စေတနာကတော့ ဘယ်အရာနဲ့မှလဲလို့ရတော့မှာ မဟုတ်တော့ပါဘူး။ ဘာလို့လဲဆိုတော့ ဒီခရီးဟာ အလွန်ခက်ခဲကြမ်းတမ်းလှပြီး အသက်နဲ့ရင်းနှီးပေးဆပ်ပြီး လာခဲ့ရတဲ့ခရီးဖြစ်နေလို့ပါ**

**ဖူးလွမ်းရွာ**

တောင်ထိပ်မှသည် တောင်အောက်သို့ တစ်ဖန်ပြန်ဆင်းရပြန်ပြီ။ ကုန်စည်များ တင်ဆောင်လာသောလားတစ်အုပ်လည်း ကျော်တက်သွားသည်။ ခြေမြန်သောဆရာမသုံးယောက်လည်း တောင်အောက်သို့ ရောက်နှင့်ပြီကို တောင်ပေါ်တစ်နေရာမှ လှမ်းမြင်တွေ့ရသည်။

"အခုရောက်မယ့်ရွာက ဖူးလွမ်းရွာလို့ခေါ်တယ်။ အဲဒီမှာကျောင်းလည်းရှိတယ်။ ကျွန်တော်တို့ အဲဒီမှာ တစ်ထောက်နားကြမယ်"ဟု ကိုဂျေရဲဆာက ပြောသည်။ ဒေသခံများက ထိုရွာကို ဖိုးလုံးရွာဟုလည်း ခေါ်ကြသည်။ ကျွန်တော်တို့အဖွဲ့သည် တောင်ပေါ်မှ တောင်အောက်သို့ တဖြည်းဖြည်းဆင်းလာကြသည်။ ဖူးလွမ်းရွာရောက်ခါနီး ရွာအဝင်လမ်းတွင် ကျွန်တော်တို့အဖွဲ့ကို လာရောက်ကြိုဆိုသောရွာလူကြီးဆိုသူကို တွေ့ရသည်။ ရွာလူကြီးဆိုသူမှာ အသက်အရွယ်အားဖြင့် ၄၀ ခန့်သာရှိမည်။ စွပ်ကျယ်အင်္ကျီချိုင်းပြတ်ဝတ်ဆင်ထားသည်။ မိုးတဖွဲဖွဲရွာနေသဖြင့် ဖိနပ်စီးလာခြင်းမရှိ။ ကျွန်တော်တို့အဖွဲ့ကို ရွာအတွင်းသို့ ဦးဆောင်ခေါ်သွားသည်။ ရွာကို တောင်ထိပ်၌တည်ထား၍ အတန်ကြာအောင် တောင်ပေါ်သို့ တစ်ဖန် ပြန်တက်ရပြန်သည်။

**ခြေထောက်တွေ ကျွတ်ကိုက်**

ရွာရောက်တော့ ရွာလူကြီးက အိမ်အပေါ်ထပ်၌ဧည့်ခံမည်ဖြစ်၍ စီးလာသော တောစီးဖိနပ်များကို ချွတ်ရပြန်သည်။ ဆရာမများ ကိုယ်လက်သန့်စင်ဆေးကြောကြသည်။

စာမျက်နှာ ၇ သို့ ■



ဖူးလွမ်းရွာမှ လီဆူမိန်းမပျိုလေးများနှင့် မိသားစုတို့၏ ဧည့်ခံမှု။



ဖူးလွမ်းကျေးရွာသို့ တောင်တက်ခရီးနှင်နေသော ဆရာ ဆရာမများ။

■ စာမျက်နှာ ၆ မှ

"အဲဒီမှာလုပ်ကြပါဦး။ ခြေထောက်တွေမှာ ကျွတ်တွေ တွယ်ထားလို့လုပ်ကြပါဦး"

ဆရာမနှင်းပွင့်က အော်ဟစ်အကူအညီ တောင်းသည်။ ဒေသခံအမျိုးသမီးတစ်ဦးက ကျွတ်များကို ဆွဲခွာပေးလိုက်သည်။

ခွာလိုက်သောနေရာမှ သွေးများ စီးကျလာသည်။ ထိုဆရာမကိုကြည့်ရင်း ကျွန်တော်လည်း ခြေထောက်ရေဆေးပြီး ဖိနပ်ကိုချွတ်သည်။ ခြေစွပ်အပေါ်မှ သွေးများပြည့်ပြီး တွဲလောင်းဖြစ်နေသော ပျော့ပျော့အိအိ ကျွတ်ကြီးတစ်ကောင် ခြေသလုံးကို အားရပါးရတွယ်ထားသည်ကို တွေ့ရသည်။ ကျွန်တော်လည်း ဖျတ်ခနဲ ဆွဲဖြုတ်လိုက်ရာ အပေါက်ကြီးဖြစ်နေပြီး သွေးများ စီးကျနေသည်။ တော်တော်နှင့်ပင် သွေးမတိတ်။

"ဒီအကောင်ကိုက်တာ တစ်ခုတော့ကောင်းတယ်။ မက်ကလောင်ခြစ်စရာမလိုဘူး"ဟု ဒေသခံ အမျိုးသမီး တစ်ဦးက ပြောသည်။

ခြေထောက်တစ်ခုလုံး သွေးများဖြင့် ပေကျံနေသည်။ အကိုက်ခံရသောနေရာတွင် သွေးတိတ်အောင် ဖိထားပေးဖို့ ဒေသခံအမျိုးသမီးတစ်ဦးက စက္ကူလာပေးသည်။ စက္ကူဖြင့် အကိုက်ခံရသောနေရာကို ကြာကြာဖိထားလိုက်သည်။ ကျွန်တော် ကျွတ်ကိုက်သည့်နေရာကို ဖိကိုင်ရင်း အိမ်အပေါ်ထပ်သို့ လှေကားအတိုင်း တက်သွားရာ အိမ်အပေါ်ထပ်၌ လီဆူမိသားစုက ညှော်ခံလျက်ရှိသည်ကို တွေ့ရသည်။

**လီဆူမိန်းမပျိုလေးများ**

လီဆူမိန်းမပျိုလေးနှစ်ဦးအား မိသားစုဝင်များက ခြံရံလျက် ဆရာမများနှင့် မီဒီယာအဖွဲ့အား ညှော်ခံသည်။ ထိုလီဆူအမျိုးသမီးလေးများမှာ လွန်စွာချောမောကြသူများမဟုတ်။ အတန်အသင့်ရွက်ကြမ်းရေကျိုအလှမျိုးဖြစ်သည်။ တောသူတောင်သားများပီပီ ဖြီးလိမ်းခြယ်သထားခြင်းမရှိ။ သို့သော် ရေမြေကိုလိုက်၍ အသားအရေမှာ ဝင်းဝါစိုပြည်နေသဖြင့် ကြည့်ကောင်းနေသည်။ ထိုမိန်းမပျိုလေးနှစ်ဦးမှာ မီးခိုးတလူလူနှင့် မီးဖိုကြီးဘေးတွင် ဖင်ထိုင်ခုံအသေးလေးများဖြင့် ကျကျနနထိုင်ပြီး ကျွန်တော်တို့ ညှော်သည်များကို ရေနွေးကြမ်း၊ ကော်ဖီတို့ဖြင့် ညှော်ခံသည်။ မိသားစုဝင်များအားလုံးက ၎င်းတို့အား ဝိုင်းရံထားကြသည်။ ဤသို့ညှော်ခံခြင်းမှာ လီဆူတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုတစ်ရပ်ဟု ဆိုသည်။ ရိုးရာအစားအစာတစ်မျိုးအဖြစ် ဒေသဆန်နှင့်ပြုလုပ်ထားသော မုန့်ဖြင့် ညှော်ခံသည်။ ကျွန်တော်တို့ဆီက ပလာတာနှင့်တူသည်။ တစ်ခုစားထားလျှင် အဆာအလွန်ခံသည်ဟုဆိုသည်။ သို့သော် တစ်ခုကုန်အောင် မနည်းစားရသည်။ ထိုအစားအစာနှင့် ကော်ဖီ၊ ရေနွေးကြမ်းတို့သုံးဆောင်ပြီး စကားစမြည်ပြောကာ ခရီးဆက်ကြသည်။

ထိုကျေးရွာ၌ အိမ်ခြေ ၁၀ လုံးမျှသာရှိသည်။ သို့သော် မူလတန်းကျောင်းရှိသည်။ တောင်ပေါ်ကျေးရွာများသည် မြေပြန့်မှာကဲ့သို့ အိမ်ခြေရာနှင့်ချီ၍မရှိ။ ဆယ်ဂဏန်းမျှသာရှိသည်။ စီးပွားရေးမှာလည်း ထူးထူးခြားခြားမရှိ။ အများအားဖြင့် လှေကားထစ်စပါး စိုက်ပျိုးခြင်းနှင့် တောင်ယာစပါးစိုက်ပျိုးခြင်းဖြင့် အသက်မွေးဝမ်းကျောင်းပြုကြသည်။ အများအားဖြင့် ခရစ်ယာန်ဘာသာကို ကိုးကွယ်ကြသည့် ကချင်မျိုးနွယ်စု လီဆူနှင့် ရဝမ်တိုင်းရင်းသားများ ဖြစ်ကြသည်။

ဖူးလွမ်းကျေးရွာမှအထွက် တောင်ကျရေတံခွန်ငယ်များကို တွေ့ရသည်။ ထိုတောင်ကျရေတံခွန်များမှ ရေအားကို အသုံးပြုကာ အလိုအလျောက်စပါးထောင်းပေးနိုင်သည့် ရေအားစပါးထောင်းမောင်းဆုံများကို တွေ့ရသည်။ ထိုရေအားမောင်းဆုံများကို ယနေ့ထက်တိုင် အသုံးပြုနေဆဲဖြစ်ကြောင်း သိရသည်။

**ရီဒမ်းကြိုးတံတား**

လှပသော တောင်တန်းကြီးများနှင့် လှေကားထစ်စိုက်ခင်းများသည် ဖူးလွမ်းကျေးရွာကို တစ်မျိုးတစ်ဖုံ အလှတိုးစေသည်။ ထိုကျေးရွာမှထွက်ခွာလာပြီး တစ်နာရီခွဲခန့်အကြာ ရီဒမ်းကြိုးတံတားသို့ရောက်သည်။ ယင်းကြိုးတံတားသည် ဂျစ်ကားကူးကြိုးတံတားကြီးဖြစ်သည်။ ၂၀၀၆ ခုနှစ်တွင် တိုင်းရင်းသားကုမ္ပဏီဖြစ်သော လပြည့်ဝန်းသတ္တုတူးဖော်ရေးကုမ္ပဏီက ငွေကျပ်သိန်းပေါင်း ၈၈၅၀ အကုန်အကျခံ ဆောက်လုပ်လှူဒါန်းခဲ့ရာ ၂၀၀၈ ခုနှစ် မေလ ၁၁ ရက်နေ့တွင် ဖွင့်လှစ်ကြောင်း၊ အရှည်အားဖြင့် ပေ ၃၆၀ ရှိကြောင်း၊ ခေါင်လန်ဖူးဒေသသို့သွားရောက်ရာတွင် ဒေသခံပြည်သူများနှင့် ဝန်ထမ်းများအတွက် အသက်သွေးကြောသဖွယ် အရေးကြီးသောတံတားကြီးဖြစ်ကြောင်း တံတားအနီး ကမ္ပည်းကျောက်စာတိုင်၌ ရေးသားဖော်ပြထားလေသည်။ ယင်းတံတားကို ဆောက်လုပ်လှူဒါန်းသော လပြည့်ဝန်းကုမ္ပဏီသည် ယခု မဂွေဇ-ခေါင်လန်ဖူးလမ်းကို ဖောက်လုပ်နေသော ကုမ္ပဏီပင်ဖြစ်သည်။

လှပသော မေခမြစ်ကြီးနှင့် တောတောင်အလှအပများကိုငေးမောရင်း ရီဒမ်းဂျစ်ကားကူးကြိုးတံတားကြီးပေါ်မှ ကျွန်တော်တို့ ဖြတ်ကျော်ခဲ့ကြသည်။ ထိုမှတစ်ဖန် ကြမ်းတမ်းလှသော တောင်တက်ခရီးကြမ်းကို ဆက်ကြပြန်သည်။ ရီဒမ်းကျေးရွာရောက်အောင် အတော်ပင် ခရီးနှင်ခဲ့လေပြီ။ ရီဒမ်းကျေးရွာအဝင် ထိုင်စရာနေရာလေးတစ်ခုတွေ့၍ ခဏနားကြသည်။

"ခရီးတွေ အတော်ကြမ်းပါတယ်။ ခြေကျင်ခရီးထွက်လာတာ ဒီနေ့ကတော့ ဒုတိယမြောက်နေ့ပါ။ လမ်းတစ်လျှောက်မှာ အလွန်မြင့်တဲ့တောင်ကြီးတွေလည်း တက်ခဲ့တယ်။ ဒီကြားထဲ အထုပ်တွေ၊ အထမ်းတွေပါတော့ တော်တော်လေးကို ပင်ပန်းပါတယ်။ အသက်ထွက်လုမတတ်ပါပဲ။ ရွှံ့အိုင်ဗွက်အိုင်တွေထဲက ကျွတ်ကိုက်တာလည်း မပြောပါနဲ့တော့။ ခြေထောက်တွေမှာ သွေးတွေစီးကျနေတာ မြင်မကောင်းပါဘူး။ ဒီလောက်ကြမ်းတဲ့ခရီး တစ်ခါမှ မကြုံဖူးပါဘူး"ဟု မိုးမောက်မြို့မှ လာရောက်တာဝန်ထမ်းဆောင်သည့် ဆရာမ ဒေါ်စီစီခွန်ထွေးက ပြောသည်။

ဆရာမဒေါ်စီစီခွန်ထွေးမှာ ဖြတ်သန်းလာသော ခရီးကြမ်းအကြောင်းကိုပြောပြရင်း မျက်လုံးအိမ်မှ မျက်ရည်များပင် ဝဲလာသည်။ ကျလာတော့မည့် မျက်ရည်စများကို ဘယ်ဘက်လက်အင်္ကျီစနှင့် ဖျတ်ခနဲ ဆွဲသုတ်လိုက်သည်။ ထိုနေရာမှ ခရီးဆက်ကြပြန်သည်။ အချိန်ကားနံနက် ၁၀ နာရီထိုးပြီ။ ရီဒမ်းကျေးရွာကိုမဝင်မီ ကျောင်းကိုတွေ့၍ ဝင်ကြည့်ကြသည်။ ကျောင်းသားအချို့ ကျောင်းထဲတွင် ထိုင်နေကြသည်။ အချို့ကလေးများမှာ ကျောင်းရှေ့တွင် ဆော့ကစားနေကြသည်။ ဆရာ ဆရာမ ရောက်မလာသေးဟု ဆိုသည်။

စာမျက်နှာ ၈ သို့ ■

❖ လှပသော တောင်တန်းကြီးများနှင့် လှေကားထစ်စိုက်ခင်းများသည် ဖူးလွမ်းကျေးရွာကို တစ်မျိုးတစ်ဖုံ အလှတိုးစေသည်။ ထိုကျေးရွာမှ ထွက်ခွာလာပြီး တစ်နာရီခွဲခန့် အကြာ ရီဒမ်းကြိုးတံတားသို့ရောက်သည်။ ယင်းကြိုးတံတားသည် ဂျစ်ကားကူးကြိုးတံတားကြီးဖြစ်

❖ ခေါင်လန်ဖူးဒေသသို့ သွားရောက်ရာတွင် ဒေသခံပြည်သူများနှင့် ဝန်ထမ်းများအတွက် အသက်သွေးကြောသဖွယ် အရေးကြီးသော တံတားကြီးဖြစ်



ဂျစ်ကားကူး ရီဒမ်းကြိုးတံတား။



နဝမ်ဂေါင်စခန်းမှ စတင်ထွက်ခွာလာသော ဆရာ ဆရာမများ။



လုံးစမ်းဝမ်ကျေးရွာမှ လီဆူတိုင်းရင်းသူလေးများ။

■ စာမျက်နှာ ၇ မှ

"ဒီကျောင်းကို ကျွန်မရောက်လာတာ သုံးရက်ပဲ ရှိသေးတယ်။ ကျောင်းသားဦးရေတော့ အတိအကျမသိသေးဘူး။ ၂၀ ကျော်လောက်ပဲ ရှိမယ်ထင်တယ်။ လေးတန်းကတော့ နှစ်ယောက်ပဲရှိတယ်။ ဆရာအစုံအလင်မရောက်ကြသေးဘူး။ စုစုပေါင်း ဆရာ ငါးယောက်လောက်တော့ ရှိမယ်ထင်တယ်"ဟု မြစ်ကြီးနားမြို့မှ လာရောက်သော ဆရာမဒေါ်နွယ်နွယ်ထွန်းက ပြောသည်။ ရီဒမ်းကျေးရွာ အလယ်တန်းကျောင်းခွဲလေးသည် မေခမြစ်နံဘေးတွင် တည်ရှိပြီး အေးချမ်းသာယာလှသော စာသင်ကျောင်းလေး ဖြစ်သည်။

**ရီဒမ်းကျေးရွာဗိုလ်တဲ**

ရီဒမ်းကျေးရွာသို့ ဆက်လက်ခရီးထွက်ခွာလာကြရာ နံနက် ၁၁ နာရီခန့်တွင် ရောက်ရှိသည်။ ရွာအဝင်ဝ ဗိုလ်တဲတွင် တစ်ထောက်နားကြသည်။ ဗိုလ်တဲမှာ လမ်းဘေးဈေးဆိုင်အိမ်ဖြစ်၍ ခရီးသွားများ ဝင်ရောက်အနားယူရာတွင် အဆင်ပြေလှသည်။ တောင်စောင်းဘေးတွင် နေစရာထိုင်ခုံစားပွဲလေးနှင့် ရေနွေးအိုးဓာတ်ဘူးကြီး တစ်လုံးအပြည့်ချထားပေးသည်။ ခရီးပန်းလာသော ဆရာ ဆရာမများ ရေငတ်ငတ်ဖြင့် ရေနွေးကို ပူပူလောင်လောင် တဖူးဖူးမှုတ်သောက်ကြသည်။ တဝေါဝေါစီးဆင်းနေသော မေခမြစ်ကိုကြည့်ရင်း ရေနွေးပူပူလေးသောက်လိုက်ရသည်မှာ အရသာရှိလှသည်။ မောပန်းလာသော ခရီးသည် အခိုက်အတန့်အားဖြင့် အမောပြေသွားသည်။

အမောဖြေရင်း ဟိုကြည့်ဒီကြည့် မျက်စိကစားလိုက်သည်။ နေအိမ်များကို တောင်ကမ်းပါးယံတွင် ဆောက်ထားကြသည်။ အိမ်ခြေမှာ မများလှ။ ဆယ်အိမ်ခန့်သာ ရှိမည်ထင်သည်။ ဒေသခံများ၏အပြောအရ ရီဒမ်းကျေးရွာသည် ရွှေအလွန်ထွက်ကြောင်း သိရသည်။ ရွှေကျင်ခြင်း အလုပ်ကို လုပ်ကြသူများအဖို့ တစ်နေ့ ရွှေး ၃၀ လောက် အထိရရှိနိုင်ကြောင်း သိရသည်။

ရီဒမ်းရွာမှ တဖြည်းဖြည်း ခရီးဆက်ထွက်ခဲ့ကြသည်။ လမ်းခရီးတွင် ပူတာအိုမြို့မှ ဦးနာဂျစ်ကျောင်းတူး ဆိုသူနှင့် တွေ့သည်။

"ကျွန်တော်တို့ဒေသမှာက ဆရာ ဆရာမတွေက မမြဲကြဘူး။ ခဏနေပြီး ပြန်သွားကြတာ များတယ်။ ကလေးတွေက မြန်မာစကားတောင် ကောင်းကောင်း မပြောတတ်ကြပါဘူး။ ဒီလိုနဲ့ပဲ လားမောင်း၊ တောင်ယာလုပ်နဲ့ ဘဝတွေက ဆုံးနေကြတယ်။ အခုလို နိုင်ငံတော်ကနေ ဆရာ ဆရာမတွေ ခန့်ထားပေးလို့ ဝမ်းသာပါတယ်ဗျာ "ဟု ခရီးလမ်းတွင်ဆုံခိုက် ကျွန်တော်တို့အဖွဲ့ လာရောက်ရခြင်းအကြောင်းကိုမေးရင်း ဦးနာဂျစ်ကျောင်းတူးက ပြောသည်။

**ထူးခြားချက်မှာ ထိုဆိုင်များတွင် နားစရာခုံတန်းလေးများနှင့် ရေနွေးအဖြူ၊ ရေနွေးကြမ်းတို့ကို ဓာတ်ဘူးကြီးများဖြင့် ထည့်ထားပေးလေ့ရှိသည်။ ခရီးဝေးမှလာသော ခရီးသွားများ၊ လားသမားများ၊ ဆိုင်ကယ်ကယ်ရီသမားများ ခဏတာနားခိုရင်း အမောပြေသောက်ရန်ဖြစ်သည်။ ကျွန်တော်တို့အတွက်တော့ ထိုလားစခန်းလေးသည် အပန်းဖြေစခန်းဖြစ်သည်။ ကြိုးတံတား၊ လှေကားထစ်စိုက်ခင်းများ၊ တောင်တန်းကြီးများနှင့် ရေတံခွန်ချောင်းတို့သည် အကောင်းဆုံး အပန်းဖြေစခန်းဖြစ်**

ထိုမှဆက်လက်၍ တဖြည်းဖြည်း တအိအိ ဆက်လျှောက်လာကြရာ ညနေစောင်းသည့်အခါ လော်ဒဲကျေးရွာအနီး လားစခန်းသို့ရောက်သည်။ ဆရာဂျေရဲဆာနှင့် MRTV အဖွဲ့သားများ လော်ဒဲကျေးရွာတွင် တာဝန်ကျသော ဆရာမ နှစ်ဦးကို လိုက်ပို့ကြသည်။ လော်ဒဲကျေးရွာတွင် တာဝန်ကျသော ဆရာမများအား ကျေးရွာအုပ်ချုပ်ရေးမှူးက လာရောက်ကြိုဆိုသည်။

လော်ဒဲကျေးရွာတွင် တာဝန်ကျသော ဆရာမများ အနေဖြင့် ဆန်တစ်မျိုးသာ ဝယ်စားရမည်ဖြစ်ကြောင်း၊ ဆန်ကို ဒေသပေါက်ဈေး တစ်ဝက်ဈေးဖြင့် ရောင်းချပေးမည်ဖြစ်ကြောင်း၊ အခြားသော အသီးအရွက်များကို အခမဲ့ပေးမည်ဖြစ်ကြောင်း၊ တောကောင်များရှိပါက ဆရာမများအတွက် တစ်ပုံပေးရမည်ဖြစ်ကြောင်း လော်ဒဲကျေးရွာ အုပ်ချုပ်ရေးမှူးက ပြောသည်။ သို့သော်လည်း ခေါင်လန်ဖူးဒေသသည် ဆန်အလွန်ရှားပါးသည်။ ပူတာအိုတွင် ဆန်တစ်အိတ် ငွေကျပ် ၃၅၀၀၀ ဝန်းကျင်ပေးရသောဆန်ကို ခေါင်လန်ဖူးဒေသတွင် ကျပ်တစ်သိန်းအထက် ဈေးပေါက်နေသည်။ အစစအရာရာ ခေါင်လန်ဖူးကုန်ဈေးနှုန်းသည် မြေပြန့်ထက် သုံးဆပိုနေသည်။

လော်ဒဲကျေးရွာမှာ ရဝမ်ထူးလားစခန်းမှ အပေါ်ကို တစ်မိုင်ကျော်တက်ရသည်။ ထိုည လော်ဒဲကျေးရွာ၌ပင် သူတို့အိပ်ကြသည်။ ကျွန်တော်ကတော့ တောင်အောက် ရဝမ်ထူးချောင်းလားစခန်းရှိ ဈေးဆိုင်၌ပင် ညအိပ်သည်။ လားစခန်းဈေးဆိုင်ဟုဆိုသော်လည်း လော်ဒဲမှ ထလားလော် - ခေါင်လန်ဖူးသို့သွားရောက်ရာ လမ်းဘေးတွင်ရှိနေ၍ လားသမား၊ ဆိုင်ကယ်သမား ခရီးသွားစုံလင်လှသည်။ လားသမားများ လားများပေါ်မှ အထုပ်အပိုးဝန်စည်စလယ်များ ခဏဖြုတ်ချထားပြီး အနားပေးရာနေရာဖြစ်သည်။

**လားဈေး**

"လားတွေက ဆန်းလွတ်ချက်တောင်ခြေရင်းကနေ ခေါင်လန်ဖူးကိုသွားရင် ဒီနေရာမှာ တစ်ထောက်နားကြတယ်။ ဒီမှာ မနားဘဲနဲ့ ထလားလော်မှာ နားတာလည်း ရှိတယ်။ လားတစ်ကောင်ကို အချိန်ပိဿာ ၃၀ လောက် တင်နိုင်တယ်။ လားတစ်ကောင်ကို တင်ခအနည်းဆုံး ခရီးတစ်ခု ကျပ် ၅၀၀၀၀ လောက်ပေးရတယ်။ လားဈေးကတော့ နှစ်မျိုးရှိတယ်။ ပူတာအိုဘက်မှာသုံးတဲ့ လားကတော့ ဈေးနည်းတယ်။ ခြောက်သိန်းလောက်ပဲရှိတယ်။ ခေါင်လန်ဖူးမှာသုံးတဲ့ လားတွေကတော့ ဈေးများတယ်။ တစ်ကောင်ကို ကျပ် ၁၅ သိန်းလောက်ရှိတယ်။ တရုတ်လားတွေ၊ အကောင်လည်းကြီးတယ်၊ ကုန်လည်း ပိုနိုင်တယ်"ဟု ထလားလော်ကျေးရွာမှ လားမောင်းဆရာကိုအားတီက ပြောသည်။

ထိုနေရာသည် ဆိုင်ကယ်ကယ်ရီသမားများလည်း ရပ်နားရာနေရာ ဖြစ်သည်။ ရီဒမ်းကျေးရွာမှ ခေါင်လန်ဖူးအထိ ဆိုင်ကယ်စီးခ ကျပ် ၈၀၀၀၀ မှ ၁၀၀၀၀၀ အထိ ဈေးရှိကြောင်း သိရသည်။ သို့သော် တောင်ဆင်း၊ တောင်တက်ကြမ်းလွန်း၍ အများစုမှာ မစီးရဲကြပေ။ ခရီးကို အမြန်သွားလိုသောသူများသာ စီးကြသည်။

ထိုလားစခန်း၌ ကြိုးတံတားတစ်ခုနှင့် လှပသော ချောင်းတစ်ခုရှိသည်။ ကျောက်တုံးကျောက်ဆောင်များနှင့် ရေတံခွန်ချောင်းမှာ တဝေါဝေါစီးဆင်းလျက်ရှိသည်။ ထိုရေတံခွန်ချောင်း၌ပင် ခရီးသွားများရေချိုးကြသည်။ လားများကို ရေတိုက်အစာကျွေးကြသည်။

ကြိုးတံတား၏တစ်ဖက်တွင် လိုတရဆိုင်ကြီး နှစ်ဆိုင်ရှိသည်။ ဆိုင်ကယ်ပစ္စည်း၊ လားပစ္စည်း၊ တောစီးဖိနပ်၊ စားစရာမုန့်မျိုးစုံနှင့် အချိုရည်ဘူးများ ရောင်းသည်။ သို့သော် ဈေးအလွန်ကြီးသည်။ မြေပြန့်တွင် ကျပ် ၅၀၀ ဖြင့် ရောင်းသော အချိုရည်ဘူးသည် ထိုဆိုင်များတွင် ကျပ် ၂၀၀၀ ဖြင့်ရောင်းသည်။ ထိုဆိုင်မှမဟုတ်၊ ခေါင်လန်ဖူး ဒေသရှိ အခြားသောဆိုင်များတွင်လည်း ထိုဈေးနှုန်း အတိုင်းပင်ဖြစ်သည်။

ထူးခြားချက်မှာ ထိုဆိုင်များတွင် နားစရာခုံတန်းလေးများနှင့် ရေနွေးအဖြူ၊ ရေနွေးကြမ်းတို့ကို ဓာတ်ဘူးကြီးများဖြင့် ထည့်ထားပေးလေ့ရှိသည်။ ခရီးဝေးမှလာသော ခရီးသွားများ၊ လားသမားများ၊ ဆိုင်ကယ်ကယ်ရီသမားများ ခဏတာနားခိုရင်း အမောပြေသောက်ရန်ဖြစ်သည်။ ကျွန်တော်တို့အတွက်တော့ ထိုလားစခန်းလေးသည် အပန်းဖြေစခန်းဖြစ်သည်။ ကြိုးတံတား၊ လှေကားထစ်စိုက်ခင်းများ၊ တောင်တန်းကြီးများနှင့် ရေတံခွန်ချောင်းတို့သည် အကောင်းဆုံးအပန်းဖြေစခန်းဖြစ်သည်။

ညနေပိုင်းတွင် ရေတံခွန်ချောင်းအတွင်း ရေခဲငါးဖမ်းကြသူများ၊ ရေခပ်၊ ရေချိုးသူများ၊ လားရေတိုက်သူများဖြင့် စည်ကားလျက်ရှိသည်။ အနီးအနားကျေးရွာများမှ ဈေးဆိုင်လာရောက်ဖွင့်လှစ်သော ခေါင်လန်ဖူးဒေသ သမီးပျိုလေးများကိုလည်း ထိုရေတံခွန်ချောင်းအတွင်း ညနေရေခပ်ဆင်းချိန်၌ တွေ့ရလေ့ရှိသည်။ လုံးစမ်းဝမ် ကျေးရွာသူများဖြစ်ကြောင်း သိရသည်။

ခေါင်လန်ဖူးဒေသ သမီးပျိုလေးများမှာ တောတောင်များတွင်နေထိုင်ကြရသည့်တိုင် တောသူများနှင့်မတူကြပေ။ မြို့ကြီးသူများကဲ့သို့ ချောမောလှပကြသည်ကို သတိပြုမိသည်။ တောင်တန်းနေသူများဖြစ်၍ မိန်းမပျိုလေးများသည် ပိန်ပိန်ပါးပါး၊ အသားဖြူဖြူ၊ ကျစ်ကျစ်လျစ်လျစ်ရှိလှသည်။ ရာသီဥတုသည် အေးမြသောသဘောရှိ၍ အသားအရေမှာ စိုပြည်လှပနေကြသည်။

ဈေးဆိုင်ကြီးတစ်ဆိုင်၌ ဈေးရောင်းနေသူတစ်ဦးမှာ လုံးစမ်းဝမ်ကျေးရွာမှ လီဆူတိုင်းရင်းသူလေးတစ်ဦး ဖြစ်သည်။ သူက ခေါင်လန်ဖူးတွင် တက္ကသိုလ်ဝင်တန်း အထိ ပညာသင်ယူခဲ့ကြောင်း၊ ပညာသင်တစ်ပိုင်းတစ်စဖြင့် ကျောင်းထွက်ခဲ့ရကြောင်း၊ သူ့လိုပင် ကျောင်းရပ်နားခဲ့ရသော ကျောင်းသား ကျောင်းသူအများအပြားရှိကြောင်း သိရသည်။

ခေါင်လန်ဖူးမြို့နယ်တွင် တက္ကသိုလ်ဝင်တန်း အောင်ချက် သုညဖြစ်ခဲ့သည်မှာ ပြီးခဲ့သည့်စာသင်နှစ်အပါအဝင် ကိုးနှစ်ဆက်တိုက်ရှိခဲ့ပြီးဖြစ်ကြောင်း၊ ခေါင်လန်ဖူး စာစစ်ဌာနမှအောင်မြင်သော ကျောင်းသား ကျောင်းသူ ကိုးနှစ်အတွင်း တစ်ဦးတစ်ယောက်မျှမရှိကြောင်း သိရသည်။ ။



# ရခိုင်ပြည်နယ် ဓမ္မာရုံထိန်းသိမ်းစောင့်ရှောက်ရေးဂေါပကအဖွဲ့၏ ဒုတိယအကြိမ် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပ

**ရန်ကုန် အောက်တိုဘာ ၂၀**

ရခိုင်ပြည်နယ် ဓမ္မာရုံထိန်းသိမ်းစောင့်ရှောက်ရေးဂေါပကအဖွဲ့၏ ဒုတိယအကြိမ် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ရွှေတိဂုံစေတီတော် အရှေ့ဘက်မုခ်ရှိ ရခိုင်ပြည်နယ်ဓမ္မာရုံ၌ ကျင်းပသည်။

**သာသနာတော်ဆိုင်ရာများ လျှောက်ထား**

ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့ကာ မင်္ဂလာစည်တော်ဖြင့် ဖွင့်လှစ်ပေးပြီး ရခိုင်ပြည်နယ် ဓမ္မာရုံဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးစောသိန်းက အခမ်းအနားဖွင့်စာတမ်းဖြင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ဖွင့်လှစ်ကြောင်း လျှောက်ထားသည်။

ထို့နောက် ရခိုင်ပြည်နယ် ဓမ္မာရုံဂေါပကအဖွဲ့ ဦးဆောင်နာယက ရန်ကုန်တိုင်းဒေသကြီး ရခိုင်တိုင်းရင်းသားရေးရာဝန်ကြီး ဦးဇော်အေးမောင်က သာသနာတော်ဆိုင်ရာများ လျှောက်ထားသည်။

**တရားတော်များ ရွတ်ပွားချီးမြှင့်**

ဆက်လက်၍ ဗဟန်းမြို့နယ် မင်္ဂလာတိုက်ကျောင်းကျောင်းတော်ရာ ရွှေကျင်တိုက်ဆရာတော် အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဥာဏထံမှ ပရိသတ်က ငါးပါးသီလခံယူဆောက်တည်ကြပြီး ကြွရောက်တော်မူလာကြသော ဆရာတော်၊သံဃာတော်များက မေတ္တာသုတ်တရားတော်များ ရွတ်ပွားချီးမြှင့်တော်မူကြသည်။




ယင်းနောက် ရွှေပြည်သာမြို့နယ် အောင်ဆန်းတောရ ပရိယတ္တိစာသင်တိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသုဇာတာဘိဝံသက ဆွမ်းဆန်စိမ်းလောင်းလှူရခြင်း အကျိုးတရားတော်ကို မြွက်ကြားချီးမြှင့်တော်မူပြီး ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများက လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဒဂုံမြို့သစ်(ဆိပ်ကမ်းမြို့နယ်) အလိုတော်ပြည့် ဓမ္မာစရိယတက္ကသိုလ် ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တသုစိတ္တာဘိဝံသထံမှ ပရိသတ်က လှူဒါန်းမှုအစုစုတို့အတွက် အနုမောဒနာတရားနာကြားကြပြီး ရေစက်သွန်းလောင်း အမျှပေးဝေကြကာ ကြွရောက်တော်မူလာကြသည့် ဆရာတော်၊ သံဃာတော်များအား ဆွမ်းဆန်စိမ်း လောင်းလှူကြသည်။

ရီရီမြင့်

# နီပေါဖက်ဒရယ်ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာ

**နေပြည်တော် အောက်တိုဘာ ၂၀**

မြန်မာနိုင်ငံ၌ တရားဝင်ချစ်ကြည်ရေး ခရီးရောက်ရှိနေသော နီပေါဖက်ဒရယ် ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ မစ္စစ် ဘီဒီယာ ဒေဗီ ဘန်ဒါရီ ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ချစ်ကြည်ရေးခရီးစဉ် ပြီးဆုံး၍ ယနေ့ မွန်းလွဲ ၁၂ နာရီ ၂၂ မိနစ်တွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာသွားသည်။

နီပေါနိုင်ငံ သမ္မတနှင့်အဖွဲ့အား သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရ ဦးအောင်ကို၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ နီပေါသံအမတ်ကြီး မစ္စတာ ဘင်းကေအူးဒက်စ်၊ နီပေါနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး သီရိပျံချီ ဦးထွန်းနေလင်းနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

ထိုသို့ ပို့ဆောင်စဉ်လေဆိပ်ဧည့်ခန်းမ၌ နီပေါနိုင်ငံသမ္မတ မစ္စစ် ဘီဒီယာ ဒေဗီ ဘန်ဒါရီအား ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက မြန်မာနိုင်ငံ ခရီးစဉ်အတွင်း ရိုက်ကူးထားသော မှတ်တမ်းဗီဒီယိုနှင့် မှတ်တမ်းဓာတ်ပုံ စီဒီများကို အမှတ်တရလက်ဆောင် ပေးအပ်သည်။ **သတင်းစဉ်**



နီပေါဖက်ဒရယ် ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ မစ္စစ် ဘီဒီယာ ဒေဗီ ဘန်ဒါရီ ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ပြည်ထောင်စုဝန်ကြီး သူရ ဦးအောင်ကို၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြစဉ်။

## ဒေါ်မွေးမွေးခိုင်အား အီတလီသမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် ပြောင်းရွှေ့ခန့်အပ်

**နေပြည်တော် အောက်တိုဘာ ၂၀**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတသည် ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံး၊ နယူးယောက်မြို့မှ ဒုတိယ အမြဲတမ်းကိုယ်စားလှယ် ဒေါ်မွေးမွေးခိုင်အား အီတလီသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ပြောင်းရွှေ့ ခန့်အပ်လိုက်ပြီး ဖြစ်သည်။

**သတင်းစဉ်**

## မိုးမိုး(အင်းလျား) (၇၅) နှစ်ပြည့် မွေးနေ့အထိမ်းအမှတ် ဝတ္ထုတိုပြိုင်ပွဲ ဆုရရှိသူများစာရင်းနှင့် လုံးချင်းဝတ္ထုစာအုပ် သုံးသပ်ချက်စာတမ်းပြိုင်ပွဲ ရွေးချယ်ခံရသူများ စာရင်းထုတ်ပြန်

**ရန်ကုန် အောက်တိုဘာ ၂၀**

မိုးမိုး(အင်းလျား) (၇၅) နှစ်ပြည့် မွေးနေ့အထိမ်းအမှတ် မိုးမိုး(အင်းလျား) အမှတ်တရ ဝတ္ထုတိုပြိုင်ပွဲတွင် ဆုရရှိသူများစာရင်းနှင့် မိုးမိုး(အင်းလျား)၏ လုံးချင်းဝတ္ထု စာအုပ်သုံးသပ်ချက် စာတမ်းပြိုင်ပွဲတွင် အရွေးချယ်ခံရသူများ စာရင်းကို ပြိုင်ပွဲကျင်းပရေးကော်မတီက ယနေ့တွင် ထုတ်ပြန်ကြေညာလိုက်ကြောင်း သိရသည်။

မိုးမိုး(အင်းလျား)အမှတ်တရ ဝတ္ထုတိုပြိုင်ပွဲတွင် ခန့်ကျော်ထင်လှိုင်(လှိုင်ကော်)က **သားကောင်များ** ဝတ္ထုတိုဖြင့် ပထမဆု၊ ထန်က **ကမ္ဘာမီးလောင်နေသည်** ဝတ္ထုတိုဖြင့် ဒုတိယဆုနှင့် သခင်(ဇလွန်မြေ)က **အိပ်တန်းပြန်ငှက်** ဝတ္ထုတိုဖြင့် တတိယဆုရရှိကြောင်း သိရသည်။

ကိုအောင်(ဒိုက်ဦး)က **တိုက်ပွဲကြားမှကဗျာသစ္စာ** ဝတ္ထုတိုဖြင့် နှစ်သိမ့်ဆု(၁)၊ မောင်စံဝင်း(ဗန်းမော်)က **ယမ်းငွေ့ကြားက မြစ်တစ်စင်း** ဝတ္ထုတိုဖြင့် နှစ်သိမ့်ဆု(၂)၊ ဉာဏ်လင်းအောင်က **ဖြတ်လျှောက်ဘဝများ** ဝတ္ထုတိုဖြင့် နှစ်သိမ့်ဆု(၃)၊ နိုင်မြင့်က **ရေစီးကြောင်း၏ ပြောင်းလဲရာသို့** ဝတ္ထုတိုဖြင့် နှစ်သိမ့်ဆု(၄)၊ သဉ္ဇာလှိုင်(လားရှိုး)က **အရပ်ကလေးကိုမှအားမနာပါးမနာ** ဝတ္ထုတိုဖြင့် နှစ်သိမ့်ဆု(၅)၊ မင်းအဂ္ဂ(ဆင်တဲဝ)က **ချိုတမြမြခါးသလေ့လေ့** ဝတ္ထုတိုဖြင့် နှစ်သိမ့်ဆု(၆)၊ မိုးကျော်စိုး(မကွေး)က **အလံတော် တလူလူ လွင့်လေမှ** ဝတ္ထုတိုဖြင့် နှစ်သိမ့်ဆု(၇)၊ ဆန်းငယ်သွေး(ပုတီးကုန်း)က **ထမင်းတလုပ် ရေတမှုတ်** ဝတ္ထုတိုဖြင့် နှစ်သိမ့်ဆု(၈)နှင့် မြတ်နှင်းအေးက **မိမိုးလေးဖို့ကြက်သားတစ်တုံး** ဝတ္ထုတိုဖြင့် နှစ်သိမ့်ဆု(၉)တို့ရရှိကြသည်။

မိုးမိုး(အင်းလျား)၏ လုံးချင်းဝတ္ထုစာအုပ် သုံးသပ်ချက်စာတမ်းပြိုင်ပွဲတွင် အရွေးချယ်ခံရသူများစာရင်းမှာ မြတ်လေးမောင်က **ရွှေတိဂုံကိုမြင်လျှင်** ဝတ္ထုစာအုပ်သုံးသပ်ချက်စာတမ်းဖြင့် နံပါတ်(၁)၊ မိုးနေက **ဂျိုး** ဝတ္ထုစာအုပ်သုံးသပ်ချက်စာတမ်းဖြင့် နံပါတ်(၂)၊ ကိုတူး(သာယာမြိုင်)က **ပေလီဓာတ်လမ်း** ဝတ္ထုစာအုပ်သုံးသပ်ချက်စာတမ်းဖြင့် နံပါတ်(၃)၊ မိုးသက်အောင်(မြန်မာစာ)က **ငြိမ်းကိုရှက်ပါ** ဝတ္ထုစာအုပ် သုံးသပ်ချက်စာတမ်းဖြင့် နံပါတ်(၄)၊ ခတ္တာခင်က **ညီမလေးကအချစ်ကို ကိုးကွယ်သတဲ့လား** ဝတ္ထုစာအုပ်သုံးသပ်ချက်စာတမ်းဖြင့် နံပါတ်(၅)နှင့် မင်းစိုးသူရက **ရွက်လှပန်း** ဝတ္ထုစာအုပ်သုံးသပ်ချက် စာတမ်းဖြင့် နံပါတ်(၆)တို့ဖြစ်ကြောင်း သိရသည်။

ဆုရရှိကြသူများနှင့် အရွေးချယ်ခံရသူများအနေဖြင့် မဆုပြည့်လင်း၊ ဖုန်း ၀၉-၄၂၈၃၄၄၅၆၆ ထံ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

❖ **ကျောဖုံးမှ**

အိန္ဒိယကစားသမား ကာနီကာကို ၂၁-၁၄ မှတ်၊ ၂၁-၁၇ မှတ်၊ ဆီမီးဖိုင်နယ်တွင် ပီရူးကစားသမား ဒန်နီလာကို ၂၁-၈ မှတ်၊ ၂၁-၁၃ မှတ်ဖြင့် နှစ်ပွဲပြတ်ဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။ ဗိုလ်လုပွဲတွင်မူ သက်ထားသူဇာသည် ပထမပွဲငယ်တွင် ၂၁-၆ မှတ်ဖြင့် အပြတ်အသတ်အနိုင်ရခဲ့သလို ဒုတိယပွဲငယ် ၁၁-၁ မှတ်ဖြင့် အနိုင်ရနေချိန်တွင် ပြိုင်ဘက်ကစားသမား ဆက်လက်မယှဉ်ပြိုင်ဘဲ အရှုံးပေးခဲ့သောကြောင့် သက်ထားသူဇာ ဗိုလ်စွဲခဲ့ခြင်းဖြစ်သည်။

**သတင်း- ရှိုင်းထက်ဇော်၊ ဓာတ်ပုံ- သက်ထားသူဇာ Facebook**

# ကမ္ဘာ့ပိုလီယိုနေ့အထိမ်းအမှတ် မန္တလေးကျုံးတစ်ပတ် လူထုစုပေါင်းစက်ဘီးနင်းပွဲ ကျင်းပ



**မန္တလေး အောက်တိုဘာ ၂၀**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးသည် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာ ဇော်မြင့်မောင်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ အကြီးအကဲများနှင့် တာဝန်ရှိသူများ၊ ကမ္ဘာ့ကျန်းမာရေး အဖွဲ့၊ Gavi၊ Unicef၊ Rotary Club တို့မှ ကိုယ်စားလှယ်များ၊ ပြည်သူလူထုများနှင့်အတူ ကမ္ဘာ့ပိုလီယိုနေ့ အထိမ်းအမှတ် မန္တလေးကျုံးတစ်ပတ် လူထု စုပေါင်း စက်ဘီးပွဲသို့ ပါဝင်စီးနင်းခဲ့သည်။

### ထိုးနှံတိုက်ကျွေးရန် တိုက်တွန်း

စက်ဘီးစီးနင်းပွဲတွင် ပြည်ထောင်စုဝန်ကြီးက ယခု ၂၀၁၉ ခုနှစ် ကမ္ဘာ့ပိုလီယိုနေ့အထိမ်းအမှတ်ပွဲတွင် နိုင်ငံတော်၏ အနာဂတ်များဖြစ်သော ကလေးငယ်များ၏ မိဘများ၊ ဆွေမျိုးများ၊ အိမ်နီးနားချင်းများအနေဖြင့်လည်း ကလေးငယ်များကို ပိုလီယိုအကြောသေရောဂါ ကာကွယ်ရန် အပိုဆောင်း တိုက်ကျွေးခြင်းကို ဆောင်ရွက်လျက်ရှိသော ယခုနှစ် ဩဂုတ်လမှ အောက်တိုဘာလအတွင်းတွင် ဆေးတိုက်ကျွေးသည့် နေရာများသို့ သွားရောက်၍ တိုက်ကျွေးပေးကြပါရန် တိုက်တွန်းနှိုးဆော်လိုပါကြောင်း၊ ထို့အပြင် ရောဂါကာကွယ်ဆေးများ၏ အကျိုးကျေးဇူးများကို ဝေမျှပေးကြကာ ကလေးငယ်များအား ရောဂါကာကွယ်ဆေးများ ထိုးနှံတိုက်ကျွေးပေးကြပါရန် တိုက်တွန်းလိုပါကြောင်း၊ ၂၀၁၄ ခုနှစ် မတ်လ ၂၇ ရက်တွင် မြန်မာနိုင်ငံ၌ ပိုလီယိုရောဂါ ကင်းစင်ကြောင်းကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ကြေညာနိုင်ခဲ့သော်လည်း ဝေးလံခက်ခဲဒေသများမှ ကလေးငယ်များ အပါအဝင် ကလေးငယ်များကိုပိုလီယိုအကြောသေရောဂါ ကာကွယ်ဆေး တိုက်ကျွေးပေးရန် ပျက်ကွက်ခြင်း၊ တိုက်ကျွေးသင့်သည့် အချိန်အတိုင်း တိုက်ကျွေးရန် ပျက်ကွက်ခြင်းများ ရှိသောကြောင့် ပိုလီယိုရောဂါ ဖြစ်ပွားမှုများ ပြန်လည်ဖြစ်ပွားခဲ့ ကြောင်း။

ပိုလီယိုအကြောသေရောဂါ ဖြစ်ပွားပါက ပြန်လည်ကုသ၍မရဘဲ ပိုလီယိုရောဂါဖြစ်ပွားသူများတွင် နေထိုင်မှုအရည်သွေးများ လျော့ကျခြင်း၊ မိသားစုတွင် ဝန်ထုပ်ဝန်ပိုးဖြစ်စေခြင်းနှင့် နိုင်ငံတော်အတွက်လည်း တန်ဖိုးရှိသော လူ့စွမ်းအားအရင်းအမြစ်များဆုံးရှုံးခြင်းတို့ ဖြစ်ပွားရပါကြောင်း။

ပြည်သူများ၏ ကျန်းမာရေးအဆင့်အတန်းမြင့်မားရေးနှင့် ကလေးငယ်များ ရောဂါဘယကင်းရှင်းကာ အနာဂတ်ဘဝ လှပစေရန် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်နေသည့် ဝန်ကြီးဌာနမှ ဝန်ထမ်းများ၊ ပံ့ပိုးပါဝင်ကူညီသည့် အဖွဲ့အစည်းများ အားလုံးကိုလည်း ၂၀၁၉ ခုနှစ် ကမ္ဘာ့ပိုလီယိုနေ့၌ ကျေးဇူးတင်ရှိ မှတ်တမ်းတင်အပ်ပါကြောင်း၊ ပြည်သူများအနေဖြင့် မိမိတို့၏ သား၊ သမီး၊ မြေး၊ မြစ်များ၊ အိမ်နီးချင်း ကလေးငယ်များ ရောဂါကင်းဝေး ကျန်းမာစေရေးအတွက် ရောဂါကာကွယ်ဆေးများကို အကြိမ်ရေပြည့် ထိုးနှံတိုက်ကျွေးမှုခံယူကြစေရေး အားလုံးဝိုင်းဝန်း၍ ပံ့ပိုးနှိုးဆော်ဆောင်ရွက်ကြစေလိုပါကြောင်း ပြောကြားသည်။

### သတိပြုမိကြစေရန် ရည်ရွယ်ကျင်းပ

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က ယခုအထိမ်းအမှတ် စက်ဘီးစီးပွဲကို မိမိတို့ မန္တလေးတိုင်းဒေသကြီး၊ ထိုမှတစ်ဆင့် မြန်မာနိုင်ငံတစ်ဝန်းလုံး၊ ထိုမှတစ်ဆင့် ကမ္ဘာတစ်ဝန်းလုံးတွင် ပိုလီယိုအကြောသေ ရောဂါဆိုးကြီးမှ ကင်းစင် ပပျောက်စေရေးအတွက် ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိသတိပြုမိကြစေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကမ္ဘာ့ပိုလီယိုနေ့ အထိမ်းအမှတ် မန္တလေးကျုံး တစ်ပတ် လူထုစုပေါင်းစက်ဘီးပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

ဆက်လက်၍ မန္တလေးမြို့တော်ဝန် ဒေါက်တာရဲလွင်က စက်ဘီးစီးပွဲကို အချက်ပြ သေနတ်ပစ်ဖောက် စတင်ပေးခဲ့ရာ ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ အကြီးအကဲများနှင့် တာဝန်ရှိသူများ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ Gavi၊ Unicef၊ Rotary Club နှင့် မိတ်ဖက်အဖွဲ့အစည်းများမှတာဝန်ရှိသူများ၊ စက်ဘီးစီးအဖွဲ့များ၊ ပြည်သူလူထုများ စုစုပေါင်း ၈၀၀ ခန့် စက်ဘီးစီးနင်းပွဲတွင် ပါဝင်ဆင်နွှဲခဲ့ကြသည်။

**သတင်းစဉ်**

# ခြေလျင်တောင်တက်ခြင်းအကျိုးများ

■ ဝင်းကို(ဝင်း-ဝင်း-ရွာ)



စာရာမေတီတောင် အမြင့်ပေ ၁၂၅၅၃၊ အိန္ဒိယ-မြန်မာနယ်စပ် နယ်နိမိတ်ကျောက်တိုင်အမှတ်(၁၃၈)၊ တက္ကသိုလ်ခြေလျင်တောင်တက်အသင်း၊ သဘာဝခေါ်သံဖောင်ဒေးရှင်း

ခြေလျင်တောင်တက်အားကစားသည် ပုံမှန်အားဖြင့် ဆိုလျှင် ခက်ခဲကြမ်းတမ်းပြီး အန္တရာယ်ရှိသော အားကစားတစ်ရပ်ဖြစ်သည်။ မြင့်မားမတ်စောက်သော တောင်တန်းကြီးများ၊ ခက်ခဲပြီး ရှည်လျားလှသော ခရီးလမ်းကြောင်းများ၊ ရေစီးသန်လှသော မြစ်ချောင်းများ ဆိုးရွားလှသော ရာသီဥတုနှင့် သဘာဝဘေးအန္တရာယ်တို့သည် စွန့်စားခြင်းကို နှစ်သက်သော ခြေလျင်တောင်တက်အားကစားသမားများကို စိန်ခေါ်လျက်ရှိသည်။

### လူသားနှင့် သဘာဝ တရားတို့၏ ယှဉ်ပြိုင်ကြရသော အားကစားနည်းဖြစ်

အားကစားနည်းအမျိုးမျိုးရှိကြသည့်အနက် အခြားသောအားကစားနည်းများသည် လူသားအချင်းချင်း တစ်ဦးနှင့်တစ်ဦး၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့ ယှဉ်ပြိုင်အနိုင်ယူရန် ကြိုးစားအားထုတ်ရသော ကစားနည်းများဖြစ်သော်လည်း ခြေလျင်တောင်တက်အားကစားနည်းမှာမူ တစ်မူထူးခြားစွာ လူသားအချင်းချင်းယှဉ်ပြိုင်ရသော အားကစားနည်း မဟုတ်ဘဲ ရေမြေတောတောင် ရာသီဥတု၊ သဘာဝတရားကို ယှဉ်ပြိုင်ရခြင်းဖြစ်သည်။ အဖွဲ့ဝင်အချင်းချင်း စည်းလုံးညီညွတ်မှုကို အရင်းတည်၍ လူသားနှင့် သဘာဝတရားတို့၏ ယှဉ်ပြိုင်ကြရသော အားကစားနည်းဖြစ်သည်။

ထိုသို့ခက်ခဲကြမ်းတမ်းသည့် သဘာဝတရားကို ယှဉ်ပြိုင်ခြင်းဖြင့် ခြေလျင်တောင်တက်အားကစားသမားများသည် တစ်ဦးနှင့်တစ်ဦး ပူးပေါင်းဆောင်ရွက်တတ်လာခြင်း၊ အတ္တမာနကို လျှော့ချနိုင်ခြင်း၊ ချစ်ခင်စည်းလုံးတတ်လာခြင်း၊ အများအတွက်ကြည့်မြင်တတ်သော စိတ်ဓာတ်များ ဖွံ့ဖြိုးလာခြင်း စသောအကျိုးတရားများ ရရှိလာသလို အခက်အခဲဟူသမျှကို မလျှော့သော ဇွဲသတ္တိတို့ဖြင့် ရင်ဆိုင်ကျော်ဖြတ်ကာ အောင်မြင်မှုကို ရယူလိုသော စိတ်ဓာတ်ကောင်းများကို ပြုစုပျိုးထောင်တည်ဆောက်ပေးနေသောကြောင့် လူငယ်လူရွယ်များအတွက် ကာယ၊ ဉာဏ၊ စိတ်ဓာတ်စွမ်းအားမြင့်မားစေရန် လေ့ကျင့်ပေးနေသော အားကစားနည်းဖြစ်သည်။ ကိုယ်ခန္ဓာရုပ်ပိုင်းဖွံ့ဖြိုးရေးသာမက စိတ်အားသတ္တိကိုပါ ပျိုးထောင်ပေးနိုင်သော အားကစားနည်းဖြစ်သည်။

ခြေလျင်တောင်တက် အားကစားကြောင့်လည်း ဒေသကောင်းကျိုး၊ နိုင်ငံကောင်းကျိုးများ ရရှိသည်။ ကမ္ဘာအနှံ့တွင် ခြေလျင်တောင်တက်အားကစားကြောင့် ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လျက်ရှိပြီး နီပေါနိုင်ငံသည် တောင်တက်ခရီးသွားများကြောင့် နိုင်ငံအတွက် အဓိကဝင်ငွေရလျက်ရှိသည်။ ဥရောပနိုင်ငံများတွင်လည်း တောင်တက်ခရီးသွားခြင်းမှာ လူတိုင်းအတွက် ရင်းနှီးသောအားကစားဖြစ်လျက်ရှိသည်။ ရေခဲတောင်များစွာရှိသော ဩစတြီးယား၊ နယူးဇီလန်တို့တွင် လူဦးရေထက်ဝက်ကျော်သည် တောင်တက်ခြင်းကို စိတ်ပါဝင်စားလေ့လာလိုက်စားကြသည်။ သူတို့နိုင်ငံ၏ စိတ်ဓာတ်အင်အားကို တောင်တက်အားကစားဖြင့် မြှင့်တင်ပေးလျက်ရှိသည်။

### လူသူအရောက်အပေါက်နည်း

မြန်မာနိုင်ငံသည်လည်း ရေမြေတောတောင် သဘာဝအလှအပတို့နှင့် ပြည့်စုံလှပလျက်ရှိသော နိုင်ငံဖြစ်ရုံမျှမကဘဲ အရှေ့တောင်အာရှနိုင်ငံအားလုံးထဲတွင် ရေခဲတောင်ရှိသော တစ်ခုတည်းသောနိုင်ငံဖြစ်သည်။ အရှေ့တောင်အာရှတွင် အမြင့်ဆုံးသောတောင်များသည် မြန်မာနိုင်ငံတွင်သာရှိသည်။ ထိုသို့လှပသော သဘာဝအလှတရားများနှင့် ရေခဲတောင်တန်းများရှိနေသော်လည်း လူသူအရောက်အပေါက်နည်းလှသည်။

လွန်ခဲ့သောနှစ်ပေါင်း ၆၀ ခန့်က မြန်မာနိုင်ငံမြေတိုင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် မြန်မာနိုင်ငံခြေလျင်တောင်တက်အသင်းချုပ်၏ ဥက္ကဋ္ဌဖြစ်သူ ဗိုလ်မှူးကြီးလှအောင် ဦးဆောင်ပြီး မြန်မာနိုင်ငံနယ်စပ် နယ်နိမိတ်သတ်မှတ်ခြင်း၊ တောင်တက်ခရီးစဉ်များ ရောက်ရှိခဲ့ခြင်းကြောင့် တောင်တက်အဖွဲ့အချို့ တောင်ထိပ်များပေါ်သို့ ရောက်ရှိခဲ့ကြသည်။ သို့သော် ၁၉၇၀ ပြည့်နှစ်နောက်ပိုင်း နှစ်ပေါင်း ၃၀ နီးပါး လူသူအရောက်အပေါက်မရှိသလောက် ဖြစ်ခဲ့ကြသည်။

၁၉၉၈ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ် ခြေလျင်တောင်တက်အသင်း၏ ဥက္ကဋ္ဌ ဦးမျိုးသန့် ဦးဆောင်ပြီး ဖွန်ဂန်ရေခဲတောင်၊ ၂၀၀၀ ပြည့်နှစ်တွင် အီမောဘွန်းရေခဲတောင်တို့မှအစပြုပြီး နှစ်စဉ်နှစ်တိုင်း သွားလာရခက်ခဲကြမ်းတမ်းလှသော မြန်မာပြည်နယ်စပ်တစ်လျှောက်ရှိ ရေခဲတောင်တန်းများသို့ နှစ်စဉ် ခရီးစဉ်များ စီစဉ်သွားရောက်ခဲ့ကြသည်။ မြန်မာနိုင်ငံခြေလျင်တောင်တက်အဖွဲ့ချုပ်အနေဖြင့်လည်း ရေခဲတောင်ခရီးစဉ်များကို သွားလာခဲ့ကြသည်။

ယခုဆိုလျှင် တောင်တက်သမားများသာမက ခရီးသွားဝါသနာပါသူများပင် ပူတာအိုဒေသရှိ သွားလာရလွယ်ကူသော ရေခဲတောင်များကို လာရောက်လည်ပတ်လျက်ရှိကြရာ ၂၀၁၉ ခုနှစ် ဧပြီလအတွင်းတွင်ပင် ပူတာအိုဒေသ ဖွန်ဂန်ရေခဲတောင်သို့ ခရီးသွား ၃၀၀ ခန့် လာရောက်ကြောင်း သိရပေသည်။

လူသားအချင်းချင်း ယှဉ်ပြိုင်ရသော အားကစားနည်း မဟုတ်ဘဲရေမြေတောတောင် ရာသီဥတု၊ သဘာဝတရားကို ယှဉ်ပြိုင်ရခြင်းဖြစ်သည်။ အဖွဲ့ဝင်အချင်းချင်း စည်းလုံးညီညွတ်မှုကို အရင်းတည်၍ လူသားနှင့် သဘာဝတရားတို့၏ ယှဉ်ပြိုင်ကြရသော အားကစားနည်းဖြစ်

လွန်ခဲ့သော နှစ်ပေါင်း ၂၀ ကျော်က ရေခဲတောင်ဒေသများသို့ ခရီးသွားရာတွင် လိုက်ပါလိုသူ အထမ်းဝန်ထမ်းရှားပါးခဲ့သော်လည်း ယခုအခါတွင် ဝင်ငွေရရှိခြင်းကြောင့် မိသားစုလူနေမှုအဆင်ပြေလာသည်ကို လက်တွေ့သိရှိခံစားလာရပြီဖြစ်သောကြောင့် အထမ်းဖြင့်ဝင်ငွေရှာခြင်း၊ လမ်းပြအဖြစ် ဝင်ငွေရှာခြင်း၊ ဒေသထွက်ပစ္စည်းများရောင်းချပြီး ဝင်ငွေရှာခြင်း၊ ရိုးရာလက်မှု

စာမျက်နှာ ၁၁ သို့ ■



အီမောဘွန်းရေခဲတောင် အမြင့်ပေ ၁၃၃၅၀ မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံနယ်စပ်၊ ရန်ကုန်တက္ကသိုလ်ခြေလျင်တောင်တက်အသင်း (ဧပြီလ-၂၀၀၀) နှင့် (နိုဝင်ဘာလ-၂၀၀၀)



■ စာမျက်နှာ ၁၀ မှ

ပစ္စည်းများပြုလုပ်ပြီး ရောင်းချခြင်း၊ ခရီးသွားလုပ်ငန်းများ ချိတ်ဆက်လုပ်ကိုင်လာခြင်း၊ ဟိုတယ်များ၊ တည်းခိုခန်းများ ဖွင့်လှစ်လုပ်ကိုင်လာကြခြင်းဖြင့် ဒေသဖွံ့ဖြိုးတိုးတက်လာသလို ဒေသခံများ၊ လူမှုရေး၊ ကျန်းမာရေး၊ စီးပွားရေးများ တိုးတက်မြင့်မားလာကြခြင်း စသည်တို့တွင် ခြေလျင်တောင်တက်အားကစားက အထောက်အကူပြုလျက်ရှိသည်ကို မျက်မြင်တွေ့မြင်နိုင်သည်။

**အချုပ်အခြာနယ်မြေပိုင်နက် တည်တံ့မှုကို ကာကွယ်စောင့်ရှောက်ပေး**

ထို့အပြင် ခြေလျင်တောင်တက်အားကစားသည် တိုင်းပြည်နိုင်ငံ၏ အချုပ်အခြာနယ်မြေပိုင်နက် တည်တံ့မှုကို ကာကွယ်စောင့်ရှောက်ပေးနေသော အားကစားနည်းဖြစ်သည်။ မြန်မာနိုင်ငံသည် ပထဝီအနေအထားအရ မိုင်ထောင်ချီကာ အလွန်ရှည်လျားသော နယ်နိမိတ်တစ်လျှောက် ပိုင်ဆိုင်ထားသည့်နိုင်ငံဖြစ်ပါသည်။ သို့ရာတွင် နယ်နိမိတ်တစ်လျှောက် အလွန်ခက်ခဲသော တောတောင်ရေမြေများကို ဖြတ်သန်းသွားလာရသောကြောင့် လည်းကောင်း၊ နိုင်ငံ၏ဧရိယာနှင့်နှိုင်းယှဉ်လျှင် လူဦးရေနည်းပါးသောကြောင့်လည်းကောင်း၊ နိုင်ငံနှင့် နယ်နိမိတ်အစပ်ဒေသများသို့ နိုင်ငံသားများအနေဖြင့် အရောက်အပေါက်နည်းပါးလျက်ရှိသည်။ မြန်မာနိုင်ငံနှင့် နယ်နိမိတ်ချင်းထိစပ်နေသော တရုတ်၊ အိန္ဒိယတို့သည် လူဦးရေအလွန်များပြားလှသော နိုင်ငံများဖြစ်သလို ဘင်္ဂလားဒေ့ရှ်နိုင်ငံသည်လည်း လူဦးရေအဆမတန် တိုးပွားလျက်ရှိသည်။

မိမိပိုင်ဆိုင်ရာနေရာ အိမ်ခြံဝင်းပင်ဖြစ်သော်လည်း လူမနေသည်မှာ ကြာလာပါက ကျူးကျော်ဝင်ရောက်နေထိုင်သူများရှိလာနိုင်သည့် သဘာဝအတိုင်း မိမိနိုင်ငံ၊ မိမိပိုင်နက်ဟုဆိုသော်လည်း မိမိတို့နိုင်ငံသားများ မရောက်ရှိသည်မှာ ကြာလာပါက အခြားနိုင်ငံသားများ ကျူးကျော်ကာ သဘာဝတွင်းထွက်သယံဇာတများ တူးဖော်ထုတ်လုပ်ခြင်း၊ သစ်တောများ ခိုးယူထုတ်လုပ်ခြင်း စသည်တို့ မလွဲမသွေကြုံတွေ့လာရမည်ဖြစ်သည်။



ဖွန်ဂန်ရေခဲတောင် အမြင့်ပေ ၁၁၈၀၀၊ ရန်ကုန်တက္ကသိုလ်ခြေလျင်တောင်တက်အသင်း ( ၂၄ – မတ် – ၁၉၉၈ )

ခြေလျင်တောင်တက်အဖွဲ့များအနေဖြင့် ရောက်ရှိရာ နယ်စပ်ဒေသရှိ တက်ရောက်ရာတောင်များတွင် နိုင်ငံတော်သီချင်းသီဆိုခြင်း၊ နိုင်ငံတော်အလံလွှင့်ထူထားခဲ့ခြင်း၊ မြန်မာဘာသာဖြင့် ကမ္ပည်းရေးထိုးခြင်းဖြင့် မြန်မာပိုင်နက်နယ်မြေဖြစ်ကြောင်း အမြဲတမ်းအသိပေးကြေညာနေခဲ့ကြသည်မှာ ထုံးစံပင်ဖြစ်သည်။ တစ်နည်းဆိုရလျှင် နိုင်ငံတော်၏ နယ်မြေပိုင်နက်ကို ကာကွယ်ရန် နိုင်ငံသားအားလုံးတွင် တာဝန်ရှိသည်ဆိုသောအချက်ကို တောင်တက်သမားများက တစ်စိတ်တစ်ပိုင်း ထမ်းဆောင်နေခြင်းဖြစ်သည်။

အချုပ်အားဖြင့်ဆိုရလျှင် ခြေလျင်တောင်တက်အားကစားသည် တိုင်းပြည်၏အနာဂတ်ဖြစ်သော လူငယ်လူရွယ်များကို ကာယ၊ ဉာဏ၊ စိတ်ဓာတ်စွမ်းအားမြင့်မားစေရန် လေ့ကျင့်ပြုစုပျိုးထောင်ပေးနေသော အားကစားဖြစ်ရုံသာမက ဒေသအကျိုး၊ တိုင်းပြည်အကျိုးစီးပွားကိုပါ မြှင့်တင်ပေးလျက်ရှိသည်နှင့်အတူ နိုင်ငံတော်၏အချုပ်အခြာနယ်မြေပိုင်စိုးမှုကိုပါ ထိန်းသိမ်းစောင့်ရှောက်ပေးနိုင်သော အားကစားဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

## မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းမှ စုစည်းတင်ပြသော အောက်တိုဘာ ၁၁ ရက်မှ ၁၈ ရက်အထိ ထွက်ရှိသော စာအုပ်စာရင်း

(ယမန်နေ့မှအဆက်)

| စဉ် | စာအုပ်အမည် | စာရေးသူ | ထုတ်ဝေသူ | ဈေးနှုန်း |
|---|---|---|---|---|
| ၃၁။ | နိုင်ငံ့ဘဏ္ဍာကို ခြိမ်းခြောက်နေသည့်အခွန်နှင့် အခြားဆောင်းပါးများ | ပြည့်သာယာ | လှိုင်ဝင်းမောင် | ၂၅၀၀ |
| ၃၂။ | အနော်ရထာ၊ စောလူး၊ မင်းကျန်စစ်နှင့် မဏိစန္ဒာလေးပွင့်ဆိုင်ဖူးစာ | တက္ကသိုလ်မောင်သုလှိုင် | လှိုင်ဝင်းမောင် | ၅၀၀၀ |
| ၃၃။ | ရတနာကျော်၏ ရတနာကျော် | ရတနာကျော် | ဝတ်ရည်နှင်း | ၃၀၀၀ |
| ၃၄။ | နတ်သုဓာ | ဦးဘုန်း(ဓာတု) | လင်းလွန်းခင် | ၃၀၀၀ |
| ၃၅။ | ကျွန်တော်တွေးမိသလို ရေးပါမည် အမှတ်(၂) | မောင်အောင်မွန်(ဝင်းအောင်) | နေရီရီ | ၂၅၀၀ |
| ၃၆။ | အရက်သမားမျောက်နှင့် ပြုံးစရာများ | အောင်ရာဇာ(ဥက္ကလာ) | ယဉ်မျိုး | ၁၇၀၀ |
| ၃၇။ | ဆက်နွှယ်မှုပြ သုတေသနစာတမ်းပြုစု ရေးသားနည်းလမ်းညွှန် | Shwe Linn (Researcher) | Global Piece Group | ၅၀၀၀ |
| ၃၈။ | အရည်အသွေးကောင်း ဖရဲသီး စနစ်တကျစိုက်ပျိုးထုတ်လုပ်နည်း | ဒေါက်တာကိုကို | ဒေါက်တာကိုကို | ၄၀၀၀ |
| ၃၉။ | နှလုံးသားကို ရှေ့တန်းတင်၍ | မြူပါးရံ | Smart စာပေ | ၃၅၀၀ |
| ၄၀။ | ကြမ္မာ | အထောက်တော်လှအောင် | စိတ်ကူးချိုချို | ၅၀၀၀ |
| ၄၁။ | ရှိုက်သံမဲ့ သက်ပြင်းနှင့် အခြားရသစာစုများ | မောင်ချမ်း(ခရမ်းပြာ) | ဆိပ်ကမ်းသာ | ၂၅၀၀ |
| ၄၂။ | လှဆိုးဗျင်းရယ် ဆလုံနှင်းဆီ | မိချမ်းဝေ၊ အောင်ဝေး | ဆန်းစသော်တာ | ၂၀၀၀ |
| ၄၃။ | ပရိသတ်ရှေ့ထွက် ဟောမယ် ပြောမယ်ဆိုရင် | မောင်ချို (စိတ်ပညာ) | စိတ်ကူးချိုချို | ၂၅၀၀ |
| ၄၄။ | လူကြောင် | ရေအေး | ကိုလတ်စာပေ | ၂၁၀၀ |
| ၄၅။ | နယ်ချဲ့ကို အသက်ပေးအန်တုခဲ့သူ ဗိုလ်အောင်ကျော် | သန့်စင်မွန် | အောင်သပြေစာပေ | ၂၀၀၀ |
| ၄၆။ | ဆရာထုသော ပန်းပုရုပ် | သီတဂူဒေါက်တာ အရှင်ဉာဏဝရ | ယဉ်မျိုး | ၃၀၀၀ |
| ၄၇။ | ပျော်အောင်နေ ကိုယ့်လူရေ | ကျော့မောင်(မင်္ဂလာတောင်ညွန့်) | ယဉ်မျိုး | ၃၅၀၀ |
| ၄၈။ | တောင်ဆီမှာ မိုးတွေသည်းပါလို့ | နီမင်းဆွေ | လင်းလွန်းခင် | ၃၅၀၀ |
| ၄၉။ | BRI ပုလဲသွယ်မဟာဗျူဟာနှင့် ပထဝီနိုင်ငံရေး | မင်းအောင်မင်း | ယဉ်မျိုး | ၂၀၀၀ |
| ၅၀။ | မြေစာပင် | ကိုစိုးထိုက်(ဖဒို) | ငါတို့စာပေ | ၃၀၀၀ |
| ၅၁။ | မန်ဆူ ရှမ်းကျောင်းဆရာတော်နှင့် ချယ်ရီတွေအငိုတိတ်စေမည် | သီပေါကိုလတ် | ရှင်မတောင် | ၁၅၀၀ |
| ၅၂။ | ချစ်သမီး သုန္ဒရာ | မောင်မင်းစိုး | ကိုလတ်စာပေ | ၂၀၀၀ |
| ၅၃။ | တစ်ခါတုန်းက ဒုက္ခဆိုတာ အခုတော့လည်း လွမ်းစရာ | ကောင်းသန့် | ကောင်းသန့် | ၂၀၀၀ |
| ၅၄။ | အသုံးများသော မြန်မာစကားပုံများနှင့် မှတ်သားဖွယ်မြန်မာစကားထာများ အနှစ်ချုပ် | ရွှေဒါးမောင်မြင့်ထွန်း | အောင်သပြေစာပေ | ၈၀၀ |



ကြေးမုံ
အောက်တိုဘာ ၂၁၊ ၂၀၁၉

# ဆီးရီးယားအရေးတွင် ရုရှားသမ္မတ ပူတင် ကြားဝင်စေ့စပ်ပေးရန် တူရကီသမ္မတ အာဒိုဂန်လိုလား

**အန်ကာရာ အောက်တိုဘာ ၂၀**

ရုရှားသမ္မတ ဗလာဒီမာပူတင်က ဆီးရီးယားနိုင်ငံ မြောက်ပိုင်းအခြေအနေ ဖြေရှင်းရာတွင် ပြေလည်အောင် စေ့စပ်ပေးမည်ဟုမျှော်လင့်ပါကြောင်း တူရကီသမ္မတ အာဒိုဂန်က ပြောကြားသည်။

အာဒိုဂန်က အောက်တိုဘာ ၁၅ ရက်တွင် ရုရှားနိုင်ငံ တောင်ပိုင်း ဆိုချီမြို့တော်၌ သမ္မတပူတင်နှင့် အစည်းအဝေး တစ်ရပ်မပြုလုပ်မီ အဆိုပါ မှတ်ချက်စကားပြောကြားခဲ့ခြင်း ဖြစ်သည်။ ခေါင်းဆောင်နှစ်ဦးမှာ အဖြေတစ်ခုရှာရန် လိုအပ်ကြောင်း၊ ထိုသို့ အဖြေတစ်ခု မရှာနိုင်ပါက တူရကီတပ်ဖွဲ့များက ထိုးစစ်ဆင်မှု ပြန်လည်စတင်မည်ဖြစ်ကြောင်း အာဒိုဂန်က ပြောကြားသည်။ အမေရိကန်နိုင်ငံက ဆီးရီးယားနိုင်ငံမြောက်ပိုင်းမှ တပ်ဖွဲ့များရုပ်သိမ်းပြီးနောက်ပိုင်း ရုရှားနိုင်ငံက တူရကီ၊ ကာ့ဒ်တပ်ဖွဲ့များ၊ ဆီးရီးယားအစိုးရအဖွဲ့နှင့် ဆက်ဆံရေးတိုးမြှင့်လျက်ရှိသည်။

ရုရှားနိုင်ငံသည် ယခုအခါ တူရကီ၊ ကာ့ဒ်တပ်ဖွဲ့နှင့် ဆီးရီးယားအစိုးရတို့အကြား ကြားဝင်စေ့စပ်ပေးလျက်ရှိသည်။ ဆီးရီးယားနိုင်ငံမြောက်ပိုင်း၌ ငါးရက်ကြာ ထိုးစစ်ဆင်မှုရပ်ဆိုင်းရန် တူရကီနှင့် အမေရိကန်နိုင်ငံတို့က အောက်တိုဘာ ၁၇ ရက်တွင် သဘောတူခဲ့သည်။ တိုက်ခိုက်မှုများ ရပ်တန့်ခြင်းမရှိကြောင်း တူရကီနှင့် ကာ့ဒ်တပ်ဖွဲ့တို့က အပြန်အလှန်စွပ်စွဲလျက်ရှိသည်။

ဆီးရီးယားနယ်စပ်မှ အကြမ်းဖျင်းအားဖြင့် ကီလိုမီတာ ၃၀ အကွာအထိ ကာ့ဒ်တပ်ဖွဲ့များကို ဖယ်ရှား၍ တူရကီက ထိန်းချုပ်မည့် "အပစ်အခတ်ရပ်စဲရေးဇုန်" တစ်ခု တည်ထောင်ရန် တူရကီနိုင်ငံက ရည်မှန်းနေသည်။

**ကိုးကား-အင်န်အိတ်ချ်ကေ၊ ဘာသာပြန် - ကျော်ထိုက်စိုး**



ရုရှားသမ္မတ ဗလာဒီမာပူတင်နှင့် တူရကီသမ္မတ အာဒိုဂန်တို့ တွေ့ဆုံစဉ်။



# ကက်ရှ်မီးယားနယ်စပ်တစ်လျှောက် ပစ်ခတ်မှုတွင် ကိုးဦးထက်မနည်း သေဆုံး

**ဆရီနာဂါ(အိန္ဒိယ) အောက်တိုဘာ ၂၀**

ကက်ရှ်မီးယားဒေသရှိ အိန္ဒိယနှင့် ပါကစ္စတန်နယ်စပ်ဒေသတစ်လျှောက်တွင် ပစ်ခတ်တိုက်ခိုက်မှု အသစ် ယနေ့ဖြစ်ပွားခဲ့ရာ လူကိုးဦးထက်မနည်း သေဆုံးခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

အိန္ဒိယနှင့် ပါကစ္စတန်နှစ်နိုင်ငံအကြား အငြင်းပွားနေသည့် ဂျမ္မူနှင့် ကက်ရှ်မီးယားဒေသများအတွက် သတ်မှတ်ထားသော အထူးအဆင့်အတန်း အခွင့်အရေးကို ရုပ်သိမ်းရန် အိန္ဒိယအစိုးရက ယခုနှစ် ဩဂုတ် ၅ ရက်တွင် ဆုံးဖြတ်ချက် ချမှတ်ခဲ့ပြီးနောက် နျူကလီးယားလက်နက်ပိုင်ဆိုင်ကြသည့် အိန္ဒိယနှင့် ပါကစ္စတန်နိုင်ငံတို့အကြား တင်းမာမှုအရှိန်မြင့်မားလာခဲ့သည်။

ပါကစ္စတန်နှင့် အိန္ဒိယအရာရှိများသည် ယင်းကဲ့သို့ထိန်းချုပ်မျဉ်းတစ်လျှောက် လက်နက်ကြီးနှင့် လက်နက်ငယ်များဖြင့် အပြန်အလှန်ပစ်ခတ်မှုများနှင့်ပတ်သက်၍ အချင်းချင်း ပြစ်တင်စွပ်စွဲလျက်ရှိကြသည်။

ပါကစ္စတန်တပ်ဖွဲ့၏ အကြောင်းမဲ့ပစ်ခတ်မှုကြောင့် အိန္ဒိယတပ်ဖွဲ့ဝင်နှစ်ဦးနှင့် အရပ်သားတစ်ဦး သေဆုံးခဲ့ပြီး အခြားသူ သုံးဦးဒဏ်ရာရရှိခဲ့သည်ဟု အိန္ဒိယတပ်ဖွဲ့ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။ ထို့အပြင် ကုဘ်ဝါရာခရိုင်၊ တန်ဒါတောင်တန်းဒေသ၌ အကြောင်းမဲ့ ပစ်ခတ်မှုကြောင့် လူနေအိမ် အများအပြား ပျက်စီးခဲ့ပြီး ဒဏ်ရာရရှိသွားသော အရပ်သားသုံးဦးသည် နီးစပ်ရာ ဆေးရုံတစ်ရုံတွင် ဆေးဝါးကုသမှု ခံယူလျက်ရှိသည်ဟု ၎င်းက ထပ်မံပြောကြားသည်။

ထို့အတူ ပါကစ္စတန်ထိန်းချုပ်သော ကက်ရှ်မီးယားဒေသမှ တာဝန်ရှိသူများ၏ အဆိုအရ မူဇာဖ်ဖါရာဘတ်နှင့် နီးလမ်ချိုင့်ဝှမ်းဒေသတွင် အိန္ဒိယတပ်ဖွဲ့၏ ပစ်ခတ်မှုကြောင့် အရပ်သား ခြောက်ဦး သေဆုံးပြီး ရှစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

မူဇာဖ်ဖါရာဘတ်ဒေသရှိ အရပ်သားများပိုင်ဆိုင်သော နေအိမ်များတွင် လက်နက်ကြီး ကျည်ဆန်များ ထိမှန်ခဲ့ပြီးနောက် ငါးဦးသေဆုံးပြီး ခြောက်ဦး ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်ဟု ၎င်းက ထပ်မံပြောကြားသည်။ ထို့အတူ နီးလမ်ချိုင့်ဝှမ်းဒေသတွင်လည်း အရပ်သားတစ်ဦး သေဆုံးပြီး နှစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း ဒေသခံတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အိန္ဒိယထိန်းချုပ်ထားသော ကက်ရှ်မီးယားနယ်မြေအတွင်းနေထိုင်သော ပြည်သူများ အတွက် မိုဘိုင်းဖုန်းလိုင်းများကို အိန္ဒိယအစိုးရက ပြန်လည်တပ်ဆင်ပြီး နှစ်ရက်အကြာ အောက်တိုဘာ ၁၆ ရက်က ငါးဦး သေဆုံးခဲ့ပြီးနောက် ယခုကဲ့သို့ လက်နက်ကြီးများဖြင့် ပစ်ခတ်မှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

**ကိုးကား-အေအက်ဖ်ပီ**
**ဘာသာပြန်-ဂျေတီ**

# ချီလီနိုင်ငံ အဓိကရုဏ်းဖြစ်စဉ်များကြောင့် လူသုံးဦး မီးလောင်သေဆုံး

**စန်တီယေဂို အောက်တိုဘာ ၂၀**

ချီလီနိုင်ငံတွင် မငြိမ်မသက်မှုများ ဖြစ်ပွားလျက်ရှိစဉ် အောက်တိုဘာ ၂၀ ရက် အစောပိုင်းက မင်းမဲ့စရိုက်ဆန်စွာ ပြုမူကြသော ဆန္ဒပြသမားများသည် စူပါမားကတ်တစ်ခုအတွင်းသို့ ဝင်ရောက်ပြီး အတွင်းရှိပစ္စည်းများကို လုန်လှော မွှေနှောက်ခိုးယူကာ မီးရှို့ဖျက်ဆီးခဲ့သည့်အတွက် သုံးဦးသေဆုံးခဲ့ကြောင်း သိရသည်။

မီးလောင်သေဆုံးမှုတွင် နှစ်ဦးသည် အခင်းဖြစ်ပွားရာတွင် သေဆုံးခဲ့ပြီး ကျန်တစ်ဦးမှာ ဆေးရုံတွင်သေဆုံးခဲ့ခြင်းဖြစ်သည်ဟု စန်တီယေဂိုမြို့တော်ဝန် ကာလာရူဘီလာက အဆိုပါ မီးလောင်မှုနှင့်ပတ်သက်ပြီး မီဒီယာများအား ပြောကြားခဲ့သည်။

အဆိုပါဈေးဝယ်စင်တာကို အမေရိကန် ဝါးမတ်ကုမ္ပဏီက ပိုင်ဆိုင်ပြီး အကြမ်းဖက်သမားများက ဖောက်ထွင်းဝင်ရောက်ကာ အတွင်းရှိပစ္စည်းများကို ခိုးယူပြီး မီးရှို့ဖျက်ဆီးစဉ် အဆိုပါမီးလောင်သေဆုံးမှု ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

လူဦးရေ ခုနစ်သန်းခန့်နေထိုင်သော စန်တီယေဂိုမြို့တွင် ဆန္ဒထုတ်ဖော်သူများနှင့် လုံခြုံရေးအရာရှိများအကြား နှစ်ရက်ကြာ ဖြစ်ပွားလျက်ရှိသည့် အဓိကရုဏ်းဖြစ်စဉ်အတွင်း ယခုသေဆုံးမှုသည် ပထမဆုံးအကြိမ်ဖြစ်သည်။ နိုင်ငံအတွင်း အရေးပေါ်အခြေအနေ ကြေညာထားသော်လည်း အောက်တိုဘာ ၂၀ ရက်တွင် ဆန္ဒထုတ်ဖော်သူများက မြို့တော်အတွင်း ပြေးဆွဲလျက်ရှိသည့် ဘတ်စ်ကားများကို မီးရှို့ဖျက်ဆီးခဲ့ပြီး မြေအောက်ရထား ဘူတာရုံ ၄၁ ခုကို ဖျက်ဆီးခဲ့သည်။

မြို့အတွင်းရှိ လမ်းမများတွင် တပ်ဖွဲ့ဝင်များအား တပ်ဖြန့်ချထားသည်။ နိုင်ငံအတွင်း အရေးပေါ်အခြေအနေ ကြေညာခြင်းသည် ချီလီနိုင်ငံအနေဖြင့် ဒီမိုကရေစီစနစ် စတင်ကျင့်သုံးခဲ့သည့် ၁၉၉၀ ပြည့်နှစ်ကစပြီး ပထမဆုံးအကြိမ်ဖြစ်သည်။

နိုင်ငံအတွင်း မြေအောက်ရထား လက်မှတ်ဈေးနှုန်းများ တိုးမြှင့်ကောက်ခံမှုကို သမ္မတ ဆီဘက်စတနပင်ညဲယားက ဆိုင်းငံ့ထားကြောင်း သိရသည်။ **ကိုးကား-အေအက်ဖ်ပီ**
**ဘာသာပြန်-အောင်ကျော်ကျော်**




# ဂျပန်နိုင်ငံတွင် မုန်တိုင်းကြောင့် သေဆုံးသူ ၈၀ အထိရှိလာ

**တိုကျို အောက်တိုဘာ ၂၀**

ဂျပန်နိုင်ငံတွင် အင်အားပြင်းထန်သည့် ဟာဂီဘစ် ဝင်ရောက်တိုက်ခတ်ပြီး ရက်သတ္တတစ်ပတ်အကြာ ယင်းမုန်တိုင်းကြောင့် သေဆုံးသူဦးရေမှာ လတ်တလောတွင် ၈၀ ရှိပြီဖြစ်သည်။

ပျောက်ဆုံးနေသူ ၁၁ ဦးကို ကယ်ဆယ်ရေးအဖွဲ့များက ဆက်လက်ရှာဖွေနေဆဲ ဖြစ်သည်။ ယင်းမုန်တိုင်းဒဏ်ကို ခံစားခဲ့ရသည့် မြို့တော်တိုကျိုအနီးရှိ ချီဘာခရိုင်တွင် အောက်တိုဘာ ၁၉ ရက် နံနက်ပိုင်းက မိုးသည်းထန်စွာ ရွာသွန်းခဲ့သည်။ အောက်တိုဘာ ၁၉ ရက်တွင် ဂျပန်နိုင်ငံ အရှေ့မြောက်ပိုင်းဒေသများ၌ မိုးပိုမိုကောင်းလာမည်ဟု မိုးလေဝသအရာရှိများက ပြောကြားသည်။ ရေလွှမ်းမိုးမှုနှင့် အခြားအရေးပေါ်ဖြစ်ရပ်များ ဖြစ်ပွားနိုင်သည့်နေရာများ၌ လမ်းညွှန်ချက်များနှင့် တိမ်းရှောင်နိုင်ရန်အတွက် ညွှန်ကြားချက်များ ထုတ်ပြန်ထားသည်။



မိုးအနည်းငယ် ရွာသွန်းရုံဖြင့် ရေကြီးရေလျှံမှုနှင့် မြေပြိုမှုများ ဖြစ်နိုင်ခြင်းကြောင့် မုန်တိုင်းသင့်ဒေသများ၌ နေထိုင်သူများ သတိပြုနေထိုင်ကြရန် မိုးလေဝသဌာန တာဝန်ရှိသူများက တိုက်တွန်းထားသည်။ ဟာဂီဘစ်မုန်တိုင်းဒဏ်သင့်သူ ၄၀၀၀ နီးပါးသည် နိုင်ငံတစ်ဝန်းရှိ ခိုလှုံရေးစခန်းများ၌ နေထိုင်ကြဆဲဖြစ်သည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**
**ဘာသာပြန်-ဇော်ဝင်း**

# ဆီးရီးယားရှိ ကာ့ဒ်တို့ထိန်းချုပ်ထားရာအဓိကမြို့အား တူရကီတပ်ဖွဲ့ သိမ်းပိုက်

**ဒမတ်စကတ် အောက်တိုဘာ ၂၀**

တူရကီတပ်ဖွဲ့နှင့် မဟာမိတ်ဆီးရီးယားသူပုန်များသည် ဆီးရီးယားနိုင်ငံ မြောက်ပိုင်း ဟာဆာကာပြည်နယ်ရှိ Ras Al-Ayn မြို့အား အောက်တိုဘာ ၂၀ ရက်တွင် သိမ်းပိုက်ရရှိခဲ့ကြောင်း ယနေ့ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

အဆိုပါမြို့သည် ကာ့ဒ်တို့ထိန်းချုပ်ထားသည့် နောက်ဆုံးဒေသဖြစ်ပြီး ဆီးရီးယားမြောက်ပိုင်းတွင် တူရကီက တိုက်ခိုက်မှုများလုပ်ဆောင်ခဲ့သည့် ၁၁ ရက်အကြာတွင် တူရကီတပ်ဖွဲ့က သိမ်းပိုက်နိုင်ခဲ့ခြင်းဖြစ်ကြောင်း တူရကီနိုင်ငံပိုင် သတင်းအေဂျင်စီ ဆားနားက သတင်းထုတ်ပြန်ထားသည်။

ကာ့ဒ်ဦးဆောင်သည့် ဆီးရီးယားဒီမိုကရက်တစ်တပ်ဖွဲ့များသည် Ras Al-Ayn မြို့မှ ဆုတ်ခွာသွားပြီဖြစ်ကြောင်းလည်း သတင်းထုတ်ပြန်ချက်အရသိရသည်။ တူရကီနယ်စပ်အနားရှိ Ras Al-Ayn မြို့သည် ဆီးရီးယားအရှေ့မြောက်ပိုင်းတွင် အန်ကာရာက တည်ဆောက်ရန် စီစဉ်ထားသည့် လုံခြုံရေးဇုန်၏ တစ်စိတ်တစ်ဒေသဖြစ်သည်။

အဆိုပါမြို့သည် ဟာဆာကာပြည်နယ်မြို့တော်မှ ၈၅ ကီလိုမီတာအကွာတွင် တည်ရှိပြီး ၂၃၀၀၀ စတုရန်းမိုင်ကျယ်ဝန်းကာ သမိုင်းဝင်နေရာများတည်ရှိရာဒေသဖြစ်သည်။ အပစ်အခတ်ရပ်စဲရေးကို စောင့်ကြည့်ရန် လေ့လာသူများကို စေလွှတ်ရန် ကုလသမဂ္ဂနှင့် အာရပ်အဖွဲ့ချုပ်ကဲ့သို့သော နိုင်ငံတကာအဖွဲ့အစည်းများနှင့် အမေရိကန်တို့ကို ကာ့ဒ်တပ်ဖွဲ့က တောင်းဆိုထားသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်**

# ဘိုးရင်း ၇၃၇ အမ်အေအိတ်စ်လေယာဉ်များ ပျံသန်းမှုစတင်ရန် ကုမ္ပဏီက ဆန္ဒရှိ ခရီးသွားများအနေဖြင့် ယင်းလေယာဉ်များအပေါ် စိုးရိမ်မှုများရှိနေ

**ဝါရှင်တန် အောက်တိုဘာ ၂၀**

လေယာဉ်ပျက်ကျမှု နှစ်ကြိမ်ဖြစ်ပွားခဲ့ပြီး လူပေါင်း ၃၄၆ ဦးသေဆုံးခဲ့ရပြီးနောက် ကမ္ဘာအနှံ့အပြား၌ ပျံသန်းမှုများ ရပ်ဆိုင်းထားခဲ့ရသည့် ဘိုးရင်း ၇၃၇ အမ်အေအိတ်စ်လေယာဉ်များအပေါ် ခရီးသွားများ၏ ယုံကြည်စိတ်ချရမှု ပြန်လည်ရရှိစေရေးအတွက် မျှော်လင့်သည့် စက္ကန့် ၃၀ ကြာမြင့်သော ဗီဒီယိုပြကွက်တစ်ခုကို စက်တင်ဘာ ၁၂ ရက်တွင် ဘိုးရင်းကုမ္ပဏီက ထုတ်လွှင့်ခဲ့ပြီး ယင်းဗီဒီယိုပြကွက်တွင် လေယာဉ်ကုမ္ပဏီဝန်ထမ်းများက ယင်းအမျိုးအစားလေယာဉ်များ၌ လုံခြုံစိတ်ချရမှုရှိကြောင်း ပါဝင်သရုပ်ပြကြသည်။

**လုံခြုံစိတ်ချရမှု ၁၀၀ ရာခိုင်နှုန်းရှိ**

လုံခြုံစိတ်ချရမှုသည် စီးပွားရေးလုပ်ငန်း၏ အဓိကမဏ္ဍိုင်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ၇၃၇-အမ်အေအိတ်စ် လေယာဉ်များ လုံခြုံစိတ်ချမှုရရေးအတွက် ရာပေါင်းများစွာသော အင်ဂျင်နီယာများနှင့် လုပ်ဆောင်ခဲ့ပြီး ယင်းအမျိုးအစားလေယာဉ်များ၏ လုံခြုံစိတ်ချရမှုမှာ လက်ရှိကာလ၌ ၁၀၀ ရာခိုင်နှုန်းအသင့်ရှိနေကြောင်း ဘိုးရင်း ၇၃၇ အမ်အေအိတ်စ် အမျိုးအစားလေယာဉ်များ၏ စမ်းသပ်ပျံသန်းသည့် လေယာဉ်မှူးချုပ်




ဂျင်နီဖာ ဟန်ဒါဆင်က ဗီဒီယိုပြကွက်တစ်ခုတွင် ပြောကြားခဲ့သည်။

ဘိုးရင်း-၇၃၇ အမ်အေအိတ်စ် လေယာဉ်ပျံသန်းမှုစတင်ချိန်တွင် မိသားစုဝင်အားလုံးကို အဆိုပါလေယာဉ်တွင် တင်ဆောင်ပျံသန်းစေမည်ဟု ၎င်းကပြောကြားသည်။

ဘိုးရင်းကုမ္ပဏီ၏ ဖေ့စ်ဘွတ်စာမျက်နှာ၌ ယင်းကုမ္ပဏီအပေါ် စိတ်ဝင်စားသူများက ယင်းဗီဒီယိုထုတ်လွှင့်ချက်နှင့်ပတ်သက်၍ တုံ့ပြန်မှုများပြုခဲ့ရာတွင် ဆန့်ကျင်ဘက်သဘောထားများဖော်ပြခဲ့သည်။

လွန်ခဲ့သည့် ခုနစ်လအတွင်းက အီသီယိုးပီးယားလေကြောင်းကုမ္ပဏီပိုင် ဘိုးရင်း-၇၃၇ အမ်အေအိတ်စ် အမျိုးအစားလေယာဉ်ပျက်ကျမှု ဖြစ်ပွားခဲ့ပြီး လူပေါင်း ၁၅၇ ဦး သေဆုံးပြီးနောက်တွင် ဘိုးရင်းလေယာဉ်ကုမ္ပဏီသည် ၇၃၇-အမ်အေအိတ်စ် အမျိုးအစားလေယာဉ်များအပေါ် မြို့ပြလေကြောင်းဆိုင်ရာ တာဝန်ရှိသူများနှင့် အများပြည်သူတို့၏ ယုံကြည်မှုပြန်လည်ရရှိစေရေးအတွက် အင်အားကြီးမားစွာ စိုက်ထုတ်ကြိုးပမ်းနေရသည်။

၂၀၁၈ ခုနှစ် အောက်တိုဘာလအတွင်းက အင်ဒိုနီးရှားနိုင်ငံ လိုင်းရင်းလေကြောင်းလိုင်းမှ ဘိုးရင်း-၇၃၇ အမ်အေအိတ်စ် အမျိုးအစားခရီးသည်တင်လေယာဉ်ပျက်ကျခဲ့ရာ လူပေါင်း ၁၈၉ ဦး သေဆုံးမှု ဖြစ်ခဲ့ပြီးနောက်တွင် အီသီယိုးပီးယားလေကြောင်းလိုင်းမှ ယင်းအမျိုးအစား လေယာဉ်ပျက်ကျမှု ဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။

ကိုးကား-အေအက်ဖ်ပီ
ဘာသာပြန်-ဇော်ဝင်း

# ကာ့ဒ်တပ်ဖွဲ့များ တိုက်ခိုက်မှုကြောင့် တူရကီစစ်သားတစ်ဦး သေဆုံး

**အန်ကာရာ အောက်တိုဘာ ၂၀**

ဆီးရီးယားနိုင်ငံမြောက်ပိုင်းတွင် ကာ့ဒ်တိုက်ခိုက်ရေးသမားများ၏ တိုက်ခိုက်မှုကြောင့် တူရကီစစ်သားတစ်ဦး သေဆုံးခဲ့ကြောင်း တူရကီကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။ တူရကီက ဆီးရီးယားမြောက်ပိုင်း၌ ဆင်နွှဲနေသည့် စစ်ဆင်ရေးများကို ယာယီရပ်ဆိုင်းထားမည်ဖြစ်ကြောင်း ကြေညာချက်ထုတ်ပြန်ခဲ့ပြီးနောက် ယင်းဒေသ၌ တူရကီစစ်သားတစ်ဦးသေဆုံးသည့် ပထမဆုံးသတင်းထွက်ပေါ်လာခြင်းဖြစ်သည်။

အောက်တိုဘာ ၁၇ ရက်တွင် တူရကီသမ္မတ အာဒိုဂန်နှင့် အမေရိကန် ဒုတိယသမ္မတ မိုက်ပန့်စ်တို့ တွေ့ဆုံဆွေးနွေးခဲ့ရာတွင် ဆီးရီးယားမြောက်ပိုင်း၌ ဆင်နွှဲနေသည့် တူရကီ၏ ထိုးစစ်ဆင်မှုများကို ငါးရက်ကြာ ရပ်ဆိုင်းပေးရန် သဘောတူညီမှုရရှိခဲ့သည်။ ယင်းယာယီထိုးစစ်ရပ်ဆိုင်းထားချိန်အတွင်း၌ တူရကီနိုင်ငံနှင့် ထိစပ်နေသည့် ဆီးရီးယားဘက်ခြမ်းမှ ကာ့ဒ်တပ်ဖွဲ့များအနေဖြင့် အဆိုပါနေရာမှ ဆုတ်ခွာပေးရမည်ဖြစ်သည်။

ဆီးရီးယားနိုင်ငံအရှေ့မြောက်ဘက် တယ်လ်အဘေယက်မြို့တွင် ကင်းထောက်လုပ်ငန်းဆောင်ရွက်နေသည့် တူရကီစစ်သားတစ်ဦး ကာ့ဒ်တို့တိုက်ခိုက်မှုကြောင့် သေဆုံးခဲ့ရသည်ဟု တူရကီစစ်ဘက်မှ အောက်တိုဘာ ၂၀ ရက်တွင် ပြောကြားသည်။

တူရကီစစ်ဘက်မှ အပစ်ရပ်သဘောတူညီမှုကို ချိုးဖောက်ပြီး နယ်စပ်ဒေသမြို့ အမ်စ်အယ်လ်အင်ရှိ အရပ်သားများနေထိုင်ရာဒေသသို့ အမြောက်များဖြင့် ပစ်ခတ်ခဲ့ကြောင်း ကာ့ဒ်တိုက်ခိုက်ရေးသမားများက စွပ်စွဲပြောကြားသည်။

ကာ့ဒ်တပ်ဖွဲ့များသည် နယ်စပ်ဒေသမှ ဆုတ်ခွာခြင်းမပြုပါက ၎င်းတို့အနေဖြင့် ထိုးစစ်ဆင်မှုများ ပြန်လည်စတင်မည်ဟု တူရကီစစ်ဘက်က ထပ်တလဲလဲ သတိပေးပြောကြားခဲ့သည်။

ကိုးကား-အင်န်အိတ်ချ်ကေ
ဘာသာပြန်-ဇော်ဝင်း

# ဂျပန်နိုင်ငံ၏ သက်ငယ်ကင်ဆာဝေဒနာရှင် ဦးရေအများစုမှာ အမျိုးသမီးများဟုဆို

**တိုကျို အောက်တိုဘာ ၂၀**

ဆယ်ကျော်သက်များ၊ အသက် ၂၀ ကျော်နှင့် ၃၀ ကျော်အရွယ်ရှိ ဂျပန်နိုင်ငံမှ သက်ငယ်ကင်ဆာဝေဒနာရှင် ဦးရေ၏ ၈၀ ရာခိုင်နှုန်းနီးပါးမှာ အမျိုးသမီးများဖြစ်ကြောင်း မကြာသေးမီက ပြုလုပ်သည့် လေ့လာမှုတစ်ရပ်တွင် တွေ့ရှိရသည်ဟု အင်န်အိတ်ချ်ကေ သတင်းတွင် ဖော်ပြသည်။

အမျိုးသားကလေးသူငယ်များ ကျန်းမာရေးနှင့် ဖွံ့ဖြိုးရေးဌာနနှင့် အမျိုးသားကင်ဆာဌာနတို့က နိုင်ငံတစ်ဝန်းရှိ ဆေးရုံပေါင်း ၈၀၀ ကျော်မှ ကင်ဆာဝေဒနာရှင်များဆိုင်ရာ အချက်အလက်များကို ကောက်ယူခဲ့ခြင်းဖြစ်သည်။ ၂၀၁၆ ခုနှစ်နှင့် ၂၀၁၇ ခုနှစ်အတွင်း ကင်ဆာရောဂါဝေဒနာရှင်များထံမှ အချက်အလက်များကို ကောက်ယူကာ စူးစမ်းလေ့လာခဲ့ခြင်းဖြစ်သည်။

ယင်းသက်ငယ်အုပ်စုဝင် ကင်ဆာရောဂါဝေဒနာရှင် ၅၇၇၈၈ ဦးတွင် အမျိုးသမီးဦးရေ ၄၄၉၄၆ ဦးပါဝင်ပြီး ရာခိုင်နှုန်းအားဖြင့် ၇၈ ရာခိုင်နှုန်းခန့်ရှိသည်။

ယင်းအခြေအနေနှင့် အကြီးအကျယ် ကွဲပြားခြားနားသည့် အခြေအနေမှာ သက်ကြီးအုပ်စု ကင်ဆာဝေဒနာရှင်မျိုးဆက်ဖြစ်သည်။ သက်ကြီးကင်ဆာဝေဒနာရှင်များတွင်မူ အမျိုးသားများမှာ အများစုဖြစ်သည်။

သက်ငယ်ကင်ဆာရောဂါ ဝေဒနာရှင်ဦးရေ၏ ၃၅ ရာခိုင်နှုန်းသည် သားအိမ်ခေါင်းနှင့် ရင်သားကင်ဆာရောဂါ ရှေးဦးအဆင့်ခံစားနေရသူများဖြစ်သည်။

သတင်း-အင်န်အိတ်ချ်ကေ၊ ဘာသာပြန်-ဇော်ဝင်း

# ဖလော်ရီဒါဂေါက်ကွင်း၌ ဂျီ-၇ ထိပ်သီးအစည်းအဝေး ကျင်းပမည့်အစီအစဉ် သမ္မတ ဒေါ်နယ်ထရန့် ရုပ်သိမ်း

**ဝါရှင်တန် အောက်တိုဘာ ၂၀**

လာမည့်နှစ် ဂျီ-၇ ထိပ်သီးအစည်းအဝေးကို ဖလော်ရီဒါပြည်နယ်ရှိ အပန်းဖြေဂေါက်ကွင်းတစ်ခု၌ ကျင်းပမည့်အစီအစဉ်တစ်ရပ်ကို အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က စွန့်လွှတ်လိုက်ပြီဖြစ်သည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က ဂျီ-၇ ထိပ်သီးဆွေးနွေးပွဲကိုလာမည့်နှစ် ဇွန်လအတွင်း ဖလော်ရီဒါပြည်နယ် မီယာမီမြို့တော်အနီးရှိ ထရန့်နေရှင်နယ်ဒိုရယ် အပန်းဖြေဂေါက်ကွင်း၌ ကျင်းပမည့်အစီအစဉ်ကို ရုပ်သိမ်းမည်ဟု ယမန်နေ့က ပြောကြားခဲ့သည်။ ဒီမိုကရက်များ၊ မီဒီယာများက အဆိုပါအစီအစဉ်ကို ဝေဖန်ခဲ့ပြီး ပုဂ္ဂလိကရေးအကျိုးအမြတ်ရရှိစေရေး အစိုးရအဖွဲ့ကို အလွဲသုံးစားပြုရန် ကြိုးပမ်းနေသည်ဟု ဒေါ်နယ်ထရန့်အား စွပ်စွဲလိုက်သည်။ အနေအထားပြောင်းပြန်ဖြစ်သွားမှုအတွက် ဒေါ်နယ်ထရန့်က ဒီမိုကရက်များနှင့် မီဒီယာများ၏ ယုတ္တိမရှိသော ရန်လိုမှုကို ကိုးကားပြောကြားခဲ့သည်။

ဒေးဗစ်စခန်းအပါအဝင် ဂျီ-၇ ထိပ်သီးအစည်းအဝေး ကျင်းပမည့် အခြားနေရာရှာဖွေမှုကို နှောင့်နှေးခြင်းမရှိဘဲ စတင်မည်ဟု ဒေါ်နယ်ထရန့်က ရေးသားခဲ့သည်။

ကိုးကား-အင်န်အိတ်ချ်ကေ၊ ဘာသာပြန် - ကျော်ထိုက်စိုး

ဂုဏ်ရည်ဆေးတိုက်

ဂုဏ်ရည်
အမှတ်တံဆိပ်

ဂရင်ဂျီနာ၊ အတွင်းအပြင်လိပ်ခေါင်းရောဂါ၊ ဆီးချို၊ သွေးချိုကျဆေး၊ ဆီးကျိတ်ရောဂါ၊
အဆစ်ရောင်ကိုက်လေးဖက်နာ၊ အဆီကျဆေး၊ သွေးတိုးရောဂါ၊ ချောင်းဆိုးရင်ကျပ်၊
အသည်းရောဂါ၊ အရိုးအကြောရောဂါ၊ ဆီးရောဂါ၊ အဖျားရောဂါ၊
အကျိတ်ရောဂါအတွက် အစွမ်းထက်ဆေးများကို ပင်ရင်းလိပ်စာနှင့်
အမြို့မြို့ဆေးဆိုင်တိုင်းတွင် ရရှိနိုင်ပါသည်။

ကြော်ငြာခွင့်ပြုချက်အမှတ်-
တဆဝက (စားနယ်စင်း) ၀၅၄/၀၇၁၃

၈၂(၂)၊ သာယာကုန်းလမ်း၊ နံ့သာကုန်းရပ်ကွက်၊ အင်းစိန်မှ အထက်ပါရောဂါများအတွက်
အစွမ်းထက်တိုင်းရင်းဆေးများရရှိနိုင်ပါသည်။
အချိန် - နံနက်(၁၀း၀၀)နာရီမှ ညနေ(၅း၀၀)နာရီအထိ (တနင်္ဂနွေနေ့ပိတ်သည်။)
ဖုန်း - ၀၉ ၇၇၇၇၇ ၃၃၁၄၊ ၀၉ ၇၇၇၇၇ ၃၃၁၅၊ ၀၁ ၆၄၁၅၀၁၊ ၀၉၉၇၀၀၅၀၀၅၀



# မန္တလေး–ပုဂံ အမြန်ရထား နွားထိုးကြီးမြို့နယ်၌ လမ်းချော်တိမ်းမှောက်၍ တစ်ဦးသေ၊ တစ်ဦးဒဏ်ရာရ

**နွားထိုးကြီး အောက်တိုဘာ ၂၀**
မန္တလေး – ပုဂံခရီးသည်တင် အမြန်ရထားသည် ဝက်လူးဘူတာနှင့် နွားထိုးကြီးဘူတာကြားတွင် ရထားစက်ခေါင်း လမ်းချော်မှုဖြစ်ပွားရာ တစ်ဦးသေဆုံးပြီး တစ်ဦး ဒဏ်ရာရခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၂၀ ရက် နံနက် ၀၁:၄၆ နာရီက မန္တလေးဘူတာမှ ည ၉ နာရီ ထွက်ခွာလာသော မန္တလေး–ပုဂံအမှတ်(၁၂၀–အစုန်)သည် ဝက်လူးဘူတာနှင့် နွားထိုးကြီးဘူတာအကြားတွင် ရထားစက်ခေါင်း လမ်းချော်မှုဖြစ်ပွားခဲ့ရာ ရထားစက်ခေါင်းပေါ်ရှိ ရထားမောင်း အကူ ဦးကျော်ဦးတွင် ရထားစက်ခေါင်း ကြိတ်ခံရ၍ သေဆုံးခဲ့ကြောင်း၊ ရထားမောင်းနှင်သူ ဦးအောင်နိုင်တွင် လက်မောင်းတစ်ဖက် ကျိုးပဲ့ခြင်းနှင့် အနည်းငယ် ပွန်းပဲ့ဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။ ရထားပေါ်တွင် စီးနင်းလိုက်ပါလာသည့် အခြားသော ရထားဝန်ထမ်းများနှင့် ခရီးသည်များမှာ ဒဏ်ရာရရှိမှုမရှိခဲ့ကြောင်း သိရသည်။

ရထားစက်ခေါင်းတိမ်းမှောက်ရာသို့ နွားထိုးကြီးမြို့နယ်ရဲတပ်ဖွဲ့မှ ဒုရဲအုပ် အောင်အောင်နိုင်နှင့် ရဲတပ်ဖွဲ့ဝင်များ၊ နွားထိုးကြီးမြို့နယ် ၄က်ပျောအိုင်ကျေးရွာ ပရဟိတ လူမှုကူညီရေးအသင်းမှ ဦးအောင်နိုင်ဦးနှင့် အသင်းသားများ၊ ဒေသခံပြည်သူများက ရထားရဲလုံခြုံရေးတပ်ဖွဲ့မှ ရဲတပ်ဖွဲ့ဝင်များနှင့်ပူးပေါင်း၍ ထိခိုက်ဒဏ်ရာရရှိသည့် ရထားစက်ခေါင်းမောင်းနှင်သူ ဦးအောင်နိုင်အား ဆေးဝါးကုသရန်အတွက် နွားထိုးကြီးမြို့နယ် ပြည်သူ့ဆေးရုံသို့ ကူညီပို့ဆောင်ပေးခဲ့ကြောင်းနှင့် ခရီးသည်များ ပျောက်ဆုံးမှုမရှိစေရေး လုံခြုံရေးတာဝန်များ ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

တိမ်းမှောက်သည့် ရထားပေါ်မှ ခရီးသည်များအား ခရီးကြန့်ကြာမှုမဖြစ်စေရေးအတွက် မြန်မာ့မီးရထားမှ ပုဂံ – မန္တလေး ပြေးဆွဲသည့် အမှတ်(၁၁၉ – အဆန်) အမြန်ရထားဖြင့် ပုဂံဘူတာသို့ ဆက်လက်ပို့ဆောင်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**



# မြစ်ကြီးနား၌ ဆီဘောက်ဆာယာဉ်မှ ဆီထည့်စဉ် မီးလောင်မှုဖြစ်

**မြစ်ကြီးနား အောက်တိုဘာ ၂၀**
ကချင်ပြည်နယ် မြစ်ကြီးနားမြို့ တပ်ကုန်းရပ်ကွက်ရှိ နေအိမ်အတွင်း၌ အောက်တိုဘာ ၁၉ ရက် ညနေပိုင်းက ဆီဘောက်ဆာယာဉ်မှ ဆီထည့်စဉ် မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။



ဖြစ်စဉ်မှာ အောက်တိုဘာ ၁၉ ရက် မွန်းလွဲ ၃ နာရီ မိနစ် ၄၀ က မြစ်ကြီးနားမြို့ တပ်ကုန်းရပ်ကွက်ရှိ ဦးတန်ဂွမ်း (ခ) အားတန်၏ နေအိမ်ခြံဝင်း၌ ထွန်းထွန်းဝင်း မောင်းနှင်သည့် ဆီဘောက်ဆာယာဉ်ပေါ်မှ ဆင်ရမ်မောင်းနှင်သည့် ခြောက်ဘီးယာဉ်ပေါ်ရှိ ဆီပီပါအတွင်းသို့ ဆီထည့်စဉ် မီးလောင်ခဲ့ကြောင်း သိရသည်။

မီးလောင်ရာသို့ ကချင်ပြည်နယ် မီးသတ်ဦးစီးမှူး ဦးဇော်ဝင်းထွန်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့မရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများက မီးငြိမ်းသတ်ယာဉ်ခြောက်စီး၊ ရေသယ်ယာဉ် သုံးစီးတို့ဖြင့် ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ ညနေ ၄ နာရီ မိနစ် ၂၀ တွင် မီးငြိမ်းခဲ့ကြောင်း သိရသည်။

မီးလောင်မှုကြောင့် ထိခိုက်ဒဏ်ရာရရှိမှုမရှိဘဲ ဓာတ်ဆီဂါလန် ၅၀၀ ခန့်နှင့် ခြောက်ဘီးယာဉ်တစ်စီးတို့ မီးလောင်ဆုံးရှုံးခဲ့ပြီး ဆီဖြည့်ပေးသူမှာ ထွက်ပြေးတိမ်းရှောင်သွားခဲ့သဖြင့် မြစ်ကြီးနားမြို့မရဲစခန်းက အမှုဖွင့်အရေးယူနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**

# ရန်ကုန်–ပြည်ကားလမ်းပေါ် သပြေကုန်းကျေးရွာအနီး ခရီးသည်တင်ယာဉ် တိမ်းမှောက်

**ပေါင်းတည် အောက်တိုဘာ ၂၀**
ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ် ရန်ကုန်-ပြည်ကားလမ်း သပြေကုန်းကျေးရွာ မိုင်တိုင် (၁၄၁/၅) နှင့် (၁၄၁/၆)အကြား ယနေ့နံနက် ၃ နာရီခန့်တွင် ခရီးသည်တင်ယာဉ်တစ်စီး တိမ်းမှောက်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရန်ကုန်မှ ပြည်သို့ ယာဉ်မောင်း တင်ထွန်း မကွေးမြို့နေသူ မောင်းနှင်ပြီး ယာဉ်နောက်လိုက်များ ဖြစ်ကြသော အေးမင်းသိန်း ဆားတိုင်ကန်ကျေးရွာ၊ စန်းမောင်နှင့် စိုးပိုင် ရေနံ့သာရွာ မကွေးမြို့နေသူတို့ လိုက်ပါသည့် ယာဉ်သည် ရန်ကုန်မြို့မှ ဓာတ်မြေဩဇာနှင့် ဆေးရုံသုံးပစ္စည်းများ တင်ဆောင်၍ ရန်ကုန်-ပြည်လမ်းအတိုင်း မကွေးမြို့သို့ မောင်းနှင်လာစဉ် ပေါင်းတည်မြို့ သပြေကုန်းရွာအနီးအရောက်တွင် အရှိန်မထိန်းနိုင်ဘဲ လမ်းဝဲဘက်ရှိ သစ်ပင်တို့အား ဝင်တိုက်မိရာမှ တိမ်းမှောက်ခဲ့ကြောင်း သိရသည်။

ယာဉ်တိမ်းမှောက်မှုကြောင့် စိုးပိုင်တွင် ဒဏ်ရာများ ရရှိခဲ့ပြီး ယာဉ်မောင်းနှင့်ယာဉ်နောက်လိုက်တို့မှာ (မစိုးရိမ်ရ) ဒဏ်ရာများရရှိခဲ့ကြသည်။

အဆိုပါယာဉ်တိမ်းမှောက်မှုနှင့်ပတ်သက်၍ တင်ထွန်းအား ပေါင်းတည်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**တင်ဝင်းဇော်(မင်းသားကြီး)**

# မြိတ်မြို့နယ်နှင့် မိုင်းပျဉ်းမြို့နယ်တွင် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် အောက်တိုဘာ ၂၀**
မူးယစ်တပ်ဖွဲ့စု(၃၅)မြိတ်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၁၉ ရက် နံနက်ပိုင်းက မြိတ်မြို့နယ် မြိတ်တောင်ကျေးရွာအုပ်စု တရုပ်တန်းကျေးရွာနေ ဇော်လင်းနိုင်၏ နေအိမ်ကို ရှာဖွေရာ ဘိန်းစာမှုန့် ဂရမ် ၇၀ သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ မြိတ်မြို့ မြို့သစ်(၄)ရပ်ကွက် ရတနာသီရိလမ်းနေ ဝင်းဇော်၏ နေအိမ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၅၄၀၀ ထပ်မံသိမ်းဆည်းရမိခဲ့သည်။

အလားတူ ယင်းနေ့ မွန်းတည့် ၁၂ နာရီက မိုင်းပျဉ်းမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မိုင်းပျဉ်းမြို့နယ် နောင်ဟွမ်ကျေးရွာနေ မနန်းကျာရှဲန်၏ နေအိမ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၄၃၀ သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **ရဲပြန်ကြား**

# သထုံမြို့နယ် ထိန်ပင်ကျေးရွာ၌ တရားမဝင် ကျွန်း/ပိတောက်သစ်များ သယ်ဆောင်လာသော ရေယာဉ်နှစ်စင်း ဖမ်းမိ

**သထုံ အောက်တိုဘာ ၂၀**
သထုံမြို့နယ် ထိန်ပင်ကျေးရွာပိုင်ရေပြင်ပေါ်၌ အောက်တိုဘာ ၁၉ ရက် မွန်းလွဲ ၂ နာရီခွဲခန့်က သထုံမြို့နယ် သစ်တော ဦးစီးဌာနမှ ဦးစီးအရာရှိ မျိုးမင်းထက်က ထိန်ပင်ကျေးရွာ ရေပြင်ပေါ်၌ တရားမဝင်သစ်များ တင်ဆောင်မောင်းနှင်လာသော စက်လှေနှစ်စင်းအား သတင်းအရ သွားရောက်စစ်ဆေးရာ စိုးလင်းမြတ်(ခ) ပန်းပွင့်ဖြူအမည်ရှိ စက်လှေပေါ်မှ သစ်ခွဲသားဆိုက်စုံ ငါးတန်ခန့်နှင့် အလျား ၄၅ ပေ အနံ ၁၁ ပေရှိ စက်လှေပေါ်မှ သစ်ခွဲသား ဆိုက်စုံ ငါးတန်ခန့် စုစုပေါင်း ၁၀ တန်ခန့်နှင့် ၎င်းစက်လှေ နှစ်စင်းပေါ်ပါရဲကျော်သူ အောင်ချမ်းသာရပ်ကွက် မော်လမြိုင်မြို့ (ပဲ့နင်း)၊ ခင်ဝင်း သာယာကုန်းရွာ ကျိုက္ခမီမြို့ (စက်ဆရာ)၊ အောင်သူ) ကနိကျေးရွာ ဖျာပုံမြို့နယ် (လှေလုပ်သား)၊ အောင်စိုးမိုး ဆက်တတောရပ်ကွက် မှော်ဘီမြို့နယ်(လှေလုပ်သား)၊ အောင်နိုင်ဝင်း မရမ်းပင်ရွာ အိမ်မဲမြို့နယ်(စက်အကူ)၊ ကျော်မင်းဦး ဇေယျာ(၂)ရပ်ကွက် မော်လမြိုင်မြို့ (လှေလုပ်သား)၊ အောင်ကို ကနိကျေးရွာ ဖျာပုံမြို့နယ် (လှေလုပ်သား)၊ ရဲမင်းထွန်း မြင်းကကုန်းရွာ ဖျာပုံမြို့နယ် (လှေလုပ်သား)၊ ဇင်မင်းနိုင် ကနိကျေးရွာ ဖျာပုံမြို့နယ် (လှေလုပ်သား)နေထိုင်သူတို့အား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

သို့ဖြစ်ပါ၍ တရားမဝင် ကျွန်း/ပိတောက်ခွဲသားများ သယ်ဆောင်လာသူကိုးဦးတို့အား သထုံမြို့မရဲစခန်းက အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**လှိုင်ထွန်းအောင်(သထုံ)**

# မိုင်းဖြတ်မြို့ ပါယောင်း(၁)ကျေးရွာ၌ ဝိုင်ယာရှော့ဖြစ်ရာမှ မီးလောင်

**မိုင်းဖြတ် အောက်တိုဘာ ၂၀**
ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်မြို့နယ်တွင် အောက်တိုဘာ ၂၀ ရက် မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်က ပါယောင်း(၁)ကျေးရွာတွင် ဒေါ်နာနူး၏ နေအိမ်၌ ကိုယ်ပိုင်ရေအားလျှပ်စစ်ဝိုင်ယာရှော့ဖြစ်ရာမှတစ်ဆင့် မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါမီးလောင်မှုကြောင့် နေအိမ်တစ်လုံး၊ မီးဖိုချောင်နှင့် နွားတင်းကုပ်တစ်လုံးတို့ မီးလောင်ဆုံးရှုံးခဲ့ပြီး လူနှင့် တိရစ္ဆာန်များ ထိခိုက်မှုမရှိကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ဒေါ်နာနူးအား မိုင်းဖြတ်မြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သန်းထွန်းအေး(ပြန်/ဆက်)**



# ခနဲဖြူစာသင်ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲအခမ်းအနား ကျင်းပ

**နေပြည်တော်  အောက်တိုဘာ ၂၀**

ညောင်ပင်ရွာကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)တွင် ဆောက်လုပ်လှူဒါန်းသည့် ခနဲဖြူစာသင်ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ပခုက္ကူမြို့နယ် ညောင်ပင်ရွာကျေးရွာအုပ်စု အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ ကျင်းပသည်။



**ဖဲကြိုးဖြတ်ဖွင့်လှစ်**

ရှေးဦးစွာ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို၊ သယံဇာတ၊ သဘာဝပတ်ဝန်းကျင်၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီး ဦးမြင့်ဇော်၊ လူမှုရေးဝန်ကြီး ဒေါက်တာခင်မောင်အေး၊ လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီး ဦးမြင့်အောင်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးပိုက်ကို၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမြမင်းဆွေ၊ အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကိုလေးဝင်းနှင့် အလှူရှင် ဦးကျော်စည်သူနှင့် ဒေါ်မြသီတာတို့က ကျောင်းဆောင်လွှဲပြောင်းခြင်းအခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုနှင့် တာဝန်ရှိသူများက ခနဲဖြူကျောင်းဆောင်သစ်ဆိုင်းဘုတ်အား စက်ခလုတ်နှိပ်ဖွင့်လှစ်ကြပြီး ကမ္ပည်းမော်ကွန်းကျောက်စာအား နံ့သာရည်ပက်ဖျန်းပေးကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုက အမှာစကားပြောကြားသည်။

**ပူးပေါင်းကူညီဖြည့်ဆည်း**

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက အခက်အခဲရှိသောဒေသ၊ လိုအပ်ချက်များသော ဒေသများကို ဖြည့်ဆည်းနိုင်ရေးအတွက် နှစ်စဉ် ဘဏ္ဍာငွေတိုးမြှင့်ခွင့်ပြုလျက်ရှိရာ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် အသုံးစရိတ်ထက် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ၁၀ ဆခန့် ပိုမိုသုံးစွဲလာပါကြောင်း၊ ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းနေမှသာ ကျောင်းထွက်နှုန်း လျော့နည်းပြီး ကျောင်းထွက်သူလုံးဝမရှိတော့ဘဲ မူလတန်းကျောင်းသားကျောင်းသူအားလုံး မူလတန်းပညာသင်ယူပြီးမြောက်၍ အလယ်တန်း၊ အထက်တန်းတွင် ပညာဆက်လက်သင်ယူပြီးမြောက်ရေးသည် အရေးကြီးပါကြောင်း၊ ဆရာ ဆရာမများအနေဖြင့် ကျောင်းသား ကျောင်းသူများ၏ အခက်အခဲများ၊ လိုအပ်ချက်များကို မေတ္တာ၊ ကရုဏာအသိစိတ်ဖြင့် သင်ယူတတ်မြောက်မှုအရည်အသွေးကောင်းမွန်ရေးအတွက် ပူးပေါင်းကူညီဖြည့်ဆည်းပေးရန် အလွန်အရေးကြီးပါကြောင်း။

မကွေးတိုင်းဒေသကြီးတွင် အခြေခံပညာသင်ယူခွင့် ပိုမိုတိုးတက်ရရှိနိုင်ရေးအတွက် ကျောင်းအဆင့်တိုးမြှင့်ပေးခဲ့သည့် စာရင်းအရ ၂၀၁၇ -၂၀၁၈ ပညာသင်နှစ်တွင် ကျောင်း ၁၀၁၂ ကျောင်း၊ ၂၀၁၈-၂၀၁၉ ပညာသင်နှစ်တွင် ၁၀၅၄ ကျောင်း၊ ၂၀၁၉-၂၀၂၀ ပညာသင်နှစ်တွင် ၉၃၃ ကျောင်းဖြစ်၍ အခြေခံပညာမူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်း စုစုပေါင်း ၄၃၉၂ ကျောင်းရှိလာပြီး မူလတန်းကျောင်းသား ၃၆၄၇၇၆ ဦး၊ အလယ်တန်းကျောင်းသား ၂၇၈၅၇၄ ဦး၊ အထက်တန်းကျောင်းသား ၁၁၂၁၃၃ ဦး စုစုပေါင်း ကျောင်းသား ၇၅၅၄၈၃ ဦး ဖြစ်လာ၍ မူလတန်းနှင့် အလယ်တန်းတွင် ကျောင်းတက်နှုန်း အလွန်မြင့်မားလာသည်မှာ ဂုဏ်ယူဝမ်းမြောက်မှတ်တမ်းတင်ပါကြောင်း၊ သို့သော် မူလတန်း ကျောင်းသား ကျောင်းသူအားလုံး စာဖတ်တတ်ရန်၊ ရေးတတ်ရန်နှင့် အခြေခံသင်္ချာ တွက်တတ်ရန် အလွန်အရေးကြီးပါကြောင်း၊ မိဘ၊ အုပ်ထိန်းသူ၊ ပြည်သူများ၏ ပူးပေါင်းဆောင်ရွက်မှုဖြင့်သာ အောင်မြင်စွာ ဆောင်ရွက်နိုင်မည်ဖြစ်သဖြင့် အထူးအလေးထားကူညီပေးပါရန် မေတ္တာရပ်ခံအပ်ပါကြောင်း။

**ဒေသခံများပိုမိုခန့်ထားရေး စီစဉ်ဆောင်ရွက်**

ပညာရေးဝန်ကြီးဌာနအနေဖြင့်လည်း မကွေးတိုင်းဒေသကြီးတွင် လိုအပ်လျက်ရှိသော မူလတန်းပြ ၅၄၉၃ ဦး၊ အလယ်တန်းပြ ၂၅၅၂ ဦး၊ အထက်တန်းပြ ၂၈၄၂ ဦးတို့ကို လျာထားနှစ်အလိုက် သတ်မှတ်အရည်အချင်းပြည့်မီသူများကို စိစစ်ရွေးချယ်သင်တန်းပေး၍ ဒေသခံများ ပိုမိုခန့်ထားရေးအတွက် ခွင့်ပြုချက်ရရှိရေးစီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပေ(၆၀ × ၃၀)ကျောင်းဆောင်စုစုပေါင်း ၆၁၇၆ ဆောင်၊ စာရေးခုံနှင့်ထိုင်ခုံ ၅၈၆၈၉၊ သန့်စင်ခန်း ၁၄၃၂၀ ခန့်တို့ကို ဖြည့်ဆည်းပေးရန် လိုအပ်ချက်ရှိပါကြောင်း၊ သောက်ရေလုံလောက်မှုမရှိသဖြင့် လိုအပ်နေသောကျောင်း ၆၇၇ ကျောင်းရှိပါကြောင်း၊ ပညာရေးဝန်ကြီးဌာနက မကွေးတိုင်းဒေသကြီးတွင် ငွေလုံးငွေရင်း(တည်ဆောက်ရေး) ခွင့်ပြုရန်ပုံငွေဖြင့် ၂၀၁၆-၂၀၁၇ တွင် ငွေကျပ် ၁၀၉၆၉ ဒသမ ၇၅၈ သန်းဖြင့် ကျောင်းဆောင် ၃၁၂ ဆောင်၊ ၂၀၁၇-၂၀၁၈ တွင် ကျပ် ၁၀၇၇၆ ဒသမ ၂ သန်းဖြင့် ကျောင်းဆောင် ၂၅၆ ဆောင်၊ ၂၀၁၈-၂၀၁၉ တွင် ငွေကျပ် ၁၇၇၅၆ ဒသမ ၅၆ သန်းဖြင့် ကျောင်းဆောင် ၄၅၇ ဆောင်၊ ၂၀၁၉-၂၀၂၀ တွင် ကျပ်သန်း ၁၇၇၉၈ ဒသမ ၀ ဖြင့် ကျောင်းဆောင် ၂၆၈ ဆောင် စုစုပေါင်း ကျောင်းဆောင် ၁၂၉၃ ဆောင်ကို ဖြည့်ဆည်းပေးရန် စီစဉ်ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

မကွေးတိုင်းဒေသကြီး၌ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် စက်ပစ္စည်း၊ ပရိဘောဂခွင့်ပြုရန်ပုံငွေကျပ် ၅၁၀၀ ဒသမ ၈၂၈ သန်းဖြင့် ကွန်ပျူတာ ၁၄၆၈ လုံး၊ စာရေးခုံ(အမြင့်) ၁၅၀၆၈ ခုံ၊ စာရေးခုံ(အနိမ့်) ၂၅၁၅၁ ခုံ စသည်တို့ကို လည်းကောင်း၊ ပြင်ဆင်ထိန်းသိမ်းစရိတ်ခွင့်ပြုရန်ပုံငွေကျပ် ၁၀၈၅၈ သန်းဖြင့်လည်း အဆောက်အအုံများ ပြင်ဆင်ခြင်း၊ အပြီးသတ်ခြင်းလုပ်ငန်း ၅၇၅ ခု၊ လမ်းများဆောင်ရွက်ခြင်း ၁၂၁ ခု၊ ခြံစည်းရိုး၊ သန့်စင်ခန်း၊ ရေစနစ်များဆောင်ရွက်ခြင်း လုပ်ငန်း ၂၆၁၈ ခုတို့ကိုလည်းကောင်း ဖြည့်ဆည်းပေးရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ အခြားတိုင်းဒေသကြီး၊ ပြည်နယ်များအတွက်လည်း ယခုကဲ့သို့ပင် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ နှစ်စဉ်ပညာရေးဝန်ကြီးဌာနက သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များသို့ ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေနှင့် သက်ဆိုင်သော တည်ဆောက်ရေး၊ ပြင်ဆင်ထိန်းသိမ်းရေး၊ စက်ပစ္စည်းပရိဘောဂများအားလုံးအတွက် လုပ်ငန်းအပ်နှံဆောင်ရွက်လျက်ရှိသဖြင့် ပူးပေါင်းဆောင်ရွက်သော တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ မိဘဆရာ၊ ကျောင်းသားများ၊ ပြည်သူများအားလုံးကို လုပ်ငန်းများ အချိန်မီ အရည်အသွေးပြည့်မီစွာဖြင့် အကျိုးရှိထိရောက်ပွင့်လင်းမြင်သာရေး ပူးပေါင်းကူညီပေးခဲ့ကြသည့်အတွက် အထူးကျေးဇူးတင်ရှိပါကြောင်းနှင့် မှတ်တမ်းတင်ပါကြောင်း။

**ဆန်းသစ်တီထွင်ဖန်တီးနိုင်စွမ်းရှိသော လူသားကောင်းများ ပြုစုပျိုးထောင်**

အထူးသဖြင့် မကွေးတိုင်းဒေသကြီးတွင် လိုအပ်နေသော ကျောင်းဆောင်များကို ၂၀၁၇-၂၀၁၈ တွင် ငွေကျပ် ၁၉၂၁ ဒသမ ၇၄၇ သန်းဖြင့် ၂၅ ဆောင်၊ ၂၀၁၈-၂၀၁၉ တွင် ငွေကျပ် ၂၄၂၁ ဒသမ ၇၃၉ သန်းဖြင့် ၂၁ ဆောင်၊ ၂၀၁၉-၂၀၂၀ တွင် ငွေကျပ် ၅၁၆၀ ဒသမ ၅၄၅ သန်းဖြင့် ၁၀ ဆောင်တို့ကို ဆောက်လုပ်လှူဒါန်းခဲ့ကြသော ပြည်တွင်း ပြည်ပ အလှူရှင်များအား အထူးကျေးဇူးတင်ရှိပြီး ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း၊ ယခုကျောင်းဆောင်ကြီးမှ ဒေသဖွံ့ဖြိုးရေးကို တာဝန်ယူ တာဝန်ခံ ပူးပေါင်းဆောင်ရွက်တတ်ပြီး ဆန်းသစ်တီထွင်ဖန်တီးနိုင်စွမ်းရှိသော လူသားကောင်းများ ပြုစုပျိုးထောင်သင်ကြား သင်ယူလေ့ကျင့်ပေးနိုင်ပါစေကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာခင်မောင်အေးက အမှာစကားပြောကြားပြီး အလှူရှင် ဦးကျော်စည်သူက ခနဲဖြူစာသင်ကျောင်းဆောင် လှူဒါန်းရခြင်းနှင့် ဝမ်းမြောက်စကား ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ခနဲဖြူစာသင်ကျောင်းဆောင်အလှူရှင် ဦးကျော်စည်သူနှင့် မိသားစုက အမှတ်တရပေးအပ်သည့် ခနဲဖြူစာသင်ကျောင်းဆောင်၏ ဓာတ်ပုံအား လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ထို့နောက် ညောင်ပင်ရွာမိဘများ၏ကိုယ်စား မိဘဆရာအသင်းနာယက ဦးညီညီက ကျေးဇူးတင်စကားပြောကြားပြီး စာသင်ကျောင်းဆောင်အလှူရှင် မိသားစုက စာသင်ကျောင်းဆောင်နှင့် သက်ဆိုင်သော စာရွက်စာတမ်းများအား ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်သည်။

**ပေးအပ်လှူဒါန်း**

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက အလှူရှင်များမှ ပေးအပ်လှူဒါန်းသည့် ကျောင်းသုံးစာအုပ်များအား အလှူရှင်များကိုယ်စား ပေးအပ်လှူဒါန်းသည်။

ယနေ့လှူဒါန်းသည့် အလှူရှင် ဦးကျော်စည်သူနှင့် ဒေါ်မြသီတာမိသားစုက ပေ(၁၀၀ × ၃၀) RC နှစ်ထပ် ခနဲဖြူစာသင်ကျောင်းဆောင်သစ်နှင့် စာရေးစားပွဲများ၊ စာသင်ခုံများကို တန်ဖိုးငွေကျပ် သိန်း ၁၅၀၀ ခန့် အကုန်အကျခံ၍ ဆောက်လုပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# စစ်မှုထမ်းဟောင်းအဖွဲ့ နှစ်ပတ်လည်အစည်းအဝေး ကျင်းပ





**ရန်ကုန်  အောက်တိုဘာ ၂၀**

ရန်ကုန်မြို့ ဗဟန်းမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် နှစ်ပတ်လည်အစည်းအဝေးကို ယနေ့နံနက် ၉ နာရီခွဲက ဗဟန်းမြို့နယ် ကျောက်ဆည်ဓမ္မာရုံ၌ ကျင်းပရာ **(အပေါ်ပုံ)** သဘာပတိ ဗဟန်းမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ ဗိုလ်မှူးကြီး မြင့်သိန်းခိုင်(ငြိမ်း)က အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးဝင်းနိုင်(ငြိမ်း)က မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့၏ နှစ်ပတ်လည်အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းပြောကြားကာ ဘဏ္ဍာရေးမှူး ဗိုလ်မှူးလှဦး(ငြိမ်း)က ဘဏ္ဍာရေးရှင်းတမ်းများအား ရှင်းလင်းဖတ်ကြားသည်။

အစည်းအဝေးအပြီးတွင် စစ်မှုထမ်းဟောင်းအဖွဲ့ဝင် (၇၅) နှစ်နှင့်အထက် ၃၇ ဦး၊ မသန်စွမ်းစစ်သည် ၂၀၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ကြသော စစ်မှုထမ်းဟောင်းအဖွဲ့များ၏ သားသမီး ငါးဦး၊ ရိုးရိုးအောင် လေးဦး စုစုပေါင်း ကိုးဦးနှင့် အစည်းအဝေးသို့ တက်ရောက်လာသော စစ်မှုထမ်းဟောင်းအဖွဲ့ဝင် ၁၅၉ ဦးတို့အား ထောက်ပံ့ငွေကျပ် ၃၈၄၀၀၀၀ နှင့် ဆုတံဆိပ်များ ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**အေးသန်း(စိန်တုံးကြီး)**

# သထုံမြို့၌ အပြည်ပြည်ဆိုင်ရာသဘာဝဘေးအန္တရာယ်လျော့ချရေးနေ့နှင့် ကြက်ခြေနီရှေးဦးပြုစုခြင်း (အခြေခံ )သင်တန်းဆင်းပွဲ ကျင်းပ

**သထုံ  အောက်တိုဘာ ၂၀**

မြန်မာနိုင်ငံကြက်ခြေနီအသင်း သထုံမြို့နယ် ကြက်ခြေနီအသင်းခွဲမှ ဦးဆောင်ကျင်းပသော သဘာဝဘေးအန္တရာယ်လျော့ပါးရေးနေ့နှင့် ကြက်ခြေနီရှေးဦးပြုစုခြင်းအခြေခံသင်တန်း အမှတ်စဉ် (၂ /၃ -၂၀၁၉ ) သင်တန်းဆင်းပွဲကို သထုံမြို့ရှိ သထုံခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ ယနေ့မွန်းလွဲ ၃ နာရီက ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဇော်လင်းထွဋ်၊ သထုံခရိုင် ကျန်းမာရေးဦးစီးဌာန သွားဘက်ဆိုင်ရာ ဆရာဝန် ဒေါက်တာဦးသက်ဦး၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူး ဒေါ်ခင်လေးနွယ်တို့က အဖွင့်အမှာစကားပြောကြားပြီး သဘာဝဘေးအန္တရာယ် လျော့ချရေးအတွက် ကြိုတင်ကာကွယ်နိုင်ရန် သင်ကြားပေးလိုက်သည့် ကြက်ခြေနီရှေးဦးပြုစုခြင်းပညာများကို ပရဟိတအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ကြရန် သထုံမြို့နယ် ကြက်ခြေနီတပ်ဖွဲ့မှူး ဒေါ်ချိုချိုလွင်က ပြောသည်။

ကြက်ခြေနီရှေးဦးပြုစုခြင်းအခြေခံသင်တန်းကို ဇရစ်ချောင်ကျေးရွာအုပ်စု သင်းထော်ကျေးရွာနှင့် သထုံမြို့နယ် ဈေးမသွယ်ကျေးရွာတို့မှ သင်တန်းသားသင်တန်းသူ ၆၀ တက်ရောက်သင်ကြားခဲ့သည်။ ထူးချွန်သူများအား တာဝန်ရှိသူများက ဆုများပေးအပ်၍ မြို့နယ်ကြက်ခြေနီအသင်းခွဲဥက္ကဋ္ဌ ဦးမိုးကျော်သူက သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ခွန်(ဝင်းပ)**

# နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းကြီးများ ဝင်ရောက်ရန် အလားအလာရှိ

**ရန်ကုန် အောက်တိုဘာ ၂၀**

ကမ်းလွန်ရေနံလုပ်ကွက်နှင့် ဓာတ်သတ္တုရှာဖွေတူးဖော်ရေးလုပ်ငန်းများကို စိစစ်ခွင့်ပြုပါက လက်ရှိ ၂၀၁၉- ၂၀၂၀ ဘဏ္ဍာနှစ်တွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လုပ်ငန်းကြီးများဝင်ရောက်ရန် အလားအလာရှိကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းက ပြောကြားသည်။

အောက်တိုဘာ၁၉ရက်က UMFCCIအစည်းအဝေးခန်းမ၌ကျင်းပသည့် မြန်မာ့စီးပွားရေးလုပ်ငန်းရှင်များ ပုံမှန်တွေ့ဆုံဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းက အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

"ပြီးခဲ့တဲ့ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်မှာ ကျွန်တော်တို့ ၄ ဒသမ ၂ ဘီလီယံခန့်သာ ကျွန်တော်တို့ ခွင့်ပြုပေးနိုင်ခဲ့ပါတယ်၊ အခုအဆိုပြုထားတဲ့ အဆိုပြုချက်တွေ ကြည့်မယ်ဆိုရင် လာမယ့်နှစ်မှာ ကျွန်တော်တို့က စံချိန်တင်နိုင်လောက်တဲ့ အခြေအနေမှာ ကျွန်တော်တို့ရမယ်လို့ မျှော်မှန်းထားပါတယ်၊ အထူးသဖြင့် ကမ်းလွန်ရေနံလုပ်ကွက်နဲ့ ကျွန်တော်တို့ ပြည်တွင်းမှာလုပ်မယ့် ဓာတ်သတ္တုရှာဖွေတူးဖော်ရေးလုပ်ငန်းတွေကို ကျွန်တော်တို့ စိစစ်ပြီးတော့ ခွင့်ပြုမယ်ဆိုလို့ရှိရင် ကျွန်တော်တို့နိုင်ငံဟာ FDI ကြီးကြီးမားမားရရှိဖို့ အလားအလာရှိပါတယ်"ဟု ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းက ပြောကြားသည်။

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးစီမံကိန်း (MIPP)အရ လာမည့်နှစ် ၂၀ အတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ဘီလီယံ ၂၀၀ ကျော်ရရှိရန် မျှော်မှန်းထားကြောင်း ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း က ဆက်လက်ပြောကြားသည်။

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်အနေဖြင့် လက်ရှိ ၂၀၁၉- ၂၀၂၀ ဘဏ္ဍာနှစ်တွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ၅ ဒသမ ၈ ဘီလီယံမျှော်မှန်းထားသည်။ ပြီးခဲ့သည့် ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာနှစ်တွင်လည်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ၅ ဒသမ ၈ ဘီလီယံမျှော်မှန်းထားသော်လည်း ၄ ဒသမ ၅ ဘီလီယံသာ ဝင်ရောက်ခဲ့သဖြင့် မျှော်မှန်းချက်ထက် တစ်ဘီလီယံကျော် လျော့နည်းခဲ့သည်။

မြန်မာနိုင်ငံ၌ ၁၉၈၈ မှ ၂၀၁၉ စက်တင်ဘာလကုန်အထိ နိုင်ငံ ၅၀ မှ စီးပွားရေးကဏ္ဍ ၁၂ ခုတွင်လုပ်ငန်း ၁၈၃၇ ခု ရင်းနှီးမြှုပ်နှံထားပြီး စုစုပေါင်းတန်ဖိုး ဒေါ်လာ ၈၁ ဒသမ ၈ ဘီလီယံရှိပြီး ရင်းနှီးမြှုပ်နှံမှု အများဆုံးပြုလုပ်သော နိုင်ငံများသည် စင်ကာပူနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ထိုင်းနိုင်ငံ တို့ဖြစ်ကာ အဓိက ရင်းနှီးမြှုပ်နှံသောလုပ်ငန်းများသည် ရေနံနှင့် သဘာဝဓာတ်ငွေ့၊ လျှပ်စစ်ကဏ္ဍနှင့် ကုန်ထုတ်လုပ်ငန်းတို့ ဖြစ်သည်။

မြန်မာနိုင်ငံသို့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဝင်ရောက်မှုသည် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ဒေါ်လာ ၉ ဒသမ ၄ ဘီလီယံ၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ဒေါ် လာ ၆ ဒသမ ၆ ဘီလီယံ၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ၅ ဒသမ ၇ ဘီလီယံနှင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ၄ ဒသမ ၅ ဘီလီယံတို့ဖြစ်သည်။ **ငြိမ်းငြိမ်း**

# ကချင်ပြည်နယ်ဝန်ကြီးချုပ် မြစ်ကြီးနားမြို့ပေါ်ရပ်ကွက်များမှ ဒေသခံပြည်သူများနှင့် တွေ့ဆုံ

**မြစ်ကြီးနား အောက်တိုဘာ ၂၀**

ကချင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်သည် မြစ်ကြီးနားမြို့ပေါ် ရပ်ကွက်ငါးခုမှ ပြည်သူများ၏ အခြေခံလိုအပ်ချက်များဖြည့်ဆည်းပေးနိုင်ရေးအတွက် လူထုတွေ့ဆုံပွဲများကို အောက်တိုဘာ ၁၉ ရက် နံနက်ပိုင်းတွင် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မြစ်ကြီးနားမြို့ တပ်ကုန်း(ထွယ်ဆန်) ရပ်ကွက် နယ်မြေ (၅) ရှိ ပြည်သူများနှင့် ဂါလိလဲနှစ်ခြင်းခရစ်ယာန်ဘုရားကျောင်းအတွင်း တွေ့ဆုံ၍ ပြည်နယ်ဝန်ကြီးချုပ်က မိမိတို့အစိုးရအဖွဲ့အနေဖြင့် ပြည်သူများ၏ လိုအပ်ချက်များကိုအလေးထား ဦးစားပေးဆောင်ရွက်ပေးခဲ့ပါကြောင်း၊ ပြည်နယ်နှင့် ပြည်သူများ၏ အခြေခံလိုအပ်ချက်များဖြစ်သည့် လမ်းပန်းဆက်သွယ်ရေး၊ မီးလင်းရေး၊ ပညာရေး စသည့်ကိစ္စရပ်များကို ပြည်နယ်ဘဏ္ဍာနှင့် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ ခွဲဝေရရှိမှုများအပေါ်မူတည်၍ အတတ်နိုင်ဆုံး ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ပြည်နယ်မြို့တော် မြစ်ကြီးနားမြို့အပါအဝင် ခရိုင်မြို့ကြီးများ တစ်ပြေးညီဖွံ့ဖြိုးတိုးတက်လာစေရေးဆောင်ရွက်ရာတွင် ပြည်သူအားလုံးက မိမိတို့ အစိုးရအဖွဲ့နှင့်အတူ ပူးပေါင်းပါဝင်မှသာ လျင်မြန်စွာဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက်တစ်ဆင့် ပြည်နယ်ဝန်ကြီးချုပ်သည် ပမ္မတီးရပ်ကွက်၊ မြေမြင့်ရပ်ကွက်၊ ရန်ကြီးအောင်ရပ်ကွက်နှင့် ဒူကထောင်ရပ်ကွက်နေပြည်သူများနှင့်တွေ့ဆုံခဲ့ကြောင်း သိရသည်။ **ပြည်နယ် (ပြန်/ဆက်)**

# လူထုအမှတ်သညာပွဲတော် ကရင်ပြည်နယ်ဝန်ကြီးချုပ် တက်ရောက်



**ဘားအံ အောက်တိုဘာ ၂၀**

လူ့အဖွဲ့အစည်းအတွင်း ဆင့်ကဲပြောင်းလဲမှုများကို ဓာတ်ပုံမှတ်တမ်းအနေဖြင့် ပြသထားပြီး ဘားအံမြို့၏လွန်ခဲ့သောရေးနှစ်ပေါင်း၅၀၊၆၀ခန့်က ဓာတ်ပုံဟောင်းများကို စုစည်း၍ ထိုစဉ်အချိန်ကပုံရိပ်နှင့် ယခုပုံရိပ် ပြောင်းလဲလာမှုကို သိရှိစေလိုသော၊ ပြသလိုသောရည်ရွယ်ချက်ဖြင့် ဘားအံမြို့ လူထုအမှတ်သညာပွဲတော် (Open History Project) ကိုအောက်တိုဘာ၁၉ရက်နံနက်၁၀ နာရီကဖွဲ့ကပင်ခန်းမ၌ကျင်းပသည်။

အဆိုပါပွဲတော်ကို အောက်တိုဘာ ၁၉ ရက်မှ ၂၂ ရက်ထိ ကျင်းပသွားမည်ဖြစ်ပြီး ဘားအံမြို့ရှိ ရှေးကျသော ဓာတ်ပုံများ၊ ကရင်ရိုးရာ ရှေးဟောင်းတူရိယာများ၊ ပန်းချီ၊ ပန်းပု၊ ရှေးပုံရိပ်ပို့စကတ်များကို ခင်းကျင်းပြသသွားမည်ဖြစ်ကာ ဘားအံမြို့နှင့် ပတ်သက်သည့်စာတမ်းဖတ်ပွဲများ၊ ထုံးကျောက်ဂူများနှင့်ပတ်သက်သည့် စာတမ်းဖတ်ပွဲများ၊ ပန်းချီ၊ ပန်းပု လက်တွေ့ရေးဆွဲခြင်းများ၊ ကဗျာရွတ်ဆိုခြင်းများ၊ ဘားအံမြို့ အမှတ်တရစကားဝိုင်းများ၊ ဓာတ်ပုံနှင့် မှတ်တမ်းရုပ်ရှင်ပြိုင်ပွဲ ဆုရရှိသူများအားလည်း ဆုများချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

လူထုအမှတ်သညာပွဲတော်ကို HELVETAS Myanmar နှင့် German Federal Foreign Office's တို့၏ အထောက်အပံ့ဖြင့် Yangon Pansodan Gallery မှ ဦးဆောင်ကျင်းပခြင်းဖြစ်ကြောင်း သိရပြီး ဖွင့်ပွဲအခမ်းအနားတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့် တက်ရောက်အမှာစကားပြောကြားကာ လူထုအမှတ်သညာပွဲတော်နှင့် Open History Project ဒါရိုက်တာဖြစ်သူ ဦးအောင်စိုးမင်းက ပြည်နယ်ဝန်ကြီးချုပ်ထံ အမှတ်တရပန်းချီကားချပ်ပေးအပ်သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌဦးစောချစ်ခင်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်ဦးစောစံလင်း၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တက်ရောက်လာသူများက ခင်းကျင်းပြသထားသည့် ဓာတ်ပုံ၊ ပန်းချီကားချပ်နှင့် ရှေးဟောင်းတူရိယာများအား ကြည့်ရှုအားပေးခဲ့သည်။

ယခုပွဲတော်သည် ဘားအံမြို့တွင် ပထမဆုံးအကြိမ်ကျင်းပခြင်းဖြစ်ပြီး ဒေသတွင်း လူမှုအဖွဲ့အစည်းတစ်ခု ပြောင်းလဲလာပုံကို လူထုကြားက သမိုင်းအဖြစ် ချဉ်းကပ်လေ့လာကာ ဓာတ်ပုံမှတ်တမ်းများ၊ အနုပညာပစ္စည်းများဖြင့် ပြပွဲအဖြစ်ခင်းကျင်းပြသထားပြီး မည်သူမဆို အခမဲ့ဝင်ရောက်လေ့လာကြည့်ရှုနိုင်ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# ရန်ကုန်တိုင်းဒေသကြီးဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့ရုံးခန်းဖွင့်



**ရန်ကုန် အောက်တိုဘာ ၂၀**

မြန်မာနိုင်ငံအတွင်းရှိ ဆင်းရဲနွမ်းပါးသောပြည်သူများအတွက် ဥပဒေအကျိုးဆောင်လုပ်ငန်းများနှင့် ဥပဒေအကြံပေးလုပ်ငန်းများ ကူညီဆောင်ရွက်ပေးနိုင်ရန်အတွက် ရန်ကုန်တိုင်းဒေသကြီး ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့ရုံး ဆိုင်းဘုတ်တင်ခြင်းနှင့် ရုံးခန်းဖွင့်ပွဲကို ရန်ကုန်မြို့ မဟာဗန္ဓုလပန်းခြံလမ်း (ဘားလမ်း)၌ အောက်တိုဘာ ၁၉ ရက် နံနက်ပိုင်းက ကျင်းပသည်။

ပြည်ထောင်စုဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့ဥက္ကဋ္ဌ ဦးညဏ်ဝင်းနှင့် အတွင်းရေးမှူးဦးခင်ဇော်၊ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးလှအေးတို့က စက်ခလုတ်နှိပ်၍ ဆိုင်းဘုတ်နှင့်ရုံးခန်းကို ဖွင့်လှစ်ပေးသည်။

ရန်ကုန်တိုင်းဒေသကြီး ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့အနေဖြင့် ဆင်းရဲနွမ်းပါးသောပြည်သူများ ဥပဒေအရ တန်းတူညီမျှအခွင့်အရေးရရှိစေရန်အတွက် ရှေ့နေအခမဲ့လိုက်ပါကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ယနေ့နံနက်ပိုင်းက ပြုလုပ်သည့် ရန်ကုန်တိုင်းဒေသကြီး ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့၏ ဆိုင်းဘုတ်တင်ခြင်းနှင့် ရုံးခန်းဖွင့်ပွဲ၌ရန်ကုန်တိုင်းဒေသကြီး ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့၏ အတွင်းရေးမှူး (ယာယီ) ဦးအောင်ဇော်မျိုးက ပြောကြားသည်။

**သတင်း - ပွင့်သစ္စာ**
**ဓာတ်ပုံ - စိုးမြင့်အောင်**

# ကလေးငယ်များ ဉာဏ်ရည်ဉာဏ်သွေးထက်မြက်လာစေရေး ပြိုင်ပွဲများ ကျင်းပ

**လှိုင်းဘွဲ့ အောက်တိုဘာ ၂၀**

ကာယ၊ ဉာဏစွမ်းရည် ဖွံ့ဖြိုးတိုးတက်မြင့်မားလာစေရေး ပြိုင်ပွဲများနှင့် ကစားနည်းများကို လှိုင်းဘွဲ့မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ ယနေ့နံနက်ပိုင်းက ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်စန်းမြင့်က ပြိုင်ပွဲများ ကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ကျောင်းသား ကျောင်းသူများအနေဖြင့် ကျောင်းသင်ခန်းစာများအပြင် စာဖတ်စွမ်းရည် တိုးတက်မြင့်မားလာစေရန်၊ စာကြည့်တိုက်နှင့် ပိုမိုရင်းနှီးကျွမ်းဝင်မှုများ ရရှိလာစေရန်၊ အဘက်ဘက်မှ ဘက်စုံထူးချွန်အောင်မြင်မှုရရှိစေရန် လူငယ်စွမ်းရည်အတွက် အထောက်အကူဖြစ်စေမည့် ရည်ရွယ်ချက်များဖြင့် ဘောလုံးလက်ဆင့်ကမ်းပြိုင်ပွဲ၊ ဂုန်နီအိတ်စွပ်ပြေးပြိုင်ပွဲ၊ နှစ်ချောင်းထောက်ပြေးပြိုင်ပွဲနှင့် သားရေပင်ဆော့ကစားပြိုင်ပွဲများကို ကျင်းပပေးခဲ့ပြီး ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သိန်းသန်း(ပြန်/ဆက်)**

# ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်း ကယားလီဖုစုပေါင်းအဲ့ဒိုပေါ်မီပွဲတော်အခမ်းအနား တက်ရောက်

**ထန်းတပင် အောက်တိုဘာ ၂၀**

ပဲခူးတိုင်းဒေသကြီး ထန်းတပင်မြို့နယ် အင်းကျော်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲဝင်းအတွင်း၌ အောက်တိုဘာ ၁၉ ရက် နံနက် ၉ နာရီခွဲက (၄) ကြိမ်မြောက် ကယားလီဖုစုပေါင်း အဲ့ဒိုပေါ်မီပွဲတော် အခမ်းအနား ကျင်းပသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းက ယခုကျင်းပသည့် အဲဒိုပေါ်မီပွဲတော်သည် ကယားလူမျိုးများ၏ အလွန်အရေးပါသည့် ရိုးရာယဉ်ကျေးမှုပွဲတော်တစ်ခုဖြစ်သလို ကယားလူမျိုးများ၏ စီးပွားရေး၊ လူမှုရေးတို့နှင့်လည်း ဆက်စပ်လျက်ရှိကြောင်း၊ တိုင်းရင်းသားများအနေဖြင့်လည်း မိမိတို့လူမျိုး၊ မိမိတို့ရိုးရာ၊ မိမိတို့ယဉ်ကျေးမှုများကို ထိန်းသိမ်းစောင့်ရှောက်ကြစေလိုကြောင်း ပြောကြားသည်။

အဆိုပါပွဲတော်အား ရိုးရာယဉ်ကျေးမှုဓလေ့ထုံးတမ်းများ ထိန်းသိမ်းမြှင့်တင်ရန်နှင့် ကယားအမျိုးသားများအကြား အတူတကွ ပူးပေါင်းဆောင်ရွက်နိုင်ရန်၊ ရပ်ဝန်းတစ်ခု စုပေါင်းဖန်တီးနိုင်ရန်၊ အမျိုးသားရေးနှင့် ယဉ်ကျေးမှုအမှတ်လက္ခဏာများ ပြန်လည်ဖော်ထုတ်ရန်၊ ကယားအမျိုးသားတို့၏ ရပ်တည်ချက်ဆိုင်ရာ ဘုံသဘောတူညီမှုများ ချမှတ်နိုင်ရေး အစပျိုးခြင်းလုပ်ငန်းများ လုပ်ဆောင်သွားနိုင်ရန် ရည်ရွယ်ပြီး ပဲခူးတိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ် နှင့် ပအိုဝ်းတိုင်းရင်းသားများ၊ ကယားတိုင်းရင်းသား များ စုပေါင်း၍ အောက်တိုဘာ ၁၈ ရက်မှ ၁၉ ရက် အထိ ကျင်းပခဲ့သည်။ **တင်စိုး(ပဲခူး)**

**သစ်ပင်အောက်တွင် ရေချမ်းစင်**
**စိတ်ရှင်လန်းဆန်း တို့စိတ်ဝမ်း**

# စတာလင်ကို တစ်ပတ်ပေါင် လေးသိန်းခွဲနဲ့ စာချုပ်သစ်ချုပ်ဆိုဖို့ မန်စီးတီးပြင်ဆင်လျက်ရှိ

မန်စီးတီးအသင်းဟာ အသင်းအတွက် အားထားရတဲ့ တောင်ပံကစားသမား စတာလင်ကို တစ်ပတ်လုပ်ခလစာပေါင် လေးသိန်းခွဲနဲ့ စာချုပ်သစ်တစ်ရပ်ချုပ်ဆိုဖို့ ပြင်ဆင်နေတယ်လို့ သိရပါတယ်။

တောင်ပံကစားသမားစတာလင်ဟာ နည်းပြဂွာဒီယိုလာရဲ့ လက်ထက်မှာ ကမ္ဘာ့အကောင်းဆုံးကစားသမားတွေထဲက တစ်ဦးဖြစ်လာခဲ့ပြီး စပိန်လာလီဂါကလပ် ရီးယဲလ်မက်ဒရစ်အသင်းက ခေါ်ယူဖို့ ပစ်မှတ်ထားနေတာဖြစ်ပါတယ်။

ရီးယဲလ်မက်ဒရစ်အသင်းနည်းပြ ဇီဒန်းနဲ့ အသင်းဥက္ကဋ္ဌ ဖလော်ရန်တီနိုပီရက်တို့ဟာ လက်ရှိအသင်းရဲ့ တောင်ပံကစားသမား ဂါရတ်ဘေးလ်ကလည်း အသင်းမှာ ဆက်ရှိဖို့မသေချာတာကြောင့် တောင်ပံကစားသမား စတာလင်ကို ခေါ်ယူဖို့ပစ်မှတ်ထားနေတာလည်းဖြစ်ပါတယ်။

အဲဒါကြောင့် မန်စီးတီးအသင်းကလည်း တောင်ပံကစားသမားစတာလင်ကို အီတီဟက်ဒ်မှာ ကာလရှည်ဆက်ရှိနေဖို့အတွက် စာချုပ်သစ်ချုပ်ဆိုဖို့ ဆန္ဒရှိနေတာဖြစ်ပါတယ်။ အသက် ၂၄ နှစ်အရွယ်ရှိ တောင်ပံကစားသမား စတာလင်ဟာ လက်ရှိမန်စီးတီးအသင်းမှာ တစ်ပတ်လုပ်ခလစာပေါင် သုံးသိန်းရရှိနေတာဖြစ်ပါတယ်။

မန်စီးတီးအသင်းဟာ ကီဗင်ဒီဘရိုင်းကိုလည်း စာချုပ်သစ်တစ်ရပ်ချုပ်ဆိုဖို့ စီစဉ်နေတာဖြစ်ပါတယ်။ စတာလင်ဟာ ရီးယဲလ်မက်ဒရစ်အသင်းသို့ ပြောင်းရွှေ့ကစားဖို့အတွက် ပြီးခဲ့တဲ့ အပြောင်းအရွှေ့ကာလအတွင်းက စီစဉ်ခဲ့ပြီး မန်စီးတီးအသင်းက စတာလင်ရဲ့ပြောင်းရွှေ့ကြေးကို ပေါင်သန်း ၂၀၀ အထိ သတ်မှတ်ခဲ့တာဖြစ်ပါတယ်။





# ကွင်းလယ်ကစားသမား အဲရစ်ဆင်ကို ခေါ်ယူရန် ပီအက်စ်ဂျီအသင်း စိတ်ဝင်စားနေ

ပြင်သစ်ပထမတန်းကလပ် ပီအက်စ်ဂျီအသင်းဟာ စပိန်လာလီဂါကလပ် ရီးယဲလ်မက်ဒရစ်အသင်းက ခေါ်ယူရန် ပရီမီယာလိဂ်ကလပ် စပါးအသင်းမှ ဒိန်းမတ်ကြယ်ပွင့် အဲရစ်ဆင်ကိုခေါ်ယူဖို့ ပစ်မှတ်ထားနေ တယ်လို့ သိရပါတယ်။

ကွင်းလယ်ကစားသမားအဲရစ်ဆင်ဟာ အခုဘောလုံးရာသီကုန်မှာ စပါးအသင်းနဲ့ ချုပ်ဆိုထားတဲ့ စာချုပ်သက်တမ်းကုန်ဆုံးမှာဖြစ်ပါတယ်။ အဲဒါကြောင့် စပါးအသင်းနဲ့အတူ ခြောက်နှစ်ကြာ ကစားသမားဘဝဖြတ်သန်းခဲ့ပြီးနောက် အခြားအသင်းသို့ပြောင်းရွှေ့ကစားဖို့စီစဉ်နေတာဖြစ်ပါတယ်။

ကွင်းလယ်ကစားသမား အဲရစ်ဆင်ဟာ ရီးယဲလ်မက်ဒရစ်အသင်းက ခေါ်ယူဖို့ပစ်မှတ်ထားနေတဲ့အပြင် သူကိုယ်တိုင်လည်း ဘာနေဗျူးကို ပြောင်းရွှေ့ကစားဖို့ ဆန္ဒရှိနေတာဖြစ်ပါတယ်။ လက်ရှိမှာ အဲရစ်ဆင်ကို ခေါ်ယူဖို့အတွက် ရီးယဲလ်မက်ဒရစ်အသင်းနဲ့အပြိုင် ပီအက်စ်ဂျီအသင်းကလည်း ခေါ်ယူဖို့စီစဉ်လာတာဖြစ်ပါတယ်။ ပီအက်စ်ဂျီအသင်းက ခေါ်ယူဖို့ပစ်မှတ်ထားနေတဲ့ ကစားသမားစာရင်းထဲမှာ မန်ယူကွင်းလယ်ကစားသမား ပေါ့ဘာလည်း ပါဝင်နေတာဖြစ်ပါတယ်။

စပါးအသင်းဟာ အဲရစ်ဆင်ကို ၂၀၁၃ ခုနှစ်က ပြောင်းရွှေ့ကြေးပေါင် ၁၁ ဒသမ ၅ သန်းနဲ့ ခေါ်ယူခဲ့တာဖြစ်ပြီး လက်ရှိမှာ အဲရစ်ဆင်အနေနဲ့ စပါးအသင်းနဲ့အတူ ပွဲစဉ် ၃၀၀ ခန့် ပါဝင်ကစားပေးထားတာဖြစ်ပါတယ်။

# ဘုန်းမောက်ကွင်းလယ်ကစားသမား လီဝစ်ကွတ်ကို ခေါ်ယူရန် လီဗာပူးအသင်းနဲ့ ချယ်လ်ဆီးအသင်း အပြိုင်ကြိုးပမ်းနေ

လီဗာပူးအသင်းနဲ့ ချယ်လ်ဆီးအသင်းတို့ဟာ အသင်းရဲ့ ကွင်းလယ်ပိုင်းကို အားဖြည့်ဖို့အတွက် ပြင်ဆင်နေတာကြောင့် ဘုန်းမောက်အသင်းရဲ့ကွင်းလယ်ကစားသမားလီဝစ်ကွတ်ကို ခေါ်ယူဖို့ အပြိုင် ကြိုးပမ်းနေတယ်လို့ သိရပါတယ်။

အသက် ၂၂ နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမား လီဝစ်ကွတ်ဟာ ၂၀၁၆ ခုနှစ်က လိဒ်အသင်းကနေ ဘုန်းမောက်အသင်းကို ပြောင်းရွှေ့လာခဲ့တာဖြစ်ပြီး အဲဒီအချိန်ကစလို့ ဘုန်းမောက်အသင်းအတွက် ၅၆ ပွဲအထိ ပါဝင်ကစားပေးထားတာဖြစ်ပါတယ်။

နယူးယောက်နွယ်ဖွား လီဝစ်ကွတ်ဟာ ပရီမီယာလိဂ်မှာ ဘုန်းမောက်အသင်းနဲ့အတူ အကောင်းဆုံးခြေစွမ်းပြကစားနိုင်ခဲ့တာကြောင့် ၂၀၁၈ ခုနှစ်မှာ အင်္ဂလန်အသင်းက လက်ရွေးစင်အသင်းအတွက် ခေါ်ယူခဲ့တာဖြစ်ပါတယ်။ လက်ရှိမှာ ဘုန်းမောက်အသင်းနဲ့အတူ စာချုပ်သစ် ချုပ်ဆိုထားတာကြောင့် ၂၀၂၂ ခုနှစ်အထိ ဘုန်းမောက်အသင်းမှာ ဆက်ရှိနေဖို့ရှိနေတာဖြစ်ပါတယ်။

ကွင်းလယ်ကစားသမားလီဝစ်ကွတ်ဟာ အင်္ဂလန်အသက် ၂၀ အောက် အသင်းမှာ အသင်းခေါင်းဆောင်အဖြစ်တာဝန်ယူခဲ့ပြီး ၂၀၁၇ ခုနှစ်က လူငယ်ကမ္ဘာ့ဖလားကို ရယူပေးနိုင်ခဲ့တာ ဖြစ်ပါတယ်။ လီဗာပူးအသင်းနဲ့ ချယ်လ်ဆီးအသင်းက ခေါ်ယူဖို့ စိတ်ဝင်စားနေတာကြောင့် ဘုန်းမောက်အသင်းအနေနဲ့ ကွင်းလယ်ကစားသမား လီဝစ်ကွတ်ရဲ့ လုပ်ခလစာကို ပေါင်ခုနစ်သန်း သတ်မှတ်ထားတယ်လို့လည်း သိရပါတယ်။



# MFF ယူ-၁၂ တိုင်းဒေသကြီးနှင့် ပြည်နယ်ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

**ရန်ကုန် အောက်တိုဘာ ၂၀**

MFF ယူ-၁၂ တိုင်းဒေသကြီးနှင့် ပြည်နယ်ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၁၉ ရက် နံနက် ၈ နာရီက သုဝဏ္ဏကွင်းမြက်ခင်းတုကွင်း၌ ကျင်းပသည်။

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က အဖွင့်အမှာစကားပြောကြားပြီး အထွေထွေအတွင်းရေးမှူး ဦးကိုကိုသိန်း၊ တာဝန်ရှိသူများက ပြိုင်ပွဲဝင်ကစားသမားများအား လိုက်လံနှုတ်ဆက်သည်။

ပြိုင်ပွဲကို အုပ်စုလေးခုခွဲ၍ ကျင်းပလျက်ရှိပြီး အုပ်စု (က) တွင် မကွေး၊ ရှမ်း(တောင်)၊ တနင်္သာရီ၊ ကယား၊ မန္တလေး၊ အုပ်စု (ခ) တွင် ရှမ်း (အရှေ့)၊ မွန်၊ နေပြည်တော်၊ ကရင်၊ အုပ်စု (ဂ) တွင် ပဲခူး၊ ရခိုင်၊ ရှမ်း(မြောက်)၊ ချင်း၊ အုပ်စု (ဃ) တွင် ကချင်၊ ဧရာဝတီ၊ စစ်ကိုင်းနှင့် ရန်ကုန်အသင်းတို့ ပါဝင်နေသည်။ အုပ်စုပွဲစဉ်များကို အောက်တိုဘာ ၁၉ ရက်မှ ၂၅ ရက်အထိ ကျင်းပမည်ဖြစ်သည်။

ယင်းပြိုင်ပွဲကို မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် ပညာရေးဝန်ကြီးဌာနတို့ ပူးပေါင်းကျင်းပခြင်းဖြစ်ပြီး မျိုးဆက်သစ်ကစားသမားများထွက်ပေါ်လာရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**ရှိုင်းထက်ဇော်**



# ဆီဗီလာ၊ မန်စီးတီးနဲ့ ဘာစီလိုနာတို့က အန်ဒါလက်ချ်ကွင်းလယ်ကစားသမား လိုကွန်ဂါကို ခေါ်ယူဖို့ မျက်စိကျနေ

ဆီဗီလာအသင်း၊ မန်စီးတီးအသင်းနဲ့ ဘာစီလိုနာအသင်းတို့ဟာ အန်ဒါလက်ချ်အသင်း ကွင်းလယ်ကစားသမား လိုကွန်ဂါကို ခေါ်ယူဖို့ပစ်မှတ်ထားနေတယ်လို့ သိရပါတယ်။

ဆီဗီလာအသင်း၊ မန်စီးတီးအသင်းနဲ့ ဘာစီလိုနာအသင်းတို့ဟာ လိုကွန်ဂါကို ဇန်နဝါရီအပြောင်းအရွှေ့အတွင်းမှာ ခေါ်ယူနိုင်ဖို့အတွက် စာချုပ်ကိုကြိုတင်ချုပ်ဆိုဖို့အထိတောင် စီစဉ်နေတာဖြစ်ပါတယ်။

လိုကွန်ဂါကတော့ နောက်ထပ်နှစ်နှစ်ကြာအထိ အန်ဒါလက်ချ်အသင်းမှာ ဆက်ကစားဖို့ ဆန္ဒရှိနေတယ်လို့ဆိုပါတယ်။ လက်ရှိဈေးကွက်အရဆိုရင် ကွင်းလယ်ကစားသမား လိုကွန်ဂါကို ပြောင်းရွှေ့ကြေးယူရိုငါးသန်းနဲ့ ရရှိဖို့လည်း ရှိနေပါတယ်။

**ငွေကြယ်-ရေးသားသည်**

# တစ်နှစ်ကယ်မှ တစ်ခါ

## ဆူးငှက်

'တစ်နှစ်ကယ်မှ တစ်ခါ
တို့မြတ်စွာ ကထိန်မှုကို ခွင့်ပြုမိန့်မှာ
အကြောင်းငယ်ရှာ၊ ပါဝါပြည်က နန်းတော်ဖွား
မှတ်ချက်ကယ်ညီ၊ ဘဒ္ဒဝဂ္ဂီသုံးကျိပ်သားတို့ကို
ခုံမင်ကာ သက်သေထားကြတယ်၊ ခင်းကြအများ
တို့မြတ်စွာ ဗျာဒိတ်တော်မြတ်ထား။'

**(ရှေးခွန်းထောက်)**

**ရတနာဘုံကထိန်**

ပဥ္စသင်္ဂါယနာတင်ခြင်းနှင့်အတူ ဗုဒ္ဓသာသနာ ရောင်ဝါ နေသို့ ထွန်းခဲ့သည့် မန္တလေးတွင် ''ရတနာပုံ နေပြည်တော်'' ခေတ်ကတည်းက ကထိန်ပွဲများကို ရွှေမြို့တော်တွင် ခြိမ့်ခြိမ့်သဲသဲကျင်းပခဲ့သည်။ နှစ်စဉ် သီတင်းကျွတ်လပြည့်ကျော် ၁ ရက်နေ့မှ တန်ဆောင်မုန်းလပြည့်နေ့အထိ ကထိန်ရာသီတွင် ရှင်ဘုရင်ကိုယ်တိုင် ဦးစီးပြီး မြို့တွင်းမြို့ပြင်ရှိ ကျောင်းတိုက်ကြီးများမှ ဝါဆို သံဃာတော်များကို ကထိန်သင်္ကန်းကပ်လှူခဲ့ကြသည်။ ထို့ပြင် ရွှေကြိုးတပ်နယ်နိမိတ်အတွင်း အထောက်တော်များ စေလွှတ်ပြီး ကထိန်မရသော ကျောင်းတိုက်များသို့လည်း မိုးပေါ်ကျကထိန်တော်များ ခင်းကျင်းလှူဒါန်းခဲ့သည်။ ဤသို့သော ဘာသာသာသနာစည်ပင်ခဲ့သည့် မင်းနေပြည်တော်တွင် ၁၂၄၇ ခုနှစ် (ခရစ် ၁၈၈၆) ပါတော်မူပြီးနောက် အရပ်ရပ်မတည်ငြိမ်သော အခြေအနေများကြောင့် ရွှေမြို့တော်တွင်း သီတင်းသုံးနေထိုင်တော်မူကြသော ထေရ်ကြီးဝါကြီးများမှအစ စာချစာသင်သံဃာများ အလယ်၊ ကိုရင်သူတော်အဆုံး သာသနာ့ဝန်ထမ်း သူတော်စင်များသည်လည်း ဘာသာသာသနာဆိုင်ရာ စောင့်ရှောက်မှုနှင့် ပစ္စည်းလေးပါး အစစ ညှိုးနွမ်းချို့တဲ့တော်မူခဲ့ကြသည်။

**ကိုလိုနီခေတ်ဦး မန္တလေးကထိန်**

ထိုအခြေအနေတွင် မန္တလေးမြို့ခံ မြို့မိမြို့ဖများ၊ ပွဲစားကုန်သည်များနှင့် မြို့သူမြို့သားများက ကိုယ့်အရှင် ကိုယ့်သခင် ကိုယ့်ထီးကိုယ့်နန်းမဟုတ်သဖြင့် ကိုယ့်အမျိုး ကိုယ့်ဘာသာ ကိုယ့်သာသနာ ညှိုးနွမ်း၍ တိမ်ကောမည်ကို စိုးရိမ်သဖြင့် ၁၂၅၈ ခုနှစ် (ခရစ် ၁၈၉၆) တွင် မလွန်ဈေးဆန်လှူအသင်းကြီးနှင့် ၁၂၆၀ ခု (ခရစ် ၁၈၉၈) တွင် ပရိယတ္တိသာသနာ့ဟိတအသင်းကြီးတို့ကို ဖွဲ့စည်းကာ ဘာသာသာသနာအကျိုး သယ်ပိုးဆောင်ရွက်ခဲ့ကြသည်။

''ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ ဦးဆောင်ပြီး မြို့မိမြို့ဖကုန်သည်ပွဲစားကြီးများက မလွန်ဈေးဆန်လှူအသင်းကြီးလို၊ ပရိယတ္တိသာသနာ့ဟိတအသင်းကြီးလို အသင်းအဖွဲ့ကြီးများ ထူထောင်ကြသလိုပါပဲ မန္တလေးမြို့ပေါ်က ဝါးတန်းရပ်လို၊ ဒေါင်းရိုးရပ်လိုကလည်း ရပ်ကွက်လူငယ်များ စုစည်းပြီး တစ်နှစ်တစ်ခါ မပျက်မကွက် ကထိန်သင်္ကန်းကပ်လှူမှုတွေ ပြုလုပ်ကြပါတယ်။ ပွဲကုန်းရပ်၊ ပိုက်ကျုံးရပ်စတဲ့ ရပ်ကွက်ကြီးတွေအပြင် မန္တလေးရဲ့ အထင်ကရ ဈေးချိုတော်ကြီးကလည်း ကထိန်ပွဲတွေ မပျက်မကွက် ခင်းကျင်းလှူဒါန်းခဲ့ကြတာ အထင်အရှားပါ။ ၁၉၃၀ ပြည့်နှစ်ရောက်တော့ မန္တလေးအိမ်တော်ရာ ဆင်တံတားနားက ပွဲစားကြီး ဦးသန့်အိမ်မှာ အရောင်းအဝယ်အတွက် အဝေးရောက်ရှိနေကျ ပွဲစားကုန်သည်များကလည်း နှစ်စဉ် ကထိန်တော် ခင်းကျင်းလှူဒါန်းနိုင်ဖို့ အသင်းစဖွဲ့ခဲ့ကြပါတယ်။

**မန္တလေးကထိန်နှင့် ပွဲလမ်းများ**

မန္တလေးကထိန်ပွဲများသည် ဘာသာရေးသာမက ရိုးရာယဉ်ကျေးမှုအနုပညာများနှင့်ပါ ဆက်စပ်ပါဝင်ကျယ်ပြန့်ခဲ့ကြောင်းကိုလည်း 'မန္တလေးမှာ ဈေးချိုတော်ကထိန်ဆိုတာ နာမည်ကြီးတယ်၊ အရင်က ဈေးချိုတော်ဆိုတာ ၈၄လမ်းနဲ့ ၈၅ လမ်းကြားမှာ ရုံကြီး ၁၂ရုံနဲ့ ဖွဲ့စည်းထားတာပါ။ ဒါ့အပြင် မွေ့ရာတန်း၊ အောင်ဈေးတန်း၊ လင်းရောင်ခြည်ဈေးတန်း၊ မုန့်စုံတန်း၊ ထိုးမုန့်တန်း၊ ပန်းတန်းစသည်ဖြင့် ဈေးရုံဈေးတန်းတွေလည်း ပါတယ်။ တိုက်တန်းကြီး၊ တိုက်တန်းလေး၊ ညဈေးတန်း ဆိုတာလည်း ဈေးချိုတော် အဝန်းအဝိုင်းပါ။ကိုယ့်ဈေးရုံ၊ ကိုယ့်ဈေးတန်းအလိုက် ကထိန်ခင်းကြတယ်။ ထူးခြားတာက နေ့ခင်းမှာတင် ခင်းကျင်းကြတယ်။ မန္တလေးဆိုတော့ တီးဝိုင်း၊ အငြိမ့်စတဲ့ ဖျော်ဖြေရေးတွေကလည်း ဈေးရုံကြီးတွေထဲ နေ့ခင်းမှာ ကပြကြတယ်။ လာသမျှ ဧည့်သည်တွေကို စတုဒိသာ ကျွေးမွေးကြတယ်။ တန်ဆောင်မုန်းလဆန်းကနေ လပြည့်အဖိတ်နေ့အထိ ဈေးထဲမှာ ဆိုင်းသံ၊ ဗုံသံနဲ့ ကထိန်ခင်းကျင်းမှု မပြတ်လပ်ခဲ့ဘူး။ ဒီလို ခင်းကျင်းကြတဲ့ ကထိန်တွေမှာ ဈေးချိုကြီး မူလအခင်းအကျင်း ပျက်ယွင်းသွားပေမယ့် နာမည်ကျော် ရွှေဆိုင်တန်းကထိန်ကတော့ ဒီနှစ် (၁၃၈၁ခုနှစ်) မှာ အကြိမ် ၁၀၀ မြောက် ခင်းကျင်းလှူဒါန်းနိုင်ခဲ့ပါ ပြီ။

> ❝ ကထိန်သင်္ကန်းကပ်လှူခြင်းသည် ထူးခြားမြင့်မြတ်သည့် အလှူတော်ဖြစ်သဖြင့် မိမိချွေးနဲ့စာဖြင့် စုဆောင်းရမှု၏ ဒါနအလှူအပေါ် အမြတ်တနိုးထားရှိကာ သူငယ်ချင်းအစုအဖွဲ့များ၊ အနေးယာဉ်လုပ်သားများ၊ ကုမ္ပဏီအသင်းအဖွဲ့များမှအစ အနှစ် ၁၀၀ ကျော် သက်တမ်းရှိ . . . ❞

အလားတူ မန္တလေးတစ်မြို့လုံးဆီမှာလည်း တီးဝိုင်းတွေ၊ အငြိမ့်စင်တွေ စင်ချင်းဆက်မှု ပြတ်ိုင်းစေ့စည်ကားခဲ့တယ်'' ဟု ရှေးမီနောက်မီ စာရေးဆရာ အယ်ဒီတာကြီးတစ်ဦးကလည်း ဆိုသည်။

**စစ်ကိုင်းမင်းဝံတောင်ရိုးကထိန်မှသည် နယ်စပ်ဆီသို့**

ထိုစဉ်က မန္တလေးကထိန်ပွဲတော်လှူဒါန်းသည့် နေရာဌာနများနှင့်ပတ်သက်၍ ထိုးမုန့်လုပ်ငန်းရှင် ဈေးချိုသူတစ်ဦးက ''ကျွန်မတို့ မန္တလေးမှာ ရှေးတုန်းက သဘာဝဘေးအန္တရာယ် ကျရောက်လို့ဖြစ်စေ၊ ကပ်ဘေးကျရောက်လို့ဖြစ်စေ၊ စစ်ဘေးအပါအဝင် ရန်သူမျိုးငါးပါးဘေးအန္တရာယ်ကျရောက်လို့ဖြစ်စေ၊ တိမ်းရရှောင်ရ၊ ပြေးရလွှားရ၊ ပုန်းရခိုရရင် မြစ်အနောက်ဘက်ကမ်းက စစ်ကိုင်းမင်းဝံတောင်ရိုးဆီ ဦးတည်ကြရတာပါ။ ၁၂၇၁ ခုနှစ် ပလိပ်ရောဂါကပ်၊ ၁၂၇၃ ခုနှစ် ကိုး တာမီးဘေး၊ ၁၂၉၉ ကုလား-ဗမာအဓိကရုဏ်း၊ ၁၃၀၃ ခုနှစ် ဒုတိယကမ္ဘာစစ်စတဲ့ ကပ်ဆိုးဘေးဆိုးတွေမှာ မန္တလေးတစ်မြို့လုံးနီးပါး မြို့ကိုစွန့်ပြီး စစ်ကိုင်းမင်းဝံတောင်ရိုးတစ်လျှောက်က ဘုန်းကြီးကျောင်းတွေ၊ ချောင်တွေ၊ ဂူတွေ၊ စေတီပုထိုးတွေဆီ ခိုလှုံရတယ်။ အထူးသဖြင့် ၁၃၀၃ ခုနှစ်ကနေ ၁၃၀၆ ခုနှစ်အထိ ကမ္ဘာစစ်မီးမှာ စစ်ကိုင်းတောင်ရိုးဟာ မန္တလေးရဲ့ ကျေးဇူးရှင်ဖြစ်ခဲ့ရတာပါ။ ဒါကြောင့် ကျွန်မတို့ မန္တလေးက စစ်ကိုင်းတောင်ရိုးကို ကျေးဇူးဆပ်တဲ့အနေနဲ့ ကထိန်ပွဲမှန်သမျှ စစ်ကိုင်းမင်းဝံတောင်ရိုးမှာပဲ ခင်းကျင်းလှူဒါန်းခဲ့ကြတာ ရှေးအစဉ်အဆက်ကတည်းကပါ။ ဒါ့ကြောင့် ကထိန်ရာသီရောက်တိုင်း အထူးသဖြင့် တန်ဆောင်မုန်းလပြည့်ရောက်တိုင်း မန္တလေးတစ်မြို့လုံး စစ်ကိုင်းတောင်ရိုးပေါ် ရွှေ့ပြောင်းသွားသလား ထင်မှတ်ရအောင် စစ်ကိုင်းတောင်ရိုးပေါ်မှာ ကထိန်ပွဲတွေ စည်ကားခဲ့တာပါ'' ဟု အတိတ်ကို လွမ်းဆွတ်စွာ တသသည်။ ဆက်လက်ပြောပြချက်များအရ စစ်ကိုင်းမင်းဝံတောင်ရိုးတွင် ကထိန်ခင်းကျင်းလှူဒါန်းခဲ့ကြရာမှ စီးပွားရေးခေတ်တွင် ခြေလှမ်းသွက်သော ကထိန်လူကြီးအချို့က နယ်စပ်မြို့များဖြစ်သော လားရှိုး၊ တောင်ကြီး၊ မော်လမြိုင်စသည့် မြို့များသို့ ကထိန်သွားရောက်ခင်းကျင်းကြပြီး သာသနာ့အလံလွှင့်ထူကာ ကထိန်ဆိုင်းဘုတ်တပ်ဆင်သည့် ကထိန်ကားများတွင် မန္တလေးဈေးကွက်၌ အမြတ်များစွာ ကျန်မည့် ကုန်ပစ္စည်းသယ်ယူမှုများဖြင့် စစ်ကိုင်းတောင်ရိုးမှ ဝေးရာသို့ ဦးတည်ခဲ့ကြသည်။ ဤသို့ တစ်ချက်ခုတ် နှစ်ချက်ပြတ် ကထိန်ခရီးစဉ်များသည် ယခုအခါ စီးပွားရေးခေတ်က 'အရောင်းအဝယ်ခရီးများ' အသွင်သဏ္ဍာန် မဟုတ်တော့သော်လည်း တစ်နှစ်တစ်ခါဆိုသလို ဒေသန္တရဗဟုသုတနှင့် အပန်းဖြေခရီးအသွင် ပူးတွဲပါဝင်သည့် ကထိန်များအဖြစ် ပြောင်းလဲလာသည်။

**တစ်နိုင်တစ်ပိုင်ကထိန်**

ကထိန်သင်္ကန်းကပ်လှူခြင်းသည် ထူးခြားမြင့်မြတ်သည့် အလှူတော်ဖြစ်သဖြင့် မိမိချွေးနဲ့စာဖြင့် စုဆောင်းရမှု၏ ဒါနအလှူအပေါ် အမြတ်တနိုးထားရှိကာ သူငယ်ချင်းအစုအဖွဲ့များ၊ အနေးယာဉ်လုပ်သားများ၊ လက်ဖက်ရည်ဆိုင်ထိုင်ဖက်မိတ်ဆွေများ၊ ကုမ္ပဏီအသင်းအဖွဲ့များမှအစ အနှစ် ၁၀၀ ကျော် သက်တမ်းရှိ ရပ်ကွက်ကထိန်ကြီးများ၊ ဈေးချိုကထိန်များ၊ စိန်ရတုသက်တမ်းရှိ ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်းကြီးတို့ကလည်း အစဉ်အလာမပျက် ခင်းကျင်းလှူဒါန်းခဲ့ကြသည်။

ထူးခြားမှုအနေဖြင့် အလှူအတန်းပိုင်း၌ မလျော့သော်လည်း ဖျော်ဖြေမှုအစီအစဉ်များ လျော့ပါးသွားခြင်းနှင့်အတူ ယခင်က ဉတ်မကြီးပဒေသာပင်များ၊ အငြိမ့် တီးဝိုင်းပွဲလမ်းများ၊ ပွဲဈေးတန်းများဖြင့် စည်ကားခဲ့သော မန္တလေး၏ ပြလမ်းများတွင် ဘောင်းဘီတို၊ စကပ်တိုမိန်းကလေးများပါဝင်သည့် ဆိုင်ကယ်သုံးယောက်စီး၊ လေးယောက်စီးအုပ်စုကြီးများက လီဘာတင်ပြီး အော်ဟစ်ဆူညံသံမောင်းနှင်ခြင်းများနှင့် ကထိန်ပွဲများ ဆင်နွှဲလာကြလေတော့သတည်း။ ။






# ဆုရွေးချယ်ရေးဦးစီးကော်မတီဝင်များအား ဂါရဝပြုကန်တော့

**ရန်ကုန် အောက်တိုဘာ ၂၀**

ပညာတန်ဆောင်နှင့် တော်ဝင်ဖွံ့ဖြိုးရေးဖောင်ဒေးရှင်းတို့ ပူးပေါင်းဆောင်ရွက်သည့် ထူးချွန်ဆရာဆုရွေးချယ်ရေး ဦးစီးကော်မတီဝင် ဆရာကြီး ဆရာမကြီးများနှင့် မတည်အလှူရှင်တို့အား ဗဟိုအဆင့် ထူးချွန်ဆရာ ဆရာမတို့က ဂါရဝပြု ပူဇော်ကန်တော့ပွဲကို အောက်တိုဘာ ၁၇ ရက် နံနက် ၁၀ နာရီက ရန်ကုန်မြို့ တော်ဝင်ဂါးဒင်းဟိုတယ် ပုဂံခန်းမတွင် ကျင်းပသည်။

ထို့နောက် ဆရာကြီး ဒေါက်တာဦးသန်းဦးနှင့် ထူးချွန်ဆရာဆု ရွေးချယ်ရေး ဦးစီးကော်မတီဝင် မတည်အလှူရှင် တော်ဝင်ဖွံ့ဖြိုးရေးဖောင်ဒေးရှင်း ဥက္ကဋ္ဌဦးကိုကိုထွေးတို့က မုဒိတာစကားပြောကြားသည်။

အထက်တန်းပြ ထူးချွန်ဆရာဆု အကဲဖြတ်အဖွဲ့ ဥက္ကဋ္ဌ ဆရာကြီးဒေါက်တာဦးသန်းဦး (ဥက္ကဋ္ဌ-ပညာတန်ဆောင်အုပ်ချုပ်ရေးအဖွဲ့) အလယ်တန်းပြ ထူးချွန်ဆရာဆု အကဲဖြတ်အဖွဲ့ ဥက္ကဋ္ဌ ဆရာကြီး ဒေါက်တာ ဦးတင်ညို(ဒုဥက္ကဋ္ဌ-ပညာတန်ဆောင်အုပ်ချုပ်ရေးအဖွဲ့)၊ ထူးချွန်ဆရာဆုရွေးချယ်ရေး ဦးစီးကော်မတီဝင် တစ်ဦးတည်း မတည်အလှူရှင် တော်ဝင်ဖွံ့ဖြိုးရေးဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးကိုကိုထွေးနှင့် အထက်တန်းပြ၊ အလယ်တန်းပြ၊ မူလတန်းပြ ထူးချွန်ဆရာဆုအကဲဖြတ်အဖွဲ့ဝင်များ၊ ၂၀၁၄ ခုနှစ်မှ ၂၀၁၆ ခုနှစ်အထိ ဗဟိုအဆင့် ထူးချွန်ဆုရ ဆရာ ဆရာမများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ **ပညာတန်ဆောင်အဖွဲ့**



# မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဘိုးဘွားများအား ကန်တော့



**ဂန့်ဂေါ အောက်တိုဘာ ၂၀**

ဂန့်ဂေါမြို့နယ် အမျိုးသမီးရေးရာအဖွဲ့က လက်ပန်ကျေးရွာအုပ်ချုပ်ရေးမှူးရုံးတွင် အောက်တိုဘာ ၁၈ ရက်က အသိပညာပေးဟောပြောပွဲကျင်းပရာ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ရီရီသန်းက အမျိုးသမီးရေးရာ အဖွဲ့ချုပ်အကြောင်းနှင့် ပူးပေါင်းဆောင်ရွက်မည့် လူမှုရေးလုပ်ငန်းများအကြောင်းကို ရှင်းလင်းဆွေးနွေးသည်။

ထို့ပြင် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့သည် အဆိုပါကျေးရွာရှိ အသက် ၈၀ ကျော် အဘိုးအဘွားများထံ အိမ်တိုင်ရာရောက် သွားရောက်၍ ဂါရဝပစ္စည်းများပေးအပ်ကာ ပူဇော်ကန်တော့ခဲ့ကြကြောင်း သိရသည်။

**စိန်ကျော်**

# ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ခရီးသည် ၆ ဒသမ ၅ ရာခိုင်နှုန်းမြင့်တက်

**ရန်ကုန် အောက်တိုဘာ ၂၀**

မြန်မာနိုင်ငံ၏ အဓိကလေကြောင်း ဝင်၊ ထွက်ပေါက်တစ်ခုဖြစ်သည့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သည် ၂၀၁၉ ခုနှစ်၏ ပထမကိုးလပတ်အတွင်း အသုံးပြုသူခရီးသည် ပမာဏ ၄ ဒသမ ၆၀ သန်းအထိ မြင့်တက်ခဲ့ပြီး ယခင်နှစ်ကာလတူမှ ခရီးသည်ပမာဏ ၄ ဒသမ ၃၂ သန်းနှင့်နှိုင်းယှဉ်လျှင် ၆ ဒသမ ၅ ရာခိုင်နှုန်း တိုးတက်လာကြောင်း ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်လုပ်ငန်းများကို တာဝန်ယူဆောင်ရွက်နေသည့် Yangon Aerodrome Company (YACL) မှ သိရသည်။

ယခုကဲ့သို့သော ခရီးသည်ပမာဏ မြင့်တက်လာရခြင်းသည် ခရီးစဉ်သစ်များ တိုးချဲ့ပျံသန်းပြေးဆွဲမှုကြောင့်ဖြစ်ပြီး အဓိကအားဖြင့် တရုတ်ခရီးသွားဈေးကွက်မှ ခရီးစဉ်တိုးချဲ့ပျံသန်းမှုများကြောင့် ဖြစ်ကြောင်းလည်း သိရသည်။

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ယခင်နှစ်က နိုင်ငံတကာလေကြောင်းလိုင်း ၃၁ လိုင်းမှ နိုင်ငံပေါင်း ၁၅ နိုင်ငံရှိမြို့ပေါင်း ၃၁ မြို့သို့ ချိတ်ဆက်ပျံသန်းပြေးဆွဲနိုင်ခဲ့ပြီး ယခုအခါတွင် နိုင်ငံတကာလေကြောင်းလိုင်း ၃၅ လိုင်းမှ အာရှဒေသတွင်း နိုင်ငံပေါင်း ၁၂ နိုင်ငံနှင့် အရှေ့အလယ်ပိုင်းဒေသတွင်း နိုင်ငံနှစ်နိုင်ငံတို့ရှိ မြို့ပေါင်း ၃၃ မြို့နှင့် ချိတ်ဆက်ပျံသန်းပြေးဆွဲလျက်ရှိသည်။

"မြန်မာ့ခရီးသွားလုပ်ငန်းကဏ္ဍ မြင့်တင်ရေးအတွက် နိုင်ငံတော်က အကောင်အထည်ဖော်ဆောင်ရွက်ခဲ့တဲ့ ဗီဇာကင်းလွတ်ခွင့်နဲ့ ဆိုက်ရောက်ဗီဇာခွင့်ပြုမှုတွေကို ကျွန်တော်တို့ (YACL) အနေနဲ့ တစ်ဖက်တစ်လမ်းကကူညီပံ့ပိုးပေးတဲ့အနေနဲ့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ရဲ့ စွမ်းဆောင်ရည်၊ ဝန်ဆောင်မှုနဲ့ ဘေးကင်းလုံခြုံမှုကို စဉ်ဆက်မပြတ် အဆင့်မြှင့်တင်သွားရေးကို ကြိုးပမ်းဆောင်ရွက်သွားမှာပါ" ဟု YACL၏ Chief Executive Officer ဖြစ်သူ Mr. Ho Chee Tong က ပြောကြားသည်။

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် အသုံးပြုသူ နိုင်ငံတကာခရီးသည် ပမာဏ မြင့်တက်လာရခြင်း၏ အဓိကနိုင်ငံများမှာ တရုတ်၊ ထိုင်းနှင့် ဂျပန်နိုင်ငံတို့မှ ဖြစ်ပြီး နိုင်ငံတကာလေကြောင်း ခရီးစဉ်များ တိုးချဲ့ပြေးဆွဲရန် လုပ်ဆောင်ရာတွင် အခြားသော ဈေးကွက်များသို့လည်း ချဲ့ထွင်နိုင်ရန် ကြိုးပမ်းလျက်ရှိကြောင်း၊ လတ်တလောတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ အိန္ဒိယနိုင်ငံ ကာလကတ္တားမြို့နှင့် ရန်ကုန်မြို့သို့ နေ့စဉ်ပျံသန်းပြေးဆွဲသွားမည့် IndiGo လေကြောင်းလိုင်းအပါအဝင် တရုတ်နိုင်ငံ ကူမင်းနှင့် ရန်ကုန်သို့ ပျံသန်းပြေးဆွဲပေးမည့် Kunming လေကြောင်းလိုင်းတို့ကိုပါ ထပ်မံတိုးချဲ့ပျံသန်းခဲ့ကြောင်း သိရသည်။

**ပွင့်သစ္စာ**




## တိုတိုထွာထွာဖတ်စရာ

### မိုးညှင်းမြို့နယ်တွင် နှမ်းများအောင်မြင်ဖြစ်ထွန်း

**မိုးညှင်း**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် မော်ဟန်ကျေးရွာတွင် တောင်သူများမှာ မိမိတို့၏ လယ်ယာတောင်ကုန်းများ မြေလွတ်မြေရိုင်းကုန်းမြေများနှင့် ချောင်းကမ်းဘေးတစ်လျှောက်တို့တွင် နှမ်းများစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

"မနှစ်က ဒီနေရာမှာ နှမ်းကြီးပင်တွေကို အခုလိုစိုက်ပျိုးခဲ့ပါတယ်၊ တစ်ဧကကို ပျှမ်းမျှ ၁၈ တင်းခန့်သာထွက်ပါတယ်၊ ရာသီဥတုမမှန်လို့ အသီးကင်းတွေများခဲ့လို့ပါ။ ဒီနှစ်မှာတော့ အပင်လည်းကြီးထွားသလို အထွက်တိုးမယ်လို့ ခန့်မှန်းမိပါတယ်။ တစ်ဧကကို ၂၅ တင်းလောက်ထွက်မယ်လို့ ခန့်မှန်းရပါတယ်။ ရာသီချိန်နှမ်းပေါက်ဈေးက တစ်တင်းကို ကျပ် ၂၅၀၀၀ ခန့် အဝယ်လိုက်ပါတယ်" ဟု မော်ဟန်ကျေးရွာ ရွာမရပ်နေ နှမ်းစိုက်တောင်သူ ကိုစိုးပိုင်ထူးက ပြောကြားသည်။

**နီတိုး**

### ရဲတပ်သားသစ်စုဆောင်းရရှိရေးနှင့် သက်ငယ်မုဒိမ်းမှု မဖြစ်ပွားစေရေး အသိပညာပေး

**ပျဉ်းမနား**

နေပြည်တော် ပျဉ်းမနားမြို့ ရွာကောက်နယ်မြေရဲစခန်းမှ စခန်းမှူး ရဲအုပ်စိုးမြင့်အောင်၊ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်အောင်ကိုကိုဝင်းနှင့် ရဲတပ်ဖွဲ့ဝင်များသည် ယနေ့နံနက် ၁၀ နာရီက ရဲတပ်သားသစ် စုဆောင်းရရှိရေး ကွင်းဆင်းဆောင်ရွက်ခြင်းနှင့် သက်ငယ်မုဒိမ်းမှု မဖြစ်ပွားစေရေး အသိပညာပေး ဟောပြောခြင်းကို ညောင်ပင်သာအလယ်ရွာတွင် ဆောင်ရွက်ခဲ့ပြီး ရဲတပ်ဖွဲ့သည် ပြည်သူလူထုကို ကူညီဆောင်ရွက်ရန် အချိန်ပြည့်ရှိကြောင်းနှင့် တက်ရောက်လာသည့် ဒေသခံ ၅၀ အား ရဲတပ်ဖွဲ့သို့ ဆက်သွယ်ဆောင်ရွက်ရမည့် ဖုန်းနံပါတ်များပေးခဲ့ကြောင်း သိရသည်။

**ကိုကိုရှူပ(နေပြည်တော်)**

### လူကုန်ကူးမှုနှင့် သက်ငယ်မုဒိမ်းမှုမဖြစ်ပွားရေး အသိပညာပေး

**တောင်သာ**

တောင်သာမြို့နယ် ကျောဇီနယ်မြေရဲစခန်း စခန်းမှူး ရဲအုပ်ဆလိုင်းထန်းဆွေသည် အောက်တိုဘာ ၁၀ ရက် နံနက်က ကျောဇီအ.ထ.က ကျောင်းဝင်းအတွင်း လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် သက်ငယ်မုဒိမ်းမှုမဖြစ်ပွားရေး အသိပညာပေး ဟောပြောခဲ့ကြောင်း သိရသည်။

**ခင်ဇာမွန်မြင့်(ဥပဒေ)**



# ဒေသနှင့်ကိုက်ညီသည့် ကြံမျိုးများ မျိုးသန့်ထုတ်လုပ်

**ရေတာရှည် အောက်တိုဘာ ၂၀**

ရေတာရှည်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ကြံသီးနှံဌာနခွဲ ကြံသီးနှံမျိုးသန့်ခြံ (ဘိုးတော်ကုန်း) တွင် အောက်တိုဘာ ၁၈ ရက် နံနက်က ကြံမျိုးထိန်းကွက်နှင့် ဒေသတွင်းကိုက်ညီသည့် ကြံမျိုးများ မျိုးသန့်ထုတ်လုပ်ခြင်း ကွင်းပြပွဲကျင်းပရာ စိုက်ပျိုးရေးဦးစီးဌာန သကြားထွက်သီးနှံဌာနခွဲမှ ညွှန်ကြားရေးမှူး ဒေါ်ရည်ရည်မွန်က ကြံမျိုးထိန်းကွက်နှင့်ဒေသနှင့်ကိုက်ညီသည့် ကြံမျိုးများကို တောင်သူများစိုက်ပျိုးလာစေရေး၊ မြန်မာ့ကြံသကြားထွက်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးစသည့် ကြံသီးနှံနှင့်ပတ်သက်၍ အကျိုးအမြတ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာကျော်ကျော်က အမှာစကားပြောကြားပြီး မြို့လှ သကြားစက် ကြံဝယ်ဌာနမှူး ဦးတင့်လွင်နှင့် အမှတ်(၆) သကြားစက် ကြံဌာနမှူး ဦးတင်ဌေးတို့က စက်ရုံ၏ ကြံကြိတ်ဝါးထုတ်လုပ်မှုနှင့် တောင်သူများအား ပံ့ပိုးပေးမှုအခြေအနေကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ကြံမျိုးထိန်းကွက်၊ ဒေသနှင့်ကိုက်ညီသည့် ကြံမျိုးများ မျိုးသန့်ထုတ်လုပ်သည့် စိုက်ခင်းအတွင်း စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့် ကြံတောင်သူများက ကြည့်ရှုလေ့လာကြကြောင်း သိရသည်။

**ကျော်ကြီး**

တောတောင်ပျက်ပြုန်း
မြေဆီသုဉ်း၏

# အရှေ့တောင်အာရှသင်္ဘောခရီးစဉ် မြန်မာလူငယ်အဖွဲ့ဖျော်ဖြေ

**ရန်ကုန် အောက်တိုဘာ ၂၀**

ဂျပန်နိုင်ငံအစိုးရမှ စီစဉ်ကြီးကြပ်သော အရှေ့တောင်အာရှနှင့် ဂျပန်လူငယ်များသင်္ဘောခရီးစဉ်( The 46th Ship for Southeast Asian and Japanese Youth Program–SSEAYP) မြန်မာနိုင်ငံကိုယ်စားပြု လူငယ်အဖွဲ့ အကြိုကပြဖျော်ဖြေပွဲကို အောက်တိုဘာ ၂၀ ရက် နံနက်ပိုင်းက ရန်ကုန်တက္ကသိုလ် စိန်ရတုခန်းမ၌ကျင်းပသည်။

"ကျွန်တော်တို့ဒီခရီးစဉ်ကို ဂျပန်နိုင်ငံကို လေယာဉ်နဲ့ အောက်တိုဘာ ၂၃ ရက်မှာ စတင်ထွက်ခွာမှာဖြစ်ပါတယ်။ ဂျပန်နိုင်ငံကနေ သင်္ဘောနဲ့ ဗီယက်နမ်ကိုသွားမယ်။ အဲဒီကမှတစ်ဆင့် စင်ကာပူကိုဆက်လက်ထွက်ခွာမယ်။ မြန်မာနိုင်ငံကိုတော့ နိုဝင်ဘာ၂၂ ရက်မှာ ရောက်ရှိပြီးတော့ ၂၅ ရက်မှာပြန်လည်ထွက်ခွာမှာဖြစ်ပါတယ်"ဟု သတင်းအချက်အလက်နှင့် နည်းပညာတက္ကသိုလ်မှ ခရီးစဉ်လိုက်ပါမည့် ကျောင်းသားမောင်ဖြိုးမင်းသူက ပြောကြားသည်။

အဆိုပါခရီးစဉ်အတွင်း ဂျပန်အပါအဝင် အာဆီယံ ၁၀ နိုင်ငံမှ ကျောင်းသား ကျောင်းသူနှင့် အုပ်ချုပ်သူစုစုပေါင်း ၃၃၀ လိုက်ပါမည်ဖြစ်ကြောင်း၊ ဒီဇင်ဘာ ၁၃ ရက်တွင် တိုကျိုမြို့၌ ခရီးစဉ်ပြီးဆုံးမည်ဖြစ်ကြောင်း၊ မြန်မာလူငယ်များအနေဖြင့် ခရီးစဉ်အတွင်း ဖျော်ဖြေရန် အက ၁၀ မျိုးပြင်ဆင်လေ့ကျင့်ထားကြောင်း၊ နှစ်ပါးသွားအက၊ ကချင်အက၊ ရှမ်းအက၊ ပြဇာတ်ရုပ်သေးအကများ၊ ဦးရွှေရိုးအက၊ သင်္ကြန်အကများဖြင့် တစ်ညလျှင်တစ်မျိုးစီ ဖျော်ဖြေသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါလူငယ်သင်္ဘောခရီးစဉ်အတွက် အာဆီယံအဖွဲ့ဝင် ၁၀ နိုင်ငံနှင့် ဂျပန်နိုင်ငံတို့မှ တစ်နိုင်ငံလျှင် ခေါင်းဆောင်တစ်ဦးစီနှင့် လူငယ်အဖွဲ့ဝင် ၂၈ ဦးစီပါဝင်ပြီး ဂျပန်နှင့် အရှေ့တောင်အာရှနိုင်ငံများသို့ ၅၂ ရက်ကြာ လှည့်လည်ကာ ယဉ်ကျေးမှုနှင့် လူငယ်အတွေ့အကြုံဖလှယ်ရေးကိုဆောင်ရွက်ကြမည်ဖြစ်ကြောင်း၊ ယင်းသင်္ဘောအစီအစဉ်ကို ၁၉၇၄ ခုနှစ်ကတည်းက နှစ်စဉ်ပြုလုပ်ခဲ့ရာ မြန်မာနိုင်ငံအနေဖြင့် ယင်းသင်္ဘောခရီးစဉ်ကို ၁၉၉၈ ခုနှစ်ရောက်မှ ပါဝင်ခွင့်ရခဲ့ကြောင်း သိရသည်။




**မြင့်မောင်**

# ကျောင်းဆောင်သစ်၊ ကွန်ပျူတာများ၊ ဆက်စပ်ပစ္စည်းများလှူဒါန်းပွဲ ကျင်းပ

**သနပ်ပင် အောက်တိုဘာ ၂၀**

ဝင်းရတနာ(၂) ကျောင်းဆောင်သစ်၊ ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများလှူဒါန်းပွဲနှင့် ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲကို အောက်တိုဘာ ၁၉ ရက် နံနက် ၈ နာရီက ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ် ကုက္ကိုကျေးရွာအခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ပဲခူးမြို့ ဝင်းနိမ္မိတာရုံကကျောင်းတိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တမုနိန္ဒာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ)၊ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ သယံဇာတ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဒေါက်တာ စောညိုဝင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်မင်းထွန်း၊ ဒုတိယပညာရေးမှူး ဦးစိုးနိုင်နှင့် အလှူရှင်များက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

တိုင်းဒေသကြီး သယံဇာတ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဒေါက်တာ စောညိုဝင်းက အမှာစကားပြောကြားသည်။

အလျားပေ ၆၀၊ အနံ ပေ ၃၀၊ RC တစ်ထပ် ဝင်းရတနာ (၂) ကျောင်းဆောင်သစ်နှင့် ကွန်ပျူတာဆက်စပ်ပစ္စည်း၊ ပရိဘောဂများကို ဝင်းနိမ္မိတာရုံဆရာတော်နှင့် ဒါယကာ ဒါယိကာမများက တန်ဖိုးငွေကျပ် ၄၀၅၉၉၀၃၀ အကုန်အကျခံဆောက်လုပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**လှမိုး(သနပ်ပင်)**

# သန်လျင်မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ အစည်းအဝေးကျင်းပ

**ရန်ကုန် အောက်တိုဘာ ၂၀**

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ ၂၀၁၈/၂၀၁၉ နှစ်ပတ်လည်အစည်းအဝေးကို အောက်တိုဘာ ၁၉ ရက် နံနက် ၉ နာရီက ဘုရားကုန်းကျေးရွာရှိကြာကန်ခန်းမ၌ ကျင်းပသည်။

သန်လျင်တပ်နယ်မှူး ဗိုလ်ချုပ်ဌေးနိုင်က နှုတ်ခွန်းဆက်စကားပြောကြားကာ ရန်ကုန်တိုင်းဒေသကြီး စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့(စည်ပင်ပြင်ပ)ခေတ္တဥက္ကဋ္ဌဗိုလ်မှူးကြီး ထင်ဇော်ဝင်း(ငြိမ်း)က အဖွင့်အမှာစကားပြောကြားပြီး ကျောင်းသားကျောင်းသူများအတွက် ပညာသင်ထောက်ပံ့စရိတ်အား မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ ဗိုလ်မှူးကျော်မိုးကြည်(ငြိမ်း)ထံပေးအပ်သည်။

သန်လျင်မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ ရှေ့လုပ်ငန်းစဉ်များအား မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ ဗိုလ်မှူးကျော်မိုးကြည် (ငြိမ်း) က ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

**သက်ခိုင် (သန်လျင်)**



အောက်တိုဘာ ၁၇ ရက် မွန်းလွဲ ၃ နာရီက ရန်ကုန်မြို့ ရန်ကင်းမြို့နယ် အမှတ် ၁၁ ရပ်ကွက် မင်္ဂလာသိဒ္ဓိဘုန်းတော်ကြီးကျောင်း ဓမ္မာရုံ၌ မြို့နယ်အတွင်း မှုခင်းကျဆင်းရေး၊ သက်ငယ်မုဒိမ်းမှု မဖြစ်ပွားစေရေးအတွက် ရန်ကင်းမြို့မ စခန်းမှူး ဒု–ရဲမှူး ဉာဏ်လင်းသန်း ဟောပြောစဉ်။

တင်ဝင်းတင်

# ရွေ့လျားစာကြည့်တိုက်ယာဉ်ဖြင့် စာအုပ်စာစောင်များ ငှားရမ်းပေး



**နတ်မောက် အောက်တိုဘာ ၂၀**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် မြို့နယ်အတွင်းရှိ ပြည်သူများ၊ ကျောင်းသားကျောင်းသူများ စာဖတ်သည့်အလေ့အကျင့်ကောင်းများ တိုးတက်ရရှိစေရန်နှင့် စာဖတ်ခြင်းဖြင့် အသိပညာဗဟုသုတများ တိုးပွားလာစေရန် ရည်ရွယ်ကာ ရွေ့လျားစာကြည့်တိုက်မော်တော်ယာဉ်ဖြင့် ယမန်နေ့က ကျွဲမကျကျေးရွာ၊ လေးအိမ်ကျေးရွာနှင့် စခန်းမကျေးရွာများသို့ သွားရောက်၍ စာအုပ်စာစောင်များ အခမဲ့ငှားရမ်းပေးသည်။

ထိုသို့ စာအုပ်စာစောင်များ အခမဲ့ငှားရမ်းပေးရာတွင် ရွေ့လျားစာကြည့်တိုက်မော်တော်ယာဉ်(Mobile Library Bus)ဖြင့် သုတ၊ ရသစာအုပ်များ၊ ကလေးစာပေများ စုစုပေါင်း ၃၀၀၀ ကျော်အား သယ်ဆောင်၍ အခြေခံပညာကျောင်းများနှင့် ကျေးရွာများ စသည့်နေရာ ၂၀ သို့ နှစ်ပတ်လျှင် တစ်ကြိမ်သွားရောက်၍အခမဲ့ငှားရမ်းဆောင်ရွက်ပေးခြင်း၊ ညောင်ပင်ဆိပ်၊ ညောင်ပေါက်၊ အိုင်ဇောက် စသည့် ကျေးရွာသုံးရွာတွင် Sub Centre များ အဖြစ်ထားရှိ၍ စာအုပ် ၅၀ အုပ်စီအား နှစ်ပတ်လျှင်တစ်ကြိမ် အခမဲ့ငှားရမ်းပေးလျက်ရှိကြောင်း သိရသည်။

**ဝေယံလင်း(ပြန်/ဆက်)**



အောက်တိုဘာ ၂၀ ရက်က အမှတ် ၁၀ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ ရန်ကုန်တိုင်းဒေသကြီး လသာမြို့မ စခန်းမှူး ဒုရဲမှူးယဉ်ထွေးက သက်ငယ်မုဒိမ်းမှု လျော့နည်းကျဆင်းရေး၊ လူကုန်ကူးမှုဆိုင်ရာ အသိပညာပေး ဟောပြောခြင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ကြေးမုံ**

# အခမဲ့ ဆေးဝါးကုသပေး

**ဆော အောက်တိုဘာ ၂၀**

မကွေးတိုင်းဒေသကြီး ဆောမြို့နယ် တိုင်းရင်းဆေးကုဌာနမှ ကျေးရွာနေ ပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းအနေဖြင့် မြို့နယ်တိုင်းရင်းဆေးမှူး ဒေါ်ဟန်နီလှစိုးနှင့်အဖွဲ့က ဦးဆောင်၍ အခမဲ့ဆေးကုသပေးခြင်းနှင့် အသိပညာပေးဟောပြောပွဲကို အောက်တိုဘာ ၁၉ ရက် နံနက်ပိုင်းက ကျောက်မကျေးရွာ စုရပ်ဆောင်တွင် ပြုလုပ်၍ ပြည်သူ ၁၆၀ တို့အား အခမဲ့ကျန်းမာရေး စောင့်ရှောက်ပေးခဲ့ကြောင်း သိရသည်။

**စိန်ကျော်**

# စီးပွားရေးရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဟောပြောပွဲ မန္တလေးမြို့ ဂျက်ဖာဆန်စင်တာတွင် ကျင်းပ



**မန္တလေး အောက်တိုဘာ ၂၀**

အမေရိကန်စီးပွားရေး ရင်းနှီးမြှုပ်နှံမှုသုတေသီပညာရှင် ပါမောက္ခ မက်သရူးဖားချဲန်က ရေရှည်တည်တံ့ခိုင်မြဲသည့် စီးပွားရေးရင်းနှီးမြှုပ်နှံမှုဆိုင်ရာအခန်းကဏ္ဍနှင့်ပတ်သက်၍ Building and Buying: How State–backed Investment Wields Influence ခေါင်းစဉ်ဖြင့် ရှင်းလင်းဟောပြောပွဲကို အောက်တိုဘာ ၁၉ ရက် နံနက် ၉ နာရီက မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ၂၆ လမ်းနှင့် ၇၁ လမ်းထောင့်ရှိ ဂျက်ဖာဆန်စင်တာတွင် ကျင်းပသည်။

ဟောပြောပွဲတွင် ပါမောက္ခ မက်သရူးဖားချဲန်က နိုင်ငံတကာတွင် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကဏ္ဍများနှင့် အရှေ့တောင်အာရှဒေသအတွင်းရှိ နိုင်ငံများ၏ ရင်းနှီးမြှုပ်နှံမှုအခြေအနေများနှင့် ကြုံတွေ့နေရသည့် စိန်ခေါ်မှုများကို ရှင်းလင်းပြောကြားပြီး ရေရှည်တည်တံ့ခိုင်မြဲသည့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ စီးပွားရေး ရင်းနှီးမြှုပ်နှံမှုများနှင့်ပတ်သက်၍ တရုတ်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှု အခန်းကဏ္ဍများကို ၎င်း၏ သုတေသနပြုစုထားမှုများအား ရှင်းလင်းဟောပြောခဲ့သည်။

ထို့နောက် တက်ရောက်လာကြသည့် မန္တလေးဒေသခံပြည်သူများက မန္တလေးမြို့၏ စီးပွားရေးရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခန်းကဏ္ဍများနှင့်ပတ်သက်၍ ပြန်လည်မေးမြန်းဆွေးနွေးမှုများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါ ဟောပြောပွဲကို နိုင်ငံတကာတွင် ဆောင်ရွက်နေကြသည့် ရင်းနှီးမြှုပ်နှံမှုများ၏ ရလဒ်အခြေအနေများအား ၎င်း၏အတွေးအခေါ်များနှင့် သုတေသနပြုသိရှိမှုများကို မျှဝေပေးရန်နှင့် ဟောပြောပွဲသို့ တက်ရောက်လာကြသည့် မန္တလေးပြည်သူများ၏ ထင်မြင်ယူဆချက်နှင့် အတွေးအခေါ်ကောင်းများကို ပြန်လည်ရရှိစေရန် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**
**ဓာတ်ပုံ– အောင်ဖြိုးကျော်**

**ချင်းတွင်းအသင်း (ရန်ကုန်)**
**ကထိန်သင်္ကန်းကပ်လှူပွဲ ဖိတ်ကြားလွှာ**

ချင်းတွင်းအသင်း(ရန်ကုန်)၏ (၂၆)ကြိမ်မြောက် ကထိန်သင်္ကန်း ကပ်လှူပွဲအခမ်းအနားအား ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ချင်းတွင်း အသင်းဝင်များနှင့် ချင်းတွင်းနယ်သူ/နယ်သားများ ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်ရက် - ၂၇-၁၀-၂၀၁၉ (တနင်္ဂနွေနေ့)
ကျင်းပမည့်အချိန် - နံနက်(၉း၀၀)နာရီမှ(၁၂း၀၀)နာရီအထိ
ကျင်းပမည့်နေရာ - အနုတ္တရာရာမ ဘုရားကျောင်းဝိုင်း အထက်ပါ တံတားဘေးရှိ ...မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

ဆက်သွယ်လှူဒါန်းနိုင်သည့်ဖုန်းနံပါတ်
၀၉-၅၁၄၄၇၄၇ ၊ ၀၉-၅၀၀၂၃၆၃
၀၉-၅၁၆၅၇၈၅ ၊ ၀၉-၅၀၀၇၂၈၄

**အမှုဆောင်အဖွဲ့**



Columbus TRAVELS & TOURS Since 1993

IATA

**5000Ks Top Up**
ချက်ချင်းရယူလိုက်ပါ

USA, Europe, Australia, Japan, Korea အစရှိသည့်
Around The World Beyond Singapore လေယာဉ်လက်မှတ်များ
ဝယ်ယူပြီး 5000 ကျပ်တန် ဖုန်း Top-Up များလက်ဆောင်ရယူလိုက်ပါ။

ပရိုမိုးရှင်းကာလ - ယခုမှစ၍ ၁၅ နိုဝင်ဘာ ၂၀၁၉

01-229245,01-378535,01-9669298,01-544361,02-4060956,09-955088828



မည်သည့် နိုင်ငံ၌ပင်ဖြစ်စေ ရဟန်း၊ ရှင်၊ လူ အားလုံးတို့သည်
မိမိနေသော တိုင်းပြည်ကို ဖွံ့ဖြိုး၊ တိုးတက်၊ သာယာ၊ ဝပြော၊
တည်ငြိမ်၊ အေးချမ်းအောင် စီမံအုပ်ချုပ်နိုင်သော
မင်းကောင်း မင်းမြတ်များကို
မျှော်လင့်တောင့်တ လိုလားကြမည်သာ ဖြစ်ကြပေ၏။ ထို့ကြောင့် -

**ဟိတောသီနေလ အရှင်နိုဗ္ဗာ၏**

**မင်းကောင်းမင်းဆက် ရှာပုံတော်**

ဖြန့်ချိရေး - **ထွက်ပြီ။ တန်ဖိုး - ၁၅၀၀ဝိ**

(၁) ပါရမီစာပေ - ၀၁-၂၅၇၂၄၆၊ ၀၉-၇၃၀ ၁၆၂၉၂၊ ၀၉- ၂၆၂၂၆၄ ၇၀၈
၂၉-လမ်း(အထက်) ပန်းဘဲတန်း နှင့် ကမ္ဘာအေးဘုရားစောင်းတန်း၊ ရန်ကုန်။
(၂) ယင်းတော် မင်းကျောင်း၊ ပျော်ဘွယ်မြို့နယ် - ၀၉-၇၉၉ ၅၉၇ ၄၄၂






**Improve your productivity with Epson Business Inkjet Printers.**

Large organisations, business departments and SMEs often face operational challenges that require innovative and reliable solutions.

Whatever your industry, PrecisionCore – the breakthrough technology built into our next-generation business inkjet printers – gives you uncompromising levels of performance. This includes exceptional print quality at up to 100 pages per minute*, lower cost per page and power savings, together with less maintenance and downtime.

Meet the demands of office printing and propel your businesses into the future with Epson.
Remember, it's in the details. epson.co.th/business-inkjet

EPSON
EXCEED YOUR VISION



သက် ရှိ လော က   တည် မြဲ ဖို့   သ ဘာ ဝ တော တွေ   ထိန်း သိမ်း စို့


THE CENTRAL
boulevard
THE FIRST SHOPPING BOULEVARD IN TOWN
OFFERING BRAND NEW SHOPPING EXPERIENCE BY THE INYA LAKE
GRAND
OPENING
21 OCTOBER 2019
WEEKEND FUN, AMAZING PROMOTIONS
AND ENTERTAINMENT GALORE LIKE NO OTHER!
thecentralboulevard
Corner of Kabar Aye Pagoda Road
and Kanbe Road, Yankin Township,
Yangon, Myanmar.
DEVELOPED BY
MARGA
LANDMARK

## ဒေါ်ညွန့်ညွန့်လွင်
**အသက်(၉၂)နှစ်**
**အထက်တန်းပြ ဆရာမ(ငြိမ်း)၊ အထက(၁/၂/၃/၄) (မိတ္ထီလာ)၊ အထက-၁၊ (လားရှိုး)**

မိတ္ထီလာမြို့၊ ပြည်သာယာ၊ ယုဇနလမ်းနေ (ဦးညီ-ဒေါ်ရွှေသင်)တို့၏ သမီး၊ (ဦးအေးမောင်-ဒေါ်လှမေ)၊ [ဗိုလ်မှူးမြသိန်း(ငြိမ်း)-ဒေါ်အုန်းတင်]၊ (ဦးကောဖျွှာည)တို့၏ ညီမ၊ (ဦးကျော်သန်း)-ဒေါ်ငွေငွေမြင့်တို့၏ အစ်မ၊ ဦးကျော်သိန်း၊ ဗိုလ်မှူးခင်မောင်ဇင်(ငြိမ်း)-ဒေါက်တာစိုးမိုးမိုး၊ ဦးစည်သူ-ဒေါက်တာမေမြတ်သူ၊ ဦးတိုးတိုး-ဒေါ်သန္တာ၊ (ဦးရည်မွန်)-ဒေါ်မာလွင်၊ (ဦးအောင်မြင့်ဆွေ)-ဒေါ်မိုးသူတို့၏ အဒေါ်၊ မြေး ၁၄ ယောက်တို့၏ ဘွားဘွားကြီး၊ ဦးအုန်းမြင့်-ဒေါ်သီရိလွင်(ခ)ဒေါ်အေးအေးခိုင်တို့၏ ချစ်လှစွာသောမိခင်၊ ဗိုလ်မှူးသန်းစိန်(ငြိမ်း)၏ ဇနီး ဒေါ်ညွန့်ညွန့်လွင်သည် ၂၀-၁၀-၂၀၁၉ရက် မွန်းလွဲ ၁၂:၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၁၀-၂၀၁၉ ရက် ညနေ ၄ နာရီတွင် နေအိမ်မှ ပြည်သာယာ၊ မဟူရာ သုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၄-၁၀-၂၀၁၉ ရက် နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
## ဦးထွန်းကြည်
**ရွှေဟသ်ာပါကေးရောင်းဝယ်ရေး**
**အပတ်စဉ်(၁) မြို့ပိုင်သင်တန်းဆင်း**
**သာစည်မြို့နယ်အသင်းဝင်**
**အသက်(၈၂)နှစ်**

သာစည်မြို့နေ (ဦးမဲ-ဒေါ်ပု)တို့၏ သား၊ အမှတ်(၇၀)၊ ဝေဇယန္တာလမ်း၊ (၁၁)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်နေ ဒေါ်သီလှိုင်၏ ချစ်လှစွာသောခင်ပွန်း၊ ဦးလှိုင်ဖုန်းမော်-ဒေါ်ဖြူဖြူထွန်း(ပစ်တိုင်းထောင်စာပေ)၊ ဦးဝင်းသိန်းလှိုင်-ဒေါ်မူမူထွန်း(အောင်ဘောဂရတနာရွှေဆိုင်)၊ ဦးဝေယံထွန်း-ဒေါ်မေဝင်းထိုက်(ရွှေဟသ်ာပါကေးဆိုင်)တို့၏ဖခင်၊ မြေးလေးယောက်၊ မြစ်တစ်ယောက်တို့၏ အဘိုးသည် ၂၀-၁၀-၂၀၁၉ (တနင်္ဂနွေနေ့)နံနက် ၁၁:၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၁၀-၂၀၁၉ (အင်္ဂါနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်းဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁:၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း
## ဒေါ်ခင်လှရီ(ခ) ဒေါ်လုံးတင်(ခ) ရဟီမာဘီ
**အသက် (၇၄)နှစ်**

ရန်ကုန်မြို့၊လှိုင်မြို့နယ်၊ (၆) ရပ်ကွက်၊ သုခလမ်း၊ (၅၁) လမ်း၊ စ-လမ်းသွယ်၊ အမှတ်(၁၁၇)၊ မြေညီထပ်အလယ် ခန်းနေ [ဟာဂျီဦးဘသန်း (အတွင်းရေးမှူးချုပ်၊ အစ္စလာမ်သာသနာရေးရာကောင်စီ၊ ယခင်မြန်မာကရုံး၊ သားရေကုမ္ပဏီ)-ဟာဂျီမဒေါ်နုယဉ်]တို့၏ သမီးကြီး၊ (ဦးအုန်းခိုင်-ဟာဂျီမကြီးဒေါ်အုန်း)တို့၏ မြေး၊ ဟာဂျီဦးစိုးမင်း-ဟာဂျီမ ဒေါ်ငွေငွေရီ၊ ဟာဂျီမဒေါ်ခင်ပြုံး-ဟာဂျီ (ဦးတင် ထွဋ်)၊ ဟာဂျီမဒေါ်မေသန်း-ဟာဂျီ (ဦးသိန်းထွန်း)၊ (ဒေါ်စာစာသန်း)-ဦးတင်ထွဋ်၊ ဒေါ်အေးအေးသန်း-ဦးအံ့ကျော်သိန်း၊ ဟာဂျီမ ဒေါ်ထွေးထွေးသန်း-ဟာဂျီဦးမောင်မြင့်၊ ဟာဂျီမ ဒေါ်ဝါဝါသန်း-ဟာဂျီဒေါက်တာဦးမောင်မောင်တို့၏ အစ်မ၊ (ဦးသောင်းခင်-ဒေါ်လှမင်း)တို့၏ ခယ်မ၊ ဦးသန်းဝင်း (coca-cola pinya Beverage Myanmar Ltd.)-ဒေါ်ဥမ္မာဝင်းရွှေ၊ ဦးစိုးမိုးအောင် (ခေတ္တ-USA)၊ ဒေါ်မြမြစိန်တို့၏ မွေးသမိခင်၊ မြေးလေးယောက်တို့၏ အဘွား၊ [ဦးသန်းစိုး (ဒုတိယညွှန်ကြားရေးမှူး-ငြိမ်း၊ စာရင်းစစ်ချုပ်ရုံး)] ၏ဇနီးသည် ၁၅-၁၀-၂၀၁၉(အင်္ဂါနေ့) ည ၈နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ၁၆-၁၀-၂၀၁၉ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးမွတ်စလင်သုသာန်၌ ဗဟိုနာမားဇ်အပြီး ဒါဖနာပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်ဆွေသင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဒေါ်ခင်နွဲ့နွဲ့ဦး (ခ) Sandra Oo
**အသက်(၆၅)နှစ်**
**(St.Philomena's ကျောင်းသူဟောင်း)**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ခေမာလမ်း၊ အမှတ်(၂၉)နေ [ဗိုလ်မှူးခင်မောင်ဦး (ညွှန်ကြားရေးမှူး-ငြိမ်း၊ စက်မှု-၁၊ ဝန်ကြီးဌာန)]-ဒေါ်ကြူကြူမေတို့၏ သမီးငယ်၊ [ဦးခင်မောင်ကြီး-ဒေါ်တင်တင်အေး (သိန်းကြီးပလပ်စတစ်လုပ်ငန်း)]တို့၏ သမီးချွေးမ၊ [ဦးခင်မောင်ချို(ခ)Micheal Gyi (သိန်းကြီး ပလပ်စတစ်လုပ်ငန်း)]၏ ချစ်လှစွာသောဇနီး၊ သော်ထက်ချို၊ ဆုမီမီချို(ခ)Ashley Cho (Canal +)တို့၏ ချစ်လှစွာသောကျေးဇူးရှင်မိခင်၊ ဦးအောင်ကျော်ဦး-ဒေါ်ခင်ကြည်ရွှေ၊ (ဦးဖေဇော်ဦး)-ဒေါ်နွဲ့နွဲ့ဦး၊ [ဒေါ်ခင်မမဦး(ခ)Patricia Oo]တို့၏ ညီမ၊ (ဦးဆန်းမင်းဦး)-ဒေါ် မြင့်ဝင်း၊ ဦးထွန်းထွန်းဦး-ဒေါ်မြတ်မြတ်သူတို့၏အစ်မ ဒေါ်ခင်နွဲ့နွဲ့ဦး(ခ)Sandra Oo သည် ၁၇-၁၀-၂၀၁၉ (ကြာသပတေးနေ့) ညနေ ၄:၁၇ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၁၀-၂၀၁၉ (စနေနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်၌ သဂြိုဟ်ပြီးစီးပါ ကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၃-၁၀-၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

# အနိစ္စ

## ဒေါ်အေးရီ (ကြည့်မြင်တိုင်)
**အသက်(၇၃)နှစ်**

ရန်ကုန်မြို့၊ကြည့်မြင်တိုင်မြို့နယ်၊ ဈေးကြီးရပ်ကွက်နေ (ဦးကိုကြီး-ဒေါ်အမာပု)တို့၏ သမီးကြီး၊ ဦးမြဟန်၏ ဇနီး၊ ဦးသန်းမြင့်-ဒေါ်ချိုမာသန်း၊ ဦးစောဝင်း-ဒေါ်စမ်းစမ်းယဉ်၊ ဦးငွေအောင်-ဒေါ်ချိုချိုအောင်၊ (ဦးဝင်းရှိန်)-ဒေါ်ခင်မြင့်ချို၊ ဦးသန်းထွန်းတို့၏အစ်မကြီး၊မြောက်ဥက္ကလာပမြို့နယ်၊ (ည)ရပ်ကွက်၊ ရော(၁၆)လမ်း၊ အမှတ်(၇၅၃)နေ ဦးစကျော်ကျော်-ဒေါ်သင်းသင်းဟန်၊ (မောင်သန်းကိုကို)တို့၏ မိခင်၊ မောင်ဖြိုးဟိန်းကျော်၏အဘွား ဒေါ်အေးရီသည် ၂၀-၁၀-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၈:၃၀ နာရီတွင် မြောက်ဥက္ကလာပ ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၂-၁၀-၂၀၁၉ (အင်္ဂါနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဦးဘိုဝိုင်း(ခ)ဦးဗိုလ်ဝင်း
**အသက်(၆၀)**
**ငွေဝိုင်း(ခ)ဗိုလ်ဝင်း**
**(လက်ဖက်ရည်ဆိုင်)**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ စက်ဆန်းရပ်ကွက်၊ အထက်ပုဇွန်တောင်လမ်းနေ (ဦးပေါ်ရင်)-ဒေါ်ခင်ညွန့်တို့၏ သား၊ [ဒေါ်ခင်မေဦး(ခ) ဒေါ်ဖြူ]၏ ချစ်လှစွာသောခင်ပွန်း၊ [ကိုအောင်မျိုးကျော် (ခ) ကိုသြကြီး]-မမျိုးမျိုးဦး၊ မောင်နောင်နောင်အောင်-မသန့်ရွှေရည်လင်းတို့၏ ဖခင်၊ မသန္တာဝင်း၏ အဘိုးသည် ၁၉-၁၀-၂၀၁၉ (စနေနေ့) ည ၈:၁၃ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၁၀-၂၀၁၉ (တနင်္လာနေ့)ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၅-၁၀-၂၀၁၉ (သောကြာနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## မမေသဇင်အောင် (အလုံ)
**အသက်(၃၆)နှစ်**
**စီမံကိန်း-မန်နေဂျာ (ခံစားကြည့်)**
**BBC- Media Action**

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ စောရန်ပိုင်အနောက်ရပ်ကွက်၊ စံပယ်လမ်း၊ အမှတ်(၂၃)နေ ဦးလှဝင်း(ခ) ဦးအောင်ဝင်း-ဒေါ်ဝင်းကြည်တို့၏ သမီး၊ ဦးလင်းထက်အောင်-ဒေါ်သီတာစိုးတို့၏ ညီမ၊ မောင်အောင်လင်းဟိန်း၊ မောင်သူရဟိန်းထက် (အထက-၄၊ အလုံ)တို့၏ အဒေါ်၊ လှိုင်သာယာမြို့နယ်နေ ဦးမောင်မြင့်-ဒေါ်ညိုညိုဝင်းတို့၏ တူမ၊ ဦးမင်းသွင်-ဒေါ်နီနီရှိန်တို့၏ သမီးချွေးမ၊ ကိုရဲမင်းသွင်၏ ချစ်လှစွာသောဇနီး မမေသဇင်အောင်သည် ၁၇-၁၀-၂၀၁၉ (ကြာသပတေးနေ့) မွန်းလွဲ ၂:၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၁၀-၂၀၁၉ (ဗုဒ္ဓဟူးနေ့) ညနေ ၃ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂:၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၃-၁၀-၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက် ၆ နာရီမှ ၁၀ နာရီအထိ အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ဘဝနတ်ထံ ပျံလွန်တော်မူခြင်း
**မကွေးတိုင်းဒေသကြီး၊ ဆင်ဖြူကျွန်းမြို့၊ ကုက္ကိုတန်းရွာ မြတောင်တောရကျောင်းတိုက်၊ ပဓာန နာယကဆရာတော် အရှည်ဝါသီတောရဆရာတော်ကြီး**
## ဘဒ္ဒန္တဝိစိတ္တသာရ
**သိက္ခာတော် (၆၃)ဝါ၊ သက်တော် (၈၃)နှစ်**

မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ်၊ ဆင်ဖြူကျွန်းမြို့၊ ကျပင်းအုပ်စု၊ ကုက္ကိုတန်းကျေးရွာ၊ မြတောင်တောရကျောင်းတိုက် ပဓာနနာယကဆရာတော်အရှည်ဝါသီတောရဆရာတော်ကြီး ဘဒ္ဒန္တဝိစိတ္တသာရ မထေရ်မြတ်သည် (၁၃၈၁ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၄ ရက်) ၁၇-၁၀-၂၀၁၉(ကြာသပတေးနေ့) နံနက်တွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၈၁ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၃ ရက်) ၂၆-၁၀-၂၀၁၉ (စနေနေ့) မွန်းလွဲ ၂ နာရီတွင် အန္တိမအဂ္ဂိဈာပန ဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆရာတော်ကြီး၏ တပည့်သံဃာ၊ ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ဈာပနပွဲကျင်းပရေးကော်မတီ

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်၊ တန်ဆောင်း ဒါယိကာမကြီး
## ဒေါ်ခင်မြင့် (ရန်ကင်း)
**အသက် (၉၅)နှစ်**
**ကန်တော့ခံ ရာသက်ပန်အသင်းဝင်**
**ပျဉ်းမနားမြို့နယ် အသင်း (ရန်ကုန်)**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ရန်နိုင်လမ်းသွယ် (၄)၊ တိုက် (၂၁၃)၊ အခန်း(၁၅)နေ မင်းတိုင်ပင်အမတ် ဖျိုးအင်း (ဦးဘသော်-ဒေါ်ဖွားခင်)တို့၏ သမီး၊ အောင်ချမ်းသာ ဆန်စက်ပိုင်ရှင် (ဦးမောင်ကို-ဒေါ်ငွေရင်)တို့၏ သမီးချွေးမ၊ (ဦးစိုးမြင့်)၏ ဇနီး၊ ဦးဇော်တင် (လ၊ထ၊ဌာနမှူး-ငြိမ်း၊ ရန်ကုန်စည်ပင်)-ဒေါ်ခင်သစ်မေ (ဦးစီးအရာရှိ-ငြိမ်း၊ သမဦးစီး)၊ [ဦးအောင်ဆွေ (E/O)]-ဒေါက်တာခိုင်ချိုမြင့် (ရန်ကုန်အလုပ်သမားဆေးရုံအုပ်ကြီး၊ ငြိမ်း)၊ ဒေါက်တာဒေါ်ခင်မလေး(မေ့ဆေးဆရာဝန်ကြီး-ငြိမ်း)တို့၏ ချစ်လှစွာသော ကျေးဇူးရှင်မွေးသမိခင်၊ (ဗိုလ်မှူးကြီး လှဖေ)-ဒေါ်ခင်ရီ၊ (ဦးကျော်သိန်း)-ဒေါ်ခင်ခင်၊ (အရာခံဗိုလ် ကျော်မြင့်-ဒေါ်တင်ရီ)တို့၏ အစ်မ၊ တူ/တူမ ရှစ်ယောက်တို့၏ အဒေါ်၊ ဦးဝဏ္ဏဝင်း-ဒေါ်မေဇော်ဦး (ခေတ္တ-စင်ကာပူ)၊ ဦးကောင်းမြတ်ခိုင်-မပန်းငြိမ်းဖြူတို့၏ အဘွား၊ Henry Win Mary Khine ၏ ဘွားဘွားကြီး ဒေါ်ခင်မြင့်သည် ၁၉-၁၀-၂၀၁၉ ရက် ည ၈:၃၅ နာရီတွင် ရန်ကုန်ဆေးရုံသစ်ကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၁၀-၂၀၁၉ ရက် ညနေ ၅ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။ (ရန်ကင်းနေအိမ်မှ ကားများ ညနေ ၃ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၅-၁၀-၂၀၁၉ ရက် နံနက် ၇ နာရီမှ၁၁ နာရီအထိအထက်ပါနေအိမ်သို့ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဒေါ်အေးခိုင်မိုး(ခ)Smt Shardha Shukla
**B.A (Geography)**
**အသက် (၄၈)နှစ်**

ရန်ကုန်မြို့၊ အမှတ် (၁၀၂)၊ (၅၂) လမ်း၊ ပုဇွန်တောင်မြို့နယ်နေ [ဦးဘီဒတ်(စ်)(ခ)Shri Bhagawan Dass Shukla ji)]-ဒေါ်သီတာဒေဝီ(ခ) Smt Sita Devi Shukla ၏ သမီးချွေးမ၊ ဦးမောင်မောင်(ခ) Ravi shukla ၏ ဇနီး၊ မောင်မင်းသုကျော်(ခ) Umang Shukla ၏ မွေးသမိခင်၊ အမှတ် (၃၅၆)၊ မဟာဗန္ဓုလလမ်း၊ ကျောက်တံတားမြို့နယ်၊ (၇)ရပ်ကွက်၊ ဒုတိယလွှာနေ (Shri Shamlal Tiwari ji)-Smt Rampati Tiwari ၏ သမီးကြီး၊ မောင်ငါးယောက်၊ ညီမလေးယောက်တို့၏ အစ်မသည် ၂၀-၁၀-၂၀၁၉ (တနင်္ဂနွေနေ့) ညနေ ၄:၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၁၀-၂၀၁၉ (တနင်္လာနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေး ဟိန္ဒူသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုး မိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ [လွှစ္စလမ်းနှင့် (၅၂)လမ်း နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။]

ကျန်ရစ်သူမိသားစု

---

## မောင်ကျော်ကျော်သန်း(ခ)စောကျော်
**(CDC No-72743)**
**S.R SHIPPING Co.,LTD**
**အသက်(၃၃)နှစ်**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၇၆)၊ ရွှေနှင်းဆီ(၁)လမ်း၊ (၅)ရပ်ကွက်နေ ဦးစောရွှေသန်း-ဒေါ်ပြုံး တို့၏ သား၊ ဦးသန်းလွင်ဦး (J.S.M Shipping Co., Ltd.)-ဒေါ်ရီရီသန်း၊ (ကိုပါကြီး)၊ မဖြူဖြူသန်း (မြန်မာ့စီးပွားရေးဘဏ်၊ ကမာရွတ်ဘဏ်ခွဲ)၊ ဦးစောစန်းရဲနောင်(Mariner Co.,LTD.)-ဒေါ်အိနန္ဒာမွန်တို့၏ ညီ/မောင်၊ အောင်သန်းလွင်၊ အောင်မင်းလွင်၊ စောခန့်တည်ကြည်တို့၏ ချစ်လှစွာသောဦးလေး မောင်ကျော်ကျော်သန်းသည် ၂၀-၁၀-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၃:၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၁၀-၂၀၁၉ (အင်္ဂါနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁:၄၅ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၆-၁၀-၂၀၁၉ (စနေနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ဘဝနတ်ထံပျံလွန်တော်မူခြင်း
**နိုင်ငံတော်သြဝါဒါစရိယ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက**
## ဘဒ္ဒန္တစန္ဒဝံသ မဟာထေရ်
**သိက္ခာတော်(၆၆)ဝါ၊ သက်တော်(၈၆)နှစ်**

နတ်မောက်မြို့၊ ဒီပင်္ကရာကျောင်းတိုက်နှင့် မြို့သစ်မြို့၊ ဈေးဝင်းမင်းကျောင်းတိုက်တို့၏ ပဓာနမဟာနာယက နိုင်ငံတော်သြဝါဒါစရိယ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက သိက္ခာတော်(၆၆)ဝါ၊ သက်တော်(၈၆)နှစ် ဘဒ္ဒန္တစန္ဒဝံသ မဟာထေရ်သည် (၁၃၈၁ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၆ ရက်) ၁၉-၁၀-၂၀၁၉ (စနေ နေ့) နံနက် ၅:၃၅ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် (၁၃၈၁ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၆ ရက်) ၁၇-၁၁-၂၀၁၉ (တနင်္ဂနွေနေ့)တွင် အန္တိမအဂ္ဂိဈာပန သာခုကီဠနပူဇာသဘင် ဆင်ယင်ကျင်းပပူဇော်မည်ဖြစ်ပါကြောင်း တပည့်ရဟန်းရှင်လူ ပြည်သူအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

တပည့်သံဃာတော်များနှင့်
ဒါယကာ/ဒါယိကာမများ
ဒီပင်္ကရာကျောင်းတိုက်
နတ်မောက်မြို့

---

ရဟန်း၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်လှ (ကျောင်းကုန်း၊ တောင်ငူ)
**အသက် (၉၃)နှစ်**

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ (ဆ/က)ရပ်ကွက်၊ သမာဓိ (၃)လမ်း၊ အမှတ်(၂၄)နေ (ဦးစစ်ဟန်)၏ဇနီး၊ ဦးစိန်ထွန်း-ဒေါ်အေးမြင့်ဟန်၊ဦးလှမြင့်-ဒေါ်လီအောင်မင်း၊ ဦးတင်ညွန့်-(ဒေါ်ရီရီစိန်)၊ ဦးဇင်ဘို-ဒေါ်စန်းမြင့်၊ ဦးသောင်းညွန့်-ဒေါ်တင်တင်လှ၊ ဒေါ်ထားထားမြင့်၊ ဦးကျော်စိုး-ဒေါ်အေးအေးဝင်း၊ ဥူးဇနိန္ဒာစာရ (ဖားအောက်ရိပ်သာခွဲ၊ ကျုံဖိုက်)၊ ဦးကျော်စိုးအောင်-ဒေါ်တင်မမ၊ ဦးတင်မောင်ထွေး(လ/ထ ညွှန်မှူး၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာန၊ တောင်ငူခရိုင်)-ဒေါ်နီနီထွေးတို့၏ မိခင်၊ မြေး ၂၂ ယောက်၊ မြစ်ရှစ်ယောက်တို့၏ အဘွားသည် ၂၀-၁၀-၂၀၁၉ (တနင်္ဂနွေနေ့) မွန်းလွဲ ၁၂:၄၀ နာရီတွင် O.S.C ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၂-၁၀-၂၀၁၉ (အင်္ဂါနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေး တိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၆-၁၀-၂၀၁၉ (စနေနေ့) နံနက် ၇နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရား ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးခင်မောင်မြ
**အထက-၂၊ ဗိုလ်တထောင်(ငြိမ်း)**
**အသက်(၇၂)နှစ်**
**ကန်တော်ကလေး**

ရန်ကုန်မြို့၊ အမှတ်(၁၂၈)၊ (၉၄)လမ်း၊ ကန်/ရှေ့ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေ (ဦးစံဘ-ဒေါ်ခင်ကြည်)တို့၏ တူ/သား၊ (ဦးတင်လှ-ဒေါ်ဆွေ)တို့၏ သား၊ (ဦးဝင်းမောင်)၊ ဦးကိုကိုကြီး-ဒေါ်လှလှဝင်း၊ ဒေါ်မြမြမူ၊ ဒေါ်စန်းစန်းကြည်၊ (ဦးစိုးမြင့်)၊ ဦးခင်မောင်ထွန်း၊ (ဦးသက်နိုင်)၊ ဦးပြုံးနိုင်(ခ) မိညို တို့၏ အစ်ကို၊ (ဦးသန်းအုံ)-ဒေါ်ခင်လေးနွယ်တို့၏ မောင်၊ ဦးမြင့်ရှိန်-(ဒေါ်မြမြနွယ်)၊ (ဦးအောင်ကြည်)-ဒေါ်ခင်စန်းဝင်း (ဆောက်လုပ်ရေး၊ ရမည်းသင်း)၊ ဒေါ်ခင်မြလွင်၊ (ဦးဝင်းနောင်ဖေ)-ဒေါ်ခင်မာချို၊ ဦးငွေးကို-ဒေါ်တင်တင်မာ၊ ဒေါ်နီနီအောင် (ရန်ကုန်နည်းပညာတက္ကသိုလ်)တို့၏ အစ်ကိုသည် ၂၀-၁၀-၂၀၁၉ ရက် မွန်းလွဲ ၁၂:၂၅ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၂-၁၀-၂၀၁၉ ရက် မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှ ကားများ နံနက် ၁၀:၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဦးနေဝင်း(နေဝင်းမျက်မှန်)
**အသက် (၆၃)နှစ်**

ကမာရွတ်မြို့နယ်၊ ဗဟိုလမ်း၊ အမှတ် (၂၀၂)၊ မြေညီနေ (ဦးဝှက်-ဒေါ်ကျင်ရှိန်)တို့၏သား၊ ဦးလှထွန်း-(ဒေါ်စန်းမြင့်)တို့၏ သားသမက်၊ ဦးသန့်ဇင်ဦး-ဒေါ်ဆုစန္ဒီထွဋ် (Perfect မျက်မှန်နှင့် စီစီတီဗွီ)၊ ဦးကောင်းစည်သူ-ဒေါ်သိမ့်သဥ္ဇာထွဋ် (နေဝင်းမျက်မှန်-လှိုင်)၊ မအိမ့်အင်ကြင်းပြည့် (နေဝင်းမျက်မှန်-ဗဟို)တို့၏ ဖခင်၊ မောင်အံ့ဘုန်းကျော်၊ မောင်သွင်လင်းဟန်တို့၏အဘိုး၊ (ဒေါ်အေးအေးသန်း)၏ ခင်ပွန်းသည် ၂၀-၁၀-၂၀၁၉ (တနင်္ဂနွေနေ့) ညနေ ၅ နာရီတွင် ကွယ်လွန်သွား ပါသဖြင့် ၂၂-၁၀-၂၀၁၉ (အင်္ဂါနေ့) တွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်ဆွေသင်္ဂဟအပေါင်းအား အသိပေး အကြောင်းကြားအပ်ပါသည်။ (သဂြိုဟ်မည့် အချိန်ကို ထပ်မံကြေညာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၆-၁၀-၂၀၁၉ (စနေနေ့) နံနက် ၇ နာရီမှ မွန်းတည့် ၁၂ နာရီအထိ အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ခရစ်တော်၌ အိပ်ပျော်ခြင်း
## ဦးတင်မောင်ကျော် (MBCU)
**အသက်(၆၂)နှစ်**

ရန်ကုန်မြို့၊ အမှတ်(၅၆)၊ စံပွါယ်ရုံလမ်း၊ ရွာမအရှေ့ရပ်ကွက်၊ အင်းစိန်မြို့နယ်နေ (ဦးကျော်ညွန့်)-ဒေါ်ရှသ်ဘစိန်တို့၏ သားကြီး၊ (ဦးကျော်ဝင်း-ဒေါ်ခင်မေဇ)တို့၏ သားသမက်၊ (ဦးတိုးတိုးငြိမ်း)-ဒေါက်တာရီရီစန်းတို့၏ မောင်၊ ဦးသာကျော်-ဒေါ်မေလေး၊ (ဦးကျော်ထွဋ်မောင်)-ဒေါ် ခိုင်ခိုင်ကျော်တို့၏ အစ်ကို၊ မသီရိတင်မောင်ကျော်-ကိုသော်ဇင်ထက်၊ ကိုလျှမ်းထက်ကျော်တို့၏ ချစ်လှစွာသောဖခင်၊ မပြည့်ဘုဏ်းမြတ်၊ မနန်းဇရောဇင်ထက်တို့၏ ချစ်လှစွာသောအဘိုး၊ ဒေါ်သန်းသန်းဝင်း (အမက-၃၊ အင်းစိန်)၏ ချစ်လှစွာသောခင်ပွန်းသည် ၁၉-၁၀-၂၀၁၉ ရက် ည ၁၀ နာရီတွင် ကွယ်ကဘောဆေးရုံ၌ ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၁-၁၀-၂၀၁၉ (တနင်္လာနေ့) နံနက် ၁၁ နာရီတွင် အမှတ်(၁၃၆)၊ ဗဟိုလမ်း(မင်းကြီးလမ်း) တောင်သူကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရွာမနှစ်ခြင်းခရစ်ယာန်အသင်းတော်၌ ဝတ်ပြုကိုးကွယ်ပြီး ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီးနောက် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံ ဥယျာဉ်တော်၌ အရိုးပြာအား ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (ဘုရားကျောင်းမှ ကားများ နံနက် ၁၁:၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

# အင်ဒိုနီးရှားသမ္မတနိုင်ငံ အစိုးရသစ်ကျမ်းသစ္စာကျိန်ဆိုပွဲ အခမ်းအနားသို့ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တက်ရောက်





ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့် အာဆီယံနိုင်ငံများ၊ အာဆီယံနှင့် မိတ်ဖက်နိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများ အင်ဒိုနီးရှားသမ္မတနိုင်ငံ အစိုးရသစ်ကျမ်းသစ္စာကျိန်ဆိုပွဲ အခမ်းအနားသို့ တက်ရောက်စဉ်နှင့် အင်ဒိုနီးရှားသမ္မတနိုင်ငံသမ္မတ မစ္စတာ ဂျိုကိုဝီဒိုဒို မိန့်ခွန်းပြောကြားစဉ်။

**ဂျကာတာ အောက်တိုဘာ ၂၀**

အင်ဒိုနီးရှားသမ္မတနိုင်ငံ ဂျကာတာမြို့တွင် ရောက်ရှိနေသည့် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ယနေ့မွန်းလွဲ ၃ နာရီခွဲတွင် ဂျကာတာမြို့ရှိ ပြည်သူ့အတိုင်ပင်ခံလွှတ်တော်၌ ကျင်းပသည့် အင်ဒိုနီးရှားသမ္မတနိုင်ငံ အစိုးရသစ်ကျမ်းသစ္စာကျိန်ဆိုပွဲ အခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် အင်ဒိုနီးရှားသမ္မတနိုင်ငံသမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံရသည့် သမ္မတ မစ္စတာ ဂျိုကိုဝီဒိုဒိုနှင့် ဒုတိယသမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံရသည့် ဒုတိယသမ္မတ မစ္စတာ မာရုဖ်အာမင်တို့က အင်ဒိုနီးရှားနိုင်ငံပြည်သူ့အတိုင်ပင်ခံလွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ ရှေ့မှောက်၌ ကျမ်းသစ္စာကျိန်ဆိုကြသည်။

ထို့နောက် အင်ဒိုနီးရှားသမ္မတနိုင်ငံသမ္မတ မစ္စတာ ဂျိုကိုဝီဒိုဒိုက မိန့်ခွန်းပြောကြားသည်။

ယင်းနောက် အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ မစ္စတာ ဂျိုကိုဝီဒိုဒိုနှင့် ဒုတိယသမ္မတ မစ္စတာ မာရုဖ်အာမင်တို့အား ကျမ်းသစ္စာကျိန်ဆိုပွဲသို့ တက်ရောက်လာကြသည့် အာဆီယံနိုင်ငံများမှ **စာမျက်နှာ ၅ ကော်လံ ၁ သို့ ✪**

## International Series ကြက်တောင်ပြိုင်ပွဲ သက်ထားသူဇာ ချန်ပီယံဆုကာကွယ်ပြီး (၇) ကြိမ်မြောက်ချန်ပီယံဆုရယူ



**ရန်ကုန် အောက်တိုဘာ ၂၀**

အီဂျစ်နိုင်ငံ၌ကျင်းပသည့် International Series ကြက်တောင်ပြိုင်ပွဲ ဗိုလ်လုပွဲကို ယနေ့ညနေပိုင်းက ပြုလုပ်ရာ မြန်မာကြက်တောင်အားကစားမယ် ချန်ပီယံဆုရယူနိုင်ခဲ့သည်။

**ချန်ပီယံဆုကာကွယ်နိုင်ခဲ့**

ဗိုလ်လုပွဲတွင် မြန်မာကြက်တောင်အားကစားမယ် သက်ထားသူဇာသည် ဝေးလ်စ်ကစားသမား ဂျော်ဒန်ဟတ်ကို အနိုင်ယူပြီး ချန်ပီယံဆုကာကွယ်နိုင်ခဲ့ခြင်းဖြစ်သည်။ သက်ထားသူဇာသည် ကစားသမားဘဝ ပထမဆုံးရယူနိုင်ခဲ့သည့် ချန်ပီယံဆုကို ကာကွယ်နိုင်ရန်ကြိုးပမ်းခဲ့ပြီး အကောင်းဆုံးလက်စွမ်းပြသနိုင်ခဲ့သည်။

သက်ထားသူဇာသည် ယခုပြိုင်ပွဲတွင် ပထမအဆင့်၌ အိမ်ရှင်အီဂျစ်ကစားသမား ဂျာနာကို ၂၁-၄ မှတ်၊ ၂၁-၇ မှတ်ဖြင့် နှစ်ပွဲပြတ်၊ ဒုတိယအဆင့်တွင် အိန္ဒိယကစားသမား ရီတီကာသာကာကို ၂၁-၁၇ မှတ်၊ ၂၄-၂၂ မှတ်ဖြင့် နှစ်ပွဲပြတ်၊ ကွာတားဖိုင်နယ်တွင် **စာမျက်နှာ ၉ ကော်လံ ၁ သို့ ❖**

## ကြေးမုံ ယနေ့ ဖတ်စရာ


ဆီးရီးယားအရေးတွင် ရုရှားသမ္မတ ပူတင် ကြားဝင်စေ့စပ်ပေးရန် တူရကီသမ္မတ အာဒိုဂန်လိုလား

စာမျက်နှာ » ၁၂

ဘိုးရင်း ၇၃၇ အမ်အေအိတ်စ်လေယာဉ်များ ပျံသန်းမှုစတင်ရန် ကုမ္ပဏီက ဆန္ဒရှိ ခရီးသွားများအနေဖြင့် ယင်းလေယာဉ်များအပေါ် စိုးရိမ်မှုများရှိနေ

စာမျက်နှာ » ၁၃



